www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# မြန်မာပန်းချီ ရေစီးကြောင်း

ပန်းချီလှတင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ



## ပထမဆု

## "မြန်မာပန်းချီ ရေစီးကြောင်း"

**ရေးသူ- ပန်းချီလှတင်ထွန်း**

၁၉၃၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်တွင် ပေါင်မြို့နယ် ကံ့ကော်ခြံရွာတွင် မွေးဖွားသည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ပန်းချီအပိုဘာသာဖြင့် အောင်မြင်ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၆၉ တွင် မဟာဝိဇ္ဇာအရည်အချင်းစစ်တန်းအောင်မြင်သည်။

၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မန္တလေး ဆေးတက္ကသိုလ်၊ မန္တလေး စိုက်ပျိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ လုပ်သားများ ကောလိပ်တို့တွင် မြန်မာစာဌာန နည်းပြအဖြစ် အမှုထမ်းခဲ့သည်။

၁၉၇၂ မှ ၁၉၇၄ ခုနှစ်အထိ ပြင်သစ်နိုင်ငံ ပါရီအမျိုးသား အဆင့်မြင့် ပန်းချီသိပ္ပံတွင် ပန်းချီပညာဆည်းပူးသည်။ ၁၉၈၄-၈၅ ခုနှစ်တွင် ယင်းပန်းချီ သိပ္ပံတွင် ဒုတိယအကြိမ် ဆည်းပူးခွင့်ရသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ပညာရေးတက္ကသိုလ်တွင် ပန်းချီကထိက ၁၉၈၃ မှ ၁၉၈၅ ခုနှစ် အထိ ရန်ကုန် ပန်းချီ ပန်းပုကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၈၅ မှ ၁၉၉၉ ခုနှစ် အထိ အနုပညာဦးစီးဌာနတွင် ပန်းချီသုတေသနအရာရှိ၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၆၄ ခုနှစ်မှစ၍ လူထုသတင်းစာ၊ ကြေးမုံ၊ မြန်မာ့အလင်း၊ ဒို့ကျောင်းသားစာစောင်၊ ပန်၊ ရှုမဝ၊ ငွေတာရီ၊ ဖြူနီညိုပြာ၊ သောင်းပြောင်း ထွေလာတို့တွင် ပန်းချီရေးရာ ဆောင်းပါးများ ရေးသားခဲ့သည်။ 'ပန်' မဂ္ဂဇင်းနှင့် 'လှုပ' စာစောင် တို့တွင် အယ်ဒီတာချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ အခြား ကလောင်ခွဲမှာ " ဝင်းပ " ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် 'ပါရီပန်းချီခရီးသည်' စာအုပ်ထုတ်ဝေခဲ့သည်။

၁၉၉၂-ယနေ့ထိ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) တွင် အတွင်းရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေး[illegible]န်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပန်းချီရေစီးကြောင်း

## နိဒါန်း

ဦးစွာ မြန်မာပန်းချီရေစီးကြောင်း ဆိုသည့်အဓိပ္ပါယ်နှင့် အကျယ်အဝန်းကို ရှင်းလင်းတင်ပြလိုပါသည်။ ဤစာအုပ်တွင် ၁၁ ရာစုမှ ၁၉ ရာစုအတွင်း ထွန်းကားခဲ့သော မြန်မာပန်းချီ ဆင့်ကဲဖြစ်စဉ်ကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

သမိုင်းမတင်မီခေတ် ရှေးပဝေသဏီကပင် စတင်ခဲ့သော ပန်းချီအနုပညာ အကြောင်းပြောရမည်ဆိုလျှင် ကျယ်ဝန်းနက်ရှိုင်းလွန်းလှပါသည်။ လူ့သမိုင်းတလျှောက်တွင် ကြမ်းတမ်းသော ဘဝ၌ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှုတို့ကို လုံးပန်းရင်း လူသားများ ပထမဦးဆုံး ဖန်တီးလိုက်သော အနုပညာသည် ပန်းချီပညာပင် ဖြစ်သည်ဟု ဆိုပါသည်။

ယခုအခါ သမိုင်းသက်ရှည်လှပြီဖြစ်သော ယင်းပန်းချီ အနုပညာဘာသာရပ်ကို သုတေသီများစူးစိုက်ရှာဖွေအားထုတ်မှု

www.burmeseclassic.com

www.burmeseclassic.com



သာခွဲဝေပိုင်းကန့်၍ နံရံပန်းချီများကိုသာ ဦးစားပေးဖော်ပြ လေ့လာတင်ပြသွားရန် ရည်ရွယ်ပါသည်။

ဤနေရာ၌ မြန်မာပန်းချီဆိုသော အသုံးအနှုန်းကိုလည်း ရှင်းလင်းလိုပါသည်။ မြန်မာပန်းချီဆိုသည်မှာ ယခုခေတ် မျက်မြင် အသုံးပြုနေကြသော ပန်းချီပညာကို ဆိုလိုရင်း မဟုတ်ပါ။ ယနေ့ မျက်မှောက်ခေတ် အသုံးများကြသော ပန်းချီပညာသည် ပန်းချီဆရာများကသာ မြန်မာလူမျိုးများဖြစ်၍ ပန်းချီအတတ်ပညာနည်းစနစ်ကား အနောက်နိုင်ငံအတတ် ပညာနည်းစနစ်များ ဖြစ်လေသည်။

ဤစာတမ်းခေါင်းစဉ်ပါ မြန်မာပန်းချီဆိုသည်မှာ ရှေးမြန်မာတို့ အရိုးအစဉ်သုံးခဲ့သော ရိုးရာပန်းချီပညာကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ပန်းချီအနုပညာလောကတွင် မြန်မာပန်းချီကို လူသိနည်းပါသည်။ အနုပညာကို လိုက်စားသော သုတေသီ ပညာရှင်အချို့ပင် စာအုပ်အချို့တွင် တစ်စွန်းတစ်စပါဖူးသော ပုဂံပန်းချီအကြောင်းလောက်ကိုသာ သိကြပါသည်။ မြန်မာပန်းချီ နှင့်ပတ်သက်၍ ဂယနဏ တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေသော ပန်းချီစာအုပ်စာတမ်းမျိုး ရှားပါးသောကြောင့် ဖြစ်ပါသည်။ ယခုအခါ ဟာန်းဗတ်တက္ကသိုလ်မှ ထိုင်း၊ မြန်မာ၊ အင်ဒိုချိုင်းနား ဌာနညွှန်ကြားရေးမှူး ပါမောက္ခကလော့စ်ဝင့်နှင့် ပါမောက္ခဦးတင်လွင် ရေးသား

www.burmeseclassic.com



သော 'မြန်မာနိုင်ငံ နံရံဆေးရေးပန်းချီ' (၁၈ ရာစုနှောင်းပုဂံပန်းချီ)[၁] ဟူသော စာအုပ်နှင့် ဂျပန် ပါမောက္ခ အိုနိုတိုရုရေးသားသော "မြန်မာနိုင်ငံ ဂူဘုရားများ အတွင်းရှိ နံရံပန်းချီများ"[၂] အမည်ရှိ စာအုပ်ကြီး နှစ်အုပ်ထုတ်ဝေ ပြီးဖြစ်ပါသည်။

အမှန်စင်စစ် မြန်မာလူမျိုးများပင် မြန်မာပန်းချီနှင့်စိမ်းနေကြောင်းတွေ့ရပါသည်။ အနောက်ဥရောပ ပန်းချီစနစ်သည် မြန်မာပန်းချီကို တစ်စတစ်စ ဝါးမျိုသွားခဲ့ရာ မြန်မာပန်းချီဆရာများပင် မြန်မာပန်းချီနှင့် အိုးစားကွဲခဲ့ကြ၍ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပန်းချီ ပြန်လည်ဆန်းသစ်ရေးနှင့် မြန်မာပန်းချီကို ပြန်လည်ဖော်ထုတ်ရေးလုပ်ငန်းများကို မြန်မာပန်းချီ မြတ်နိုးသူများက အခါအားလျော်စွာ ဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်မြို့တွင် ၁၉၅၁ ခုနှစ်၊ မေ ၂ ရက်မှ ၉ ရက်နေ့ အထိ မြန်မာရိုးရာပန်းချီပြပွဲတစ်ပွဲ ကျင်းပခဲ့ဖူးပါသည်။ မြန်မာပြည် ပန်းချီဗဟိုကော်မတီကြီးမှူး၍ ပုဂံပန်းချီကို အခန်းငယ် (၈) ခန်းခွဲ၍ပြသခဲ့ပါသည်။

ပထမကဏ္ဍ၌ ဗုဒ္ဓဘုရားသခင်၏ ဖြစ်တော်ပေါင်းကို ပြပါသည်။ ဒုတိယကဏ္ဍ၌ ဘုရားဖူးများ၊ တတိယကဏ္ဍ၌ မဟာယနဂိုဏ်းသားတို့၏ ဗောဓိသတ်လောင်းလျာပုံများ၊ စတုတ္ထကဏ္ဍ၌ တန္တရဂိုဏ်းဆိုင်ရာ ဗောဓိသတ်ပုံများ၊ ပဉ္စမကဏ္ဍ၌ မြဟ္မဏ

---

၁။ Wenk,Klans -Mural in Burma Vol; I Painting From Bagan of The Late Period 18th Century Zurich 1977

၂။ OHNO TORU -Mural Painting of the Buddhist Temple, Burma, Japan 1978

www.burmeseclassic.com

www.burmeseclassic.com



ဘာသာဆိုင်ရာ နတ်ရုပ်များ၊ ဆဋ္ဌမကဏ္ဍ၌ ကနုတ်ပန်းများ၊ သတ္တမကဏ္ဍ၌ ပုဂံခေတ်ဆိုင်ရာ အထွေထွေ ပုံများ၊ အဋ္ဌမကဏ္ဍ၌ အမရပူရ မန္တလေးခေတ်ကို ကိုယ်စားပြုသော ပန်းချီလက်ရာများ ဟူ၍ ခွဲခြားပြသခဲ့ပါသည်။

ထို့နောက် ၁၉၆၆ ခုနှစ်တွင် အင်ဖွိုင်းခန်းမ၌ ရှေးရိုးမြန်မာ ပန်းချီပြပွဲတစ်ပွဲ ကျင်းပခဲ့ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနက ကူးယူရရှိထားသော နံရံပန်းချီကား များကို ခင်းကျင်းပြသခဲ့ခြင်းဖြစ်လေသည်။

ဤသို့ အခါအားလျော်စွာ မြန်မာပန်းချီ ပြန်လည်ဆန်း သစ်ရေးကို ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင်မြန်မာပန်းချီသည် မှေးမှိန်လျက်ရှိနေပါသည်။ ယဉ်ကျေးမှုလုပ်ငန်းတွင် မြန်မာ့ ယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းပြီး မြန်မာ့ဟန် မြန်မာ့ ယဉ်ကျေးမှု အစစ်အမှန် ထွန်းကားရေးကို ရှေးရှုရန်ဟူသော အချက်တစ်ချက်ပါဝင်ပါသည်။ ယခုအခါ ဖွဲ့စည်းထားသော ရိုးရာ ပန်းပညာရှင်များအစည်းအရုံးသည် မြန်မာ့ရိုးရာ ပန်းပညာရပ် များကို ပြန်လည်ဖော်ထုတ်ရန် ပန်းပညာရှင်များကို စည်းရုံး ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။ တိမ်မြှုပ်လျက်ရှိသော မြန်မာ့ ပန်းအတတ်ပညာများကို ဖော်ထုတ်ရန် စိုင်းပြင်းနေပြီဖြစ်ရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့် အနုပညာဦးစီးဌာန၊ သုတေသနနှင့် လေ့ကျင့်ရေး ဌာနခွဲအောက်ရှိ ရန်ကုန် မန္တလေး ပန်းချီပန်းပု ကျောင်းများတွင်လည်း မြန်မာ့ရိုးရာ ပန်းချီပန်းပု ဘာသာရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပို့ချပေးလျက်ရှိပါသည်။ ပုဂံယွန်းသိပ္ပံ၌လည်း ရှေးရိုးအစဉ်အခြေခံ မြန်မာပန်းချီစနစ်နှင့် ယွန်းအတတ်ကို တွဲဖက်သင်ကြားပေးလျက်ရှိပါသည်။ ဤသို့ဖြင့် မြန်မာပန်းချီထိန်းသိမ်းဖော်ထုတ်ရေးလုပ်ငန်းသည် အသက်ဝင် လျက်ရှိနေပါပြီ။ မြန်မာများနှင့် စိမ်းနေသော ရိုးရာပန်းချီ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း အရှိန်အဟုန် **ဆတက်ထမ်းပိုး** တိုးပွားစေလိုသော ဆန္ဒရှိပါသည်။

ဤသို့သော စေတနာအရင်းခံဖြင့် မြန်မာပန်းချီရေစီးကြောင်းကို ကြိုးပမ်းပြုစုရခြင်းဖြစ်ပါသည်။

## ပန်းချီအစ

ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူတိုင်းစိတ်ကူးယဉ်တတ်ကြသည်။ တိရစ္ဆာန်များပင် စိတ်ကူးယဉ်တတ်လေသည်။ ကြောင်တစ်ကောင်အိပ်နေစဉ် နားရွက်နှင့်အမြီးများ လှုပ်နေတတ်သည်။ ခွေးများဟောင်ပြီး ဆွဲဆွဲငင်ငင် ညည်းညူ အူနေသည့်အခါမျိုးတွင် ရှဉ့်တစ်ကောင်ကို လိုက်ဖမ်းနေသည့် အလား၊ အချင်းချင်းတိုက်ခိုက်နေသည့်အလား၊ ခြေထောက်များကို လေထဲမြှောက်ထားပြီး ခုန်ပေါက်နေတတ်ပါသည်။ အမှောင်ထဲသို့ ငူငူစိုက်စိုက်ကြည့်နေသော ကြောင်ကလေး တစ်ကောင်၏ အမွေးများသည် ထိုးထိုးထောင်ထောင်ဖြစ်နေတတ်သည်။ လူသားများလည်း ထိတ်လန့်ကြောက်ရွံ့သည့် အခါ ကြက်သီးထ တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်ရခြင်းမှာ အတွေးစိတ်ကူးများက အလုပ်လုပ်ခြင်းကြောင့်ပင် ဖြစ်လေသည်[၁]။ လူသည် ဆင်ခြင်တုံတရား အရှိဆုံး သတ္တဝါဖြစ်သည်ဟု သဘာဝပညာရှင်များနှင့် ဒဿနိကပညာရှင်များက ဆိုပါသည်။

လူသားများကား အတွေးစိတ်ကူးရှိသည်။ အသိဉာဏ်ပိုသည်။ လူသည် သတ္တလောကတွင် အသိဉာဏ် အရှိဆုံးဖြစ်သည်။ အသိဉာဏ်ကို အသုံးပြုတတ်ဆုံးလည်း ဖြစ်ပါသည်။ မိမိ၏စိတ်ကူးကို အခြားတစ်ဦးအား ပြန်လည်ပြောနိုင်စွမ်းလည်း ရှိကြပါသည်။ ထိုသို့ မိမိ၏စိတ်ကူးစိတ်သန်းကို အခြားတစ်ဦးအား စကားနှင့် ပြန်ပြောပြသည့်အခါ ပုံပြင်တစ်ပုဒ် ဖြစ်လာသည်။ အကယ်၍ စကားနှင့် ပြန်ပြောမပြဘဲ ဂူနံရံပေါ်တွင် မီးသွေးခဲတစ်ခဲနှင့်ဖြစ်စေ၊ သို့မဟုတ် စက္ကူတစ်ရွက်ပေါ်တွင် ခဲတံတစ်ချောင်းနှင့်ဖြစ်စေ ရေးဆွဲပြမည်ဆိုပါလျှင် ပုံကားတစ်ချပ်ကို ဖန်တီးမိပြီဟု ဆိုနိုင်ပါသည်။

လူသားတို့၏ စိတ်ကူးစိတ်သန်းများမှတစ်ဆင့် ပုံကားတစ်ချပ်အဖြစ် အကောင်အထည်ပေါ်အောင် စတင်ဖန်တီးပေးနိုင်သော နည်းလမ်းအမျိုးမျိုးရှိနိုင်ပါသည်။

ကျွန်တော်တို့ နာမကျန်းဖြစ်၍ အိပ်ရာပေါ်တွင် ငြိမ်ငြိမ်သက်သက်အနားယူနေသည့်အခါမျိုးတွင် မျက်နှာကြက်ကို ငူးစူး

---

၁။ W.Janson And Dora Jane Janson. 'The Picture History of Painting' New York. 1961.

www.burmeseclassic.com

www.burmeseclassic.com



စိုက်စိုက်ကြည့်နေရင်း မျက်နှာကြက်ပေါ်က အက်ကြောင်းကလေး များကို ဆက်စပ်ကြည့်မိတတ်ကြပါသည်။ ထိုအခါ မျက်နှာကြက် ပေါ်က အက်ကြောင်းကလေးများသည် တိရစ္ဆာန်တစ်ကောင်နှင့် တူလာသလိုလို၊ သစ်ပင်တစ်ပင်နှင့် တူလာသလိုလို ခံစားမိတတ် ကြပါသည်။ ကျွန်တော်တို့၏ အတွေးစိတ်ကူးများသည် မျက်နှာ ကြက်ပေါ်တွင်မရှိသော ကောက်ကြောင်းများကို ဖြည့်စွက်ပြီး စိတ်ကူးနှင့်ဆက်စပ်ကြည့်မိခြင်း ဖြစ်ပါသည်။ သို့မဟုတ် စိတ်ကူးနှင့် ပုံဆွဲကြည့်ခြင်းပင် ဖြစ်လေသည်။

လူသားတို့သည် စိတ်ကူးဖြင့် ရေးဆွဲကြည့်မိရာမှ လက်တွေ့ ရုပ်ပုံ ရေးဆွဲမှုအတတ်ပညာကို ရှေးကမ္ဘာဦး ကျောက်ခေတ် အခါကတည်းကပင် တတ်မြောက်လာခဲ့ကြောင်း သမိုင်းအထောက် အထားမှတ်တမ်းများ အထင်အရှားရှိလေသည်။

ကမ္ဘာပေါ်တွင် စာရေးသားခြင်း အတတ်ပညာပေါ်သည် မှာ အနှစ် ၅၀၀၀ မျှသာရှိသေးသည်။ ကျောက်ခေတ် ဂူနေလူသား များရေးဆွဲသော ပန်းချီလက်ရာများသည် ထိုထက် နှစ်ပေါင်း ထောင်သောင်းများစွာစောပြီး ပေါ်ထွန်းခဲ့ပါသည်။ ကျောက်ခေတ် ပန်းချီသည် လူသားများ၏ အတွေးအခေါ်နှင့် အနုပညာ တီထွင်မှုကို ရှေးအကျဆုံး သက်သေပြနိုင်သော အထောက်အထား များပင်ဖြစ်သည်။ ထိုခေတ်လူသားများ၏ နေထိုင်စားသောက်ပုံကို အကဲခတ်နိုင်ပါသည်။ ထိုခေတ် လူသားများ၏ တွေးခေါ် ယုံကြည်မှု များနှင့် ပတ်သက်၍လည်း အကဲခတ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခေတ်ပန်းချီနှင့် ပတ်သက်၍အထင်အရှား တွေ့ရှိရသော နေရာနှစ်ခုမှာ စပိန်ပြည်မြောက်ပိုင်း "ဩလ်တမိရ"[၁] ကျောက်ဂူနှင့် ပြင်သစ်ပြည်တောင်ပိုင်း ဒေါ်ဒွန်း ချိုင့်ဝှမ်းဒေသရှိ "လာစကို"[၂] ကျောက်ဂူတို့ဖြစ်ကြပါသည်။ ပန်းချီသုတေသန ပညာရှင်များ မကြာခဏ အသားပေးဖော်ပြ ရေးသားရသော နေရာများဖြစ်သည်။ ကမ္ဘာ့အနုပညာအမွေ ကျောက်ခေတ်ပန်းချီ လက်ရာများစွာ တွေ့နိုင်သော နေရာများစွာ ကျန်ရှိနေပါသေးသည်။

၁၆၂၇ ခုနှစ်က ဆွီဒင်နိုင်ငံတွင် နော်ဝေနိုင်ငံသားကျောင်းဆရာတစ်ဦးဖြစ်သူ 'ပီဒါအယ်လ်(ဖ)ဆင်'[၃] ဆိုသူ စတင်ခဲ့သော ကျောက်ခေတ်ပန်းချီ သုတေသနလုပ်ငန်းများ တစ်စထက်တစ်စ တိုးပွားလာခဲ့ရာ သုတေသီများသာမက သာမန်လူများအထိ ကျောက်ခေတ်ပန်းချီကို စိတ်စားလာကြ ပါသည်။[၄]

ကျောက်ခေတ်ပန်းချီရှိရာ ဒေသသစ်များကိုလည်း အများအပြားတွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ကျောက်ခေတ်ပန်းချီလက်ရာ အထောက်အထားများ အများအပြား တွေ့ရှိသည့်အနက် အာဖရိက၊ အာရှ အမေရိက၊ ဆိုဗီယက်ပြည်ထောင်စု

---

၁။ Altermira

၂။ Lascaux

၃။ Peder Alfsson

၄။ World Journal of Prehistoric and Primitive Art.Italy. April. 1984

www.burmeseclassic.com

www.burmeseclassic.com



ဥရောပနိုင်ငံအသီးသီးနှင့် ဩစ တြေးလျတိုက်စသော နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ထူးခြားသော ကျောက်ခေတ်ပန်းချီလက်ရာများ တွေ့ရှိထားပြီးဖြစ်လေသည်[၁]။

ရှေးအကျဆုံးသော ကျောက်ခေတ်ပန်းချီလက်ရာ များကို လွန်ခဲ့သော အနှစ်လေးသောင်းကျော်က ရေးဆွဲခဲ့သည်ဟု ဆိုပါသည်။

ကမ္ဘာပေါ်တွင် လူသားဟူ၍ အဆင့်ဆင့် ဆင်းသက် ပေါ်ပေါက်ခဲ့သည်မှာကား နှစ်ပေါင်းတစ်သန်းကျော်ခန့်ရှိပြီဟု မနုဿဗေဒ ပညာရှင်တို့က ယူဆကြပါသည်။

လူ့သမိုင်းတွင် ဆင့်ကဲဖြစ်စဉ်တိုးတက်မှုအရ အသိဉာဏ်အတန်အသင့်ရရှိလာသောအခါ ကြမ်းတမ်းသော ဘဝ၌ စားမှုသောက်မှု နေမှုထိုင်မှုတို့ကို လုံးပမ်းရင်း ပထမဆုံး လူသားများဖန်တီးလိုက်သောအနုပညာသည် ပန်းချီပညာပင်ဖြစ်ပါ သည်။ လူ့သမိုင်းအစတွင် အခြေအနေအရပ်ရပ်ကြောင့် သိပ္ပံဆိုင်ရာ လေ့လာမှုမပြုနိုင်မီကပင် ရှေးအကျဆုံးသော အနုပညာရပ်ကို လူသားများ ဖန်တီးထုတ်လုပ်နိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ပန်းချီပန်းပုအနုပညာသည် လူ့ယဉ်ကျေးမှုဟု ဆိုသော လူ့ဘောင်အဖွဲ့အစည်း ပေါ်ဦးစ ကာလကပင် ရှိနေခဲ့သည်။

ထိုခေတ်က လူသားများသည် အသင်းစုကလေးများ ဖွဲ့စည်းကာ ဂူထဲတွင် နေထိုင်ကြသည်။ သူတို့စိတ်အပူဆုံးသော

၁။ World Journal of Prehistoric and Primitive Art. Italy. April. 1984

www.burmeseclassic.com

www.burmeseclassic.com



အရာမှာ စားမှုသောက်မှုဖြစ်သည်။ တိရစ္ဆာန်များကို မွေးမြူနိုင်ခြင်း မရှိသေး။ စိုက်ပျိုးရေးကိစ္စများကိုလည်း တတ်သိမှုမရှိသေး။ သူတို့ ဝမ်းရေးဖြည့်ဆည်းရေးမှာ အမဲလိုက်သော လုပ်ငန်းပေါ်တွင်သာ တည်မှီနေလေသည်။ သမင်၊ ကျွဲ စသော သတ္တဝါများကို လိုက်လံ ပစ်ခတ် ဖမ်းဆီးစားသောက်ကြသည်။ သို့သော် ကျောက်ခေတ် လူသားများသည် ထိုကျွဲ ထိုသမင်တို့ကို ဖမ်းဆီးပစ်ခတ်ရန် ကြောက်ရွံ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အတွက် လက်နက်ကောင်းများမရှိကြ။ အမဲလိုက်သည့်အခါ **ခြေကျင်** လိုက်ကြသည်။ မြင်းကိုစီးနိုင်အောင် ယဉ်ပါးအောင်လုပ်ဖို့ အသိ ဉာဏ်မရှိသေး၍ ဖြစ်လေသည်။

ကျောက်ခေတ်လူသားများသည် အခါခပ်သိမ်း သားကောင်ကြီးများကို ဖမ်းဆီးသတ်ဖြတ်စားသောက်ရန် ကြံစည် အားထုတ်ကြကြောင်းကိုလည်းတွေ့ရပါသည်။ ဂူနံရံများ ပေါ်တွင် လည်း ကျွဲ၊ နွား၊ မြင်း၊ ပြောင်စသော သားကောင်ကြီးများ၏ ပုံများကိုသာတွေ့ရတတ်လေသည်။ ယနေ့တွေ့ရ သောဂူနံရံပေါ်မှ ပန်းချီဆေးရေးအတတ်ကို မည့်သို့တတ် မြောက်လာသည်ကို အတိ အကျသိရှိရန် ခက်ခဲပါသည်။

ကမ္ဘာပေါ်တွင် လူသားဟူ၍စတင်ပေါ်ပေါက်နေထိုင် သောအချိန်မှစ၍ လူတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန် အပေါင်းတို့အကြောင်းကို အနည်းနှင့်အများဆိုသလို စတင် သိရှိလာကြသည်ဟုအဆိုရှိပါသည်။ အလွန်ရှေးကျသောလူ (ကျောက်ခေတ်လူသားများ) သည် မုဆိုးများသာဖြစ်ကြသည် ဟု

www.burmeseclassic.com

www.burmeseclassic.com



ယူဆကြသည်[၁]။ ထိုမုဆိုးတို့သည် မိမိတို့၏ စားဝတ်နေရေးအတွက် တိရစ္ဆာန်တို့၏ အသားနှင့် အရေများကို အသုံးပြုခဲ့ကြသည်။ ဤကဲ့သို့ နေထိုင်ခဲ့ကြပြီး များမကြာမီကာလအတွင်း သင်းတို့၏ နေထိုင်မှုသည် တစ်ဆင့်တိုးတက်လာကာ မိမိတို့လိုက်လံပစ်ခတ် စားသောက်သော တိရစ္ဆာန်အကောင်များ၏ အလေ့အထနှင့် ၎င်းတို့ခိုအောင်းနေထိုင်သည့် နေရာတို့ကိုပါ သိရှိနားလည်လာကြသည်။ တစ်ခါတစ်ရံ သားကောင်များကို လိုက်လံပစ်ခတ်ရင်း မောပမ်းသောကြောင့် ကျောက်ဂူအတွင်း ငြိမ်ငြိမ်သက်သက် အနားယူချိန်တွင် ဂူအတွင်း၌ လုံးလျောင်းလျောင်း မှိုမောက်မောက် နံရံအစွန်းတစ်ခုကို ကြည့်မိပေလိမ့်မည်။ ထိုမှို့ မောက်မောက်ကျောက်အစွန်းသည် မြင်းတစ်ကောင်နှင့် တူသလိုလို ထင်မိပေလိမ့်မည်။ တစ်ခါတစ်ရံ မညီ မညာရှိလှသော ဂူနံရံရှိ အဖုအထစ်များ အက်ကြောင်းများကိုကြည့်၍ တိရစ္ဆာန်တစ်ကောင်နှင့် တူသလိုလို၊ သစ်ပင်တစ်ပင်နှင့် တူသလိုလို ထင်မိပေလိမ့်မည်။ တစ်ခါတစ်ရံ ထိုမုဆိုးအရိုင်းတို့သည် ဂူအတွင်း၌ ညအခါ အိပ်ရာဝင်ကြ၍ နေ့လယ်က မိမိတို့ ဖမ်းဆီးခဲ့သော သားကောင်များ၏ ပုံကိုလည်း အသီးသီး မျက်စိထဲဝယ် ထင်မြင်၍ နေပေလိမ့်မည်။ ထိုအခါ သူတို့၏စိတ်တွင် ရုပ်သွင်တူခြင်းဟူသော အတွေးသစ်တစ်ခု ပေါ်ပေါက်လာပေလိမ့်မည်။ ထိုအခါ သူတို့၏ စိတ်ဝယ် အတုယူလျှင် ဖြစ်နိုင်သည်ဟုလည်း သဘောပေါက်လာပေလိမ့်မည်။

၁။ မြမောင်၊ ဦး။ ပြဒါးလင်းဂူနှင့် သတ္တဗေဒအမြင်၊ တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ ၆၊ အပိုင်း ၁၊ ၁၉၇၁။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိမိတွေးထင်မိသော ဂူနံရံရှိ တိရစ္ဆာန်အကောင် လိုလိုနေရာများကို အနီးရှိမီးသွေးတစ်ခဲနှင့် လိုက်ခြစ်ကြည့်မိပေလိမ့်မည်။ ထို့နောက် မိမိတွေ့နေကြ တိရစ္ဆာန် အကောင်အတိုင်း လိုအပ်မည် ထင်သည့်နေရာများကို ဖြည့်စွက်ရေးဆွဲ ကြည့်မိပေလိမ့်မည်။ နောက်ဆုံး၌ ရုပ်ပုံတစ်ပုံကို မည်သို့ ရေးဆွဲရသည်ကို တစ်စတစ်စနှင့် သိသွားနိုင်ခြင်းဖြစ်နိုင်လေသည်။ နောင်အခါ ဂူနံရံအက်ကြောင်းများ၏ အကူအညီမလိုတော့ဘဲ ရုပ်ပုံကားတစ်ချပ်ကို မိမိကိုယ်တိုင် ဖန်တီးရေးဆွဲနိုင်ခြင်း ဖြစ်လေတော့သည်[၁]။

ထိုအခါ လူ့လောကသည် ယခင်ကမကြုံဖူးသေးသည့် လင်းရောင်ခြည်ဖြင့် ပြည့်လျှံလျက်ရှိသော လှပသည့်ကမ္ဘာသစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့လေပြီ။ လူသား၏ မှတ်ဉာဏ်ဖြင့် ကိုယ်တိုင်ဖန်တီး ထုတ်လုပ်ခဲ့သည့် ပန်းချီပညာစတင် သည့်နေ့သည် အလှပဆုံးသော ကမ္ဘာသစ်တစ်ခုကို ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်လေသည်။

ထိုခေတ်က ကျောက်ခေတ်လူသားများ ဂူနံရံများပေါ်တွင် ရုပ်ပုံများရေးဆွဲခြင်းသည် အလှတန်ဆာဆင်ဖို့မဟုတ်ပေ။ အပြင်ထွက်အမဲမလိုက်မီ ဂူနံရံပေါ်တွင် တိရစ္ဆာန်ပုံများရေးဆွဲကာ ကျောက်ခဲနှင့် ပေါက်ခြင်း၊ လှံနှင့်ထိုးခြင်းများ ပြုလုပ်လေ့ရှိကြသည်။ လေ့ကျင့်ကြသည်။ သို့မှသာ အပြင်ထွက်အမဲလိုက်သော

၁။ W Janson And Dorajane Janson. "The Picture History of Painting", New York, 1961

www.burmeseclassic.com

www.burmeseclassic.com



အခါ ကြောက်စိတ်ကင်းကာ သတ္တိရှိလာကြမည်ဟု ယုံကြည်သည်။ အမဲတစ်ခါလိုက်တိုင်း အရုပ်ကားသစ်တစ်ခုရေး ဆွဲကာ ဂူနံရံပေါ်ရှိ သားကောင်ရုပ်ပုံကို အရင်သတ်ကြသည်။ ပြီးမှ တကယ်လက်တွေ့ အမဲလိုက်ထွက်ပြီး သားကောင်များကို သတ်ကြသည်[၁]။ ပန်းချီ ရေးဆွဲခြင်း အတတ်ပညာသည် ဤသို့ပင် စတင်ခဲ့ခြင်းဖြစ်လေ သည်။

## မြန်မာ့သမိုင်း မတင်မီခေတ်

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တွင် လူမျိုးအနွယ်တို့ စတင် အခြေချနေထိုင်ခဲ့သည့် အထောက်အထားများနှင့် ယင်းတို့ ကိုင်စွဲ အသုံးပြုသည့် လက်နက်ကိရိယာများ ရှိခဲ့သည်ကို အခြေခံ၍ မြန်မာနိုင်ငံ သမိုင်းမတင်မီခေတ်၏ လူနေမှုအဖွဲ့အစည်း ယဉ်ကျေး မှုကို အကြမ်းဖျဉ်းမျှ သိရှိလာကြပြီဖြစ်ပါသည်[၂]။

မြန်မာ့ရှေးဦးလူသားတို့အနေဖြင့် မိမိတို့၏ အသက် မွေးဝမ်းကျောင်းမှု၊ အင်အားကြီးမားသော သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်မှ ကာကွယ်မှုအတွက် အလုပ်၏ လက်နက်ကိရိယာများ အဖြစ် ကျောက်လက်နက်များကို သုံးစွဲလာကြသည်။ ဤကျောက်

---

၁။ W.Janson And Dora Jane Janson. "The Picture History of Paint ing" New York, 1961

၂။ အခြေပြနိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ ရန်ကုန်၊ ၁၉၇၀

www.burmeseclassic.com

www.burmeseclassic.com



လက်နက်သုံးစွဲမှုကို အစွဲပြု၍ ထိုခေတ်များကို ကျောက်ခေတ်များဟု သမိုင်းဆရာများက မှတ်သားကြပါသည်။ ကျောက်ခေတ်ကြီးသုံးခေတ် ရှိသည့်အနက် "ကျောက်ခေတ်ဦး" [၁] လက်နက်များကို မြန်မာပြည်အထက် အညာဒေသမှ အများအပြားရရှိသဖြင့် မြန်မာ့ကျောက်ခေတ်ဦး ယဉ်ကျေး မှုကို "အညာသားယဉ်ကျေးမှု" [၂] ဟုဝေါဟာရ ပေးခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ပထမဦးစွာ လာရောက်လေ့လာ၍ ဤဝေါဟာရကို ပေးခဲ့ကြသော သုတေသီများမှာ အမေရိကန်ပြည်၊ ဟားဗတ်တက္ကသိုလ်၊ အမေရိကန် ဒဿနအသင်းနှင့် ဝါရှင်တန်မြို့၊ ကာနက်ဂျီအသင်းမှ ဒေါက်တာ "ဟဲမွတ်ဒီတရား" [၃] နှင့် ပါမောက္ခ "ဟဲလမ်းအယ်လ်မောဗီးယာစ်" [၄] တို့ဖြစ်လေသည်။ ထိုသုတေသီနှစ်ဦး ဦးဆောင်၍ မြန်မာရှေးဦး လူသားများအကြောင်းကို ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၃၈ ခုနှစ်၊ မတ်လအတွင်း လာရောက် လေ့လာခဲ့ကြခြင်း ဖြစ်လေသည်။

ယခုအခါ မြန်မာနိုင်ငံ ကျောက်ခေတ် သစ်ကာလ [၅] ဂူနေလူတို့၏ ယဉ်ကျေးမှုကို ခိုင်လုံစွာသိနိုင်သည့် အထောက်အထားများ ပြည့်စုံစွာရရှိထားပြီဖြစ်သည်။ ပြဒါးလင်းဂူတူးဖော် လေ့လာမှု

---

၁။ Pleolithic Age

၂။ Anyathian Culture

၃။ Dr. Hellmut De Tarra


၄။ Prof : Hallam L. Movious

၅။ Neolithic Age


www.burmeseclassic.com

www.burmeseclassic.com







ပြဒါးလင်းဂူစု နံရံဆေးရေး ပန်းချီ




ငါး (ရှူးပုံ)




နွားသားအမိ


www.burmeseclassic.com

www.burmeseclassic.com







သမင်နှင့်ဆင်များ




တောဝက်




နွားသားအမိပုံများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ ပြဒါးလင်းဂူတွင်းရှိ နံရံပန်းချီ အထောက်အထား များကို တွေ့ရှိရသဖြင့် မြန်မာပန်းချီအစ ပြဒါးလင်းဂူကဟု ဆိုနိုင်ပြီ ဖြစ်လေသည်။ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့က တွေ့ရှိသော ပြဒါးလင်းဂူနံရံပန်းချီ လက်ရာများသည် နှစ်ပေါင်းခုနစ် သောင်းကျော်က ကျောက်ခေတ်သစ်လက်ရာဖြစ်သည်ဟု သုတေသီ ဦးအောင်သော်က ယူဆသည်။[၁] သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်းကမူ ပြဒါးလင်းဂူနံရံ ပန်းချီလက်ရာများသည် လွန်ခဲ့သော အနှစ်နှစ်သောင်းလောက်က ကျောက်ခေတ်ဟောင်း[၂] လက်ရာ များ ဖြစ်သည်ဟု ယူဆသည်။

တောင်ကြီးခရိုင်၊ ရွာငံမြို့အနီးရှိ ပြဒါးလင်းဂူနှစ်ဂူမှာ ညောင်ကြပ်ရွာအရှေ့ဖက် သုံးမိုင်ကျော်တွင် တည်ရှိ၍ ရေပုတ် ရွာဟောင်း အနောက်ဖက် တစ်မိုင်အကွာအဝေးတွင် တည်ရှိ သည်။ ဂူပေါက်များမှာ မြေပြန့်မှ ပေ ၅၀ မှ ပေ ၇၀ အထိမြင့် သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာပြုလျက် ရှိ၏။ ကျောက်ဂူများဖြစ်သည့် အားလျော်စွာ အထူးသဖြင့် အနောက်ဘက် ဂူကြီး၏ အတွင်းပိုင်းတွင် သဘာဝအလျောက် ကျောက်ခက်ပန်းဆွဲများ၊ ကျောက်ခက်မိုးမျှော်များဖြင့် ဆန်းကြယ်

---

၁။ Aung Thaw - Exploring the Padah-Lin Caves Spectrum, April 1969

၂။ သန်းထွန်း (ဒေါက်တာ) - မြန်မာ့အကြိုသမိုင်းတက္ကသိုလ် ပညာ ပဒေသာ စာစောင်၊ မတ်လ၊ ၁၉၇၉၊ အတွဲ (၁၃) အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ယင်းလိုဏ်ဂူမှာ တစ်ခုတည်းမဟုတ်ဘဲ ကျယ်ဝန်းသော ဂူကြီးကိုးခုမျှ စီတန်းလျက် တစ်ခုနှင့်တစ်ခုမှာ ကျဉ်းမြောင်းသော ဂူငယ်များဖြင့် ဆက်သွယ်လျက်ရှိသည်။ ကိုက် ၂၀၀ ခန့် ကွာဝေးသော အရှေ့ဘက်ဂူမှာ မကြီးကျယ်လှချေ။ သို့သော် ပန်းချီပုံများသည် ဤဂူငယ် အတွင်း၌သာ ရှိလေသည်။ယင်းဂူ၏ အလယ်တွင် ဂူနံရံမှာ အရှေ့သို့ စွန်းထွက်နေသဖြင့် နှစ်ပိုင်းကန့်ထားသည့် အနေအထား ဖြစ်သည်။ ပန်းချီလက်ရာများမှာ အဆိုပါ အလယ်နံရံတွင် မြေပြင်ထက်မှ ၁၀ ပေ ၁၂ ပေခန့် အမြင့်တွင် ရေးဆွဲထားခြင်းဖြစ်သည်။

ပြဒါးလင်းဂူရှိ ပုံဆွဲထားသော ဂူနံရံမျက်နှာပြင်သည် ညီညာပြန့်ပြူးသည်ဟုမဆိုနိုင်။ အရုပ်များကို နီညိုရောင်ဖြင့် ခြယ်သည်။ ကောက်ကြောင်းဆွဲဆေး ပြိန်းခြယ်သည်။ အရုပ်တစ်ခုပေါ် တစ်ခုထပ်၍ ရေးဆွဲထားသည်လည်း ရှိသည်။ တစ်နေရာတွင် ဆင်တစ်ကောင်၏ နောက်ပိုင်းပုံဟု ယူဆနိုင်သော ပုံနှစ်ပုံ၊ သမင်၏ နောက်ပိုင်းဟုထင်ရသော ပုံတစ်ပုံ၊ ငါးတစ်ကောင်၏ပုံ (သို့မဟုတ်) ကြောင်လက်သည်းခြစ်ရာများကို ရေးခဲ့သည်ဟု ထင်ရသော ပုံလည်းပါသည်။ လက်ချောင်း မစုံသော လက်တစ်ဖက်နှင့် လက်ချောင်းစုံသော လက်တစ်ဖက် ပေါင်းလက်နှစ်ဘက်ပုံကိုလည်း တွေ့ရသည်။ တိရစ္ဆာန်ပုံတို့အနက် တစ်ပုံမှာ လှုပ်ရှားနေသော ပြောင်တစ်ကောင်၏ပုံဟု ထင်ရသည်။ တစ်ပုံမှာ ဦးချိုမပါသော်လည်း သမင်နှင့်တူသည့် ဦးခေါင်းပိုင်းသာ ထင်ရှားသော နွားတစ်ကောင်၏ပုံ၊ ကိုယ်လုံးကို ဆေးအပြည့်ခြယ်ထားသော နွားမကြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အလားတူ ဆေးကွက်ကြားခြယ်ထားသော နွားငယ်ဟု ထင်ရသည့် ပုံနှစ်ပုံ၊ ဆေးကွက်တိကွက်ကြားနှင့် ဝက်လိုအကောင်၊ နွားလိုအကောင်မျိုးကိုလည်း တွေ့ရသည်။ တောင်နှစ်လုံးကြားမှ နေထွက်နေသော ရှုခင်းပုံတစ်ပုံလည်းပါသည်။

တိရစ္ဆာန်များကို ရေးဆွဲသည့်အခါ ခြေလေးချောင်းစလုံး ပါသည်။ နွားနှစ်ကောင်ပုံကို နွားမကြီးနောက် နွားငယ်လိုက်သည့် ပုံဖြစ်သည်ဟု ဆုံးဖြတ်လျှင် ယင်းပုံကို အဖြစ်အပျက်ပုံဟု ပြောနိုင်သည်။ နေပုံကိုလည်း ဂူပေါက်တစ်ခုက မြင်ရပုံဖြစ်သည်ဟူ၍ သတ်မှတ်လျှင် ယင်းပုံသည် ရှုခင်းပုံ ဖြစ်သည်ဟု ပြောနိုင်သည်။ ရှုခင်းပုံဖြစ်လျှင်လည်း အခြားဒေသများတွင် ရောင်ခြည်များ ဖြာထွက်နေပုံပါရှိခြင်းနှင့် တောင်စွယ်တောင်တန်းနှစ်ခုအကြား နေထွက်ပုံပါရှိခြင်းစသော ဝိသေသလက္ခဏာများ ပါသောကြောင့် တွေ့ရသမျှသော ကျောက်ခေတ်နံရံ ပန်းချီလက်ရာများထက် သာလွန် ထူးခြားနေသည်ဟု ဆိုသင့်သည်။ တောင်စွယ်တောင်တန်း နှစ်ခုပေါ်တွင်ရှိ အမှတ်အသားများသည် အချိန်ကိုမှတ်သည့် အမှတ်အသားများဖြစ်သည်ဟု ဆိုလျှင်လည်း၊ အခြားတွေ့ရှိပြီးသမျှ နေပုံပန်းချီလက်ရာများထက် အဆင့်မြင့်သည်ဟု ဆိုရမည်။

ပြဒါးလင်းဂူ ထူးခြားချက်လက်ရာများကို ကမ္ဘာ့ကျောက်ခေတ်သစ် နံရံပန်းချီများနှင့်လည်းကောင်း၊ အရှေ့တောင်အာရှ ကျောက်ခေတ်နံရံပန်းချီများနှင့်လည်းကောင်း အကျယ်တဝင့် နှိုင်းယှဉ်လေ့လာစရာများ ကျန်ရှိနေပါသေးသည်။ ကျောက်ခေတ်

www.burmeseclassic.com

www.burmeseclassic.com



နံရံ ပန်းချီလက်ရာများ နှိုင်းယှဉ် လေ့လာချက် စာတမ်းတစ်စောင် သီးသန့်ရေးသားရန် ရည်ရွယ်ပါသဖြင့် ဤစာတမ်းတွင် ပြဒါးလင်းဂူနံရံပန်းချီနှင့် ပတ်သက်၍ အမြွက်မျှသာ ဖော်ပြရပါသည်။

ရှေးအခါကဆိုလျှင် မြန်မာပန်းချီအစ ပုဂံကဟုသာ ဆိုနိုင်ခဲ့ကြပါသည်။ ယခုဆိုလျှင် ပုဂံထက်ရှေးကျပြီး နှစ်ပေါင်း ၇၀၀၀ ကျော် ကျောက်ခေတ်ပန်းချီလက်ရာများကို အထောက်အထားခိုင်ခိုင်လုံလုံနှင့် တွေ့ရှိခဲ့ပြီးဖြစ်ရာ မြန်မာပန်းချီအစ ပြဒါးလင်းဂူကဟု ဆိုနိုင်ပြီဖြစ်လေသည်။

**ရှေးဟောင်းခေတ်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသမိုင်းဝင် ခေတ်အဖြစ် ရှေးဟောင်းခေတ် မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်သော် မြို့ပြနှင့်နေထိုင်သော ယဉ်ကျေးမှုအဆင့်ကို ရောက်ရှိပြီဖြစ်ကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့ပြနိုင်ငံများအဖြစ် မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ တကောင်းပြည်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဝေသာလီပြည်၊ တောင်ဘက်ပင်လယ်ကမ်းခြေအရပ်၌ သုဝဏ္ဏဘူမိခေါ် သထုံပြည်၊ ယခုပြည်မြို့အရှေ့ဘက် မော်ဇာရွာတည်ရာ အရပ်၌ သရေခေတ္တရာအမည်ရှိသောပြည်စသဖြင့် ထွန်းကားလာပါသည်။ ထို့ပြင် ဗိဿနိုးမြို့၊ ဟန်လင်းမြို့စသော ပျူမြို့ပြနိုင်ငံများလည်း ပေါ်ထွန်းလာသည်။ ပျူတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



တိဗက်မြန်မာအနွယ် ဝင်များဖြစ်ပြီး တိဗက်ကုန်းမြင့်၌ ရှေးဦးစွာ ဝင်လာသူများဖြစ် သည်ဟုဆိုသည်။

ပျူခေတ်တွင် အခြားသော အတတ်ပညာများနည်းတူ ပန်းချီဆေးရေး အတတ်ပညာများလည်း ထွန်းကားခဲ့ပုံရပါသည်။ သို့သော် ခိုင်မာသော အထောက်အထား သက်သေများ ပြနိုင်ခြင်း မရှိသေးပေ။ ခရစ်နှစ် ၁ ရာစုမှ နောက်အကျဆုံး ၄-၅ ရာစုအထိ ရှေးဟောင်းခေတ်ကာလအတွင်း ပျူတို့နေထိုင်ခဲ့သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ ဝတီးစသည့် နေရာဌာန များတွင် ပန်းချီဆေးရေးအတတ်ပညာများ ထွန်းကားလာခဲ့သည်ဟု ထင်ရသော်လည်း ထိုပျူခေတ် အဆောက်အဦနံရံများ ပြိုကျပျက်စီး ကုန်သဖြင့် ယခုအထိ အထောက်အထားများ မတွေ့ရသေးပေ။ သရေခေတ္တရာမြို့ဟောင်းမှ ရုပ်ပွားများ၊ စဥ့်ကွင်းများ စသည် တို့သည် ရှေးရိုးပန်းပုလက်ရာဟု ယူဆနိုင်သော လက်ရာများပင် ဖြစ်သည်။

မိုင်းမော မြို့ဟောင်းတူးဖော်ရာ မြင်းစီးယောကျ်ားပုံများ ပါသည့် အုတ်အမြောက်အမြား ထွက်ပေါ်လာသည်။ အုတ်ချပ် ပေါ်တွင် မြင်းသည်တော်တစ်ဦး မြင်းကျောကုန်းပေါ်၌ ဘေးကောက် နှစ်လက်ကို လက်နှစ်ဘက်ဖြင့်ကိုင်ကာ ကဆုန်စိုင်းနေပုံ ရေးဆွဲ ထားပါသည်။[၁] ကောက်ကြောင်းများအားရှိပြီး အသက်ဝင်သည်။

---

၁။ အခြေပြနိုင်ငံရေးသမိုင်း၊ ပထမတွဲ-မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ၁၉၇၀

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုပါသည်။ ပျူဒင်္ဂါးများပေါ်ရှိ ဒီဇိုင်းများမှာလည်း ပန်းချီဒီဇိုင်းပညာ ရှုထောင့်မှကြည့်လျှင် အဆင့်မနိမ့်ကြောင်း တွေ့ရပါသည်။ မျက်မှောက်ခေတ်ပန်းချီဆရာများ ချီးကျူးယူရသော ဒီဇိုင်းများဖြစ်ပြီး ယနေ့တိုင် ခေတ်မီလျက် ရှိနေပါသည်။

ထိုခေတ်က ပျူတို့သည် သစ်ဝါးဖြင့် ဆောက်လုပ်သော အိမ်များတွင်သာ နေထိုင်ကြသော်လည်း ဗိသုကာအတတ်၌ ကျွမ်းကျင်ကြသည်ဟုဆိုသည်။ အုတ်အဆောက်အအုံကို ဆောက်နိုင်ကြသည်။ အုတ်ကို မြေနီသရွတ်ဖြင့်ပင် စီသည်။ အုတ်တိုက်နံရံများကို အင်္ဂတေမွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးခြယ်ခြင်းတို့ပြုကြသည်။[၁] ဗိဿနိုးမှ တူးဖော်ရရှိသော အိုးခြမ်းကွဲမှ အမှတ်တံဆိပ်များပါသည့် ပန်းချီဒီဇိုင်းမှာလည်း အဆင့်မြင့်ခေတ်မီပါသည်။

သရေခေတ္တရာတွင် ကျောက်ဆစ်အတတ်၊ ပန်းထိမ်အတတ်၊ ဗိသုကာအတတ်၊ လက်သမားအတတ်၊ ပန်းပုအတတ်၊ ပန်းရန်အတတ်၊ ပန်းပဲအတတ်စသည့် အနုပညာများ တတ်မြောက်နေကြလေပြီ။

ပန်းချီအတတ်ပညာသည် ထိုအတတ်ပညာများနှင့် အတူထွန်းကားခဲ့မည်ဖြစ်သော်လည်း သက်သေအထောက် အထားများမတွေ့ရသေးသဖြင့် ပျူခေတ်ပန်းချီ အတတ်ပညာ နှင့်ပတ်သက်၍ အကျယ်တဝင့်မတင်ပြနိုင်သေးပါ။

---

၁။ အခြေပြနိုင်ငံရေးသမိုင်း ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ၁၉၇၀

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထား အကိုးအကား အခိုင်အမာနှင့် သက်သေပြနိုင်သော ရှေးအကျဆုံး မြန်မာပန်းချီဆေးရေး လက်ရာများ တွေ့ရှိရသည်မှာ ပုဂံတစ်ဝိုက်ဖြစ်ပါသည်။ မြန်မာပန်းချီ ရည်ပင်ဝပြောသောလက်ရာ အဆင့်မြင့်သောခေတ်သည် ပုဂံခေတ်ဖြစ်ပါသည်။ ပုဂံခေတ်သည် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း မြန်မာ့ရှေးရိုး ပန်းချီပညာသည် အထွတ်အထိပ် ရောက်ခဲ့သောအခါလည်းဖြစ်သည်။ ရှေးရိုးမြန်မာပန်းချီသည် ပုဂံခေတ်တွင် အခြေခံကောင်းခဲ့သည်ကို ဆရာဇော်ဂျီကလည်း မြန်မာနိုင်ငံ၌ အစဉ်အလာမပျက်ထွန်းကားခဲ့သော ပန်းချီသည် ပုဂံခေတ်၌ အခြေစိုက်ခဲ့သည်ဟူ၍ကား ကေန်ဟုဆိုနိုင်လေသည်။[၁] ဟုဆိုထားပါသည်။

## ပုဂံပန်းချီ

အေဒီ ၉ ရာစုအလယ်လောက်တွင် ပျူနှင့်မွန် တိုင်းပြည်များအား နန်စော[၂] တို့ တိုက်ခိုက်ဖျက်ဆီးလိုက်သောအခါ ပျူနှင့်မွန်အများအပြားမှာ ယူနန်နယ်သို့ ဖမ်းဆီးခေါ် ဆောင်ခြင်းခံရကာ ထိုမှာပင် အခြေချနေထိုင်ပုံရသည်။ အချို့ အထက်မြန်မာပြည်သို့ ရောက်ရှိပြီး ကျောက်ဆည်တစ်ဝိုက်တွင် နေကြပြီး ပုဂံတွင် အခြေချကြပါသည်။ ပုဂံခေတ်က သာသနာသက္ကရာဇ် ၆၅၁ မှ ၁၉၁၂ အထိ နှစ်ပေါင်း ၁၂၆၁ နှစ်မျှ အဓွန့်ရှည်သော ခေတ်ကြီးဖြစ်လေသည်။

---

၁။ ဇော်ဂျီ၊ ပုဂံခေတ်ပန်းချီသဘော၊ ဇော်ဂျီစာပေါင်းချုပ်၊ ပထမတွဲ၊ ၁၉၉၄၊

၂။ Nanchao

www.burmeseclassic.com

www.burmeseclassic.com






ကာဠဒေဝီလရသေ့သည် ဘုရားလောင်းအား ဖူးမြော်ဟန်
ပုထိုးသားများဘုရား၊ ပုဂံ။

www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရား၊ ဓမ္မစကြာတရား ဟောဟန်
အပယ်ရတနာဘုရား၊ ပုဂံ။

www.burmeseclassic.com

www.burmeseclassic.com



သမုတိရာဇ်အစ စောမွန်နစ်အဆုံး ပုဂံမင်းဆက် ၅၇ ဆက်တွင် ၄၃ ဆက်မြောက် အနော်ရထာမင်းစောလက်ထက် (၁၀၄၄-၁၀၇၇) ၌ အနုပညာများ တိုးတက်အထွန်းကားဆုံးဖြစ်လေသည်။ သက္ကရာဇ်ကို မြန်မာ့သမိုင်းများက ၄၁၉ ဟုပြသည်။ ခရစ်နှစ် ၁၀၅၇ ခုနှစ်ဖြစ်သည်။ ပုဂံခေတ်မှာ ၁၁ ရာစုမှ ၁၃ ရာစု အတွင်း ဖြစ်ရာ ပန်းချီပညာစတင်ထွန်းကားသည်မှာ ၁၁ ရာစုနှင့် သက်ဆိုင်နေသည်။ ၁၁ ရာစုသည် ပုဂံခေတ်နှောင်းပိုင်း ဖြစ်နေရာ ပုဂံခေတ်တွင် ပန်းချီပညာထွန်းကားသည်မှာ နောက်ကျသည်ဟု ဆိုရမည်ဖြစ်ပြီး မြန်မာပန်းချီရေးနည်းမှာ ကျန်စစ်မင်းသားလက်ထက် (၁၀၈၄-၁၁၁၂) တွင် အထွတ်အထိပ် ရောက်ခဲ့သည်ဟု ဆိုရမည်ဖြစ်လေသည်။

သထုံပြည်မှ ပန်းရန်၊ ပန်းထိမ်၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာစသော ပန်းအတတ်ပညာသည်များ ရောက်ရှိလာသောအခါ ပုဂံ၌ရှိပြီး ထွန်းကားပြီးဖြစ်သော ပန်းပညာရပ်များ ပိုမိုတိုးတက်ထွန်းကားလာလေသည်။ ထိုခေတ်အခါက ပုဂံပြည်တွင် အိန္ဒိယအတတ်ပညာသည်များလည်း အမြောက်အမြား ရောက်ရှိနေပြီဟုလည်း ဆိုပါသည်။

ပုဂံခေတ်တွင် ရှင်အရဟံနှင့်တကွ အနော်ရထာ၊ ကျန်စစ်သားမင်းတို့မှစ၍ မြန်မာမင်းအဆက်ဆက်တို့သည် ဗုဒ္ဓဘာသာမင်းများဖြစ်၍ ဗုဒ္ဓသာသနာကို ချီးမြှင့်ခဲ့ကြသည်။ ချီးမြှင့်ခဲ့ကြပုံတစ်မျိုးမှာ စေတီဘုရားတို့ကိုလည်းကောင်း၊ ရဟန်းကျောင်းများကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းကြခြင်း ဖြစ်သည်။ ဤသို့ဖြင့် တိုင်းပြည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တည်တံ့ခိုင်မြဲခြင်း အကျိုးကိုလည်းကောင်း၊ ပြန့်ပွားခြင်း အကျိုးကိုလည်းကောင်း၊ တစ်စတစ်စ ရရှိလာခဲ့သည်ဟု ဆိုသင့်သည်။

ဤတွင် ပန်းချီအတတ်ပညာရှင်များလည်း တစ်တပ်တစ်အားအဖြစ် ပါဝင်ခဲ့ကြသည်ကို တွေ့ရသည်။ ပုဂံခေတ်တွင် ဤမျှအမြောက်အမြား ကြီးကျယ်သော သာသနာ အဆောက်အအုံကြီးများကို တည်ဆောက်ခြင်း၊ ထိုအဆောက်အအုံကြီးများအား အတွင်းအပြင် မွမ်းမံခြယ်လှယ်ခြင်းစသော အမှုတို့ကို ဆောက်ရွက်ရာ၌ များစွာသော အနုပညာ ပန်းပညာရှင်များ ပါဝင်ရလေသည်။ ထိုအတတ်တို့တွင် ဂူလိုဏ်စေတီပုထိုး တည်ဆောက်ခြင်း၊ ကျောင်းကြီးများကို တည်ဆောက်ခြင်းဟူသော ဗိသုကာအတတ်မှာ အထက်တန်းအကျဆုံးဟု ဆိုရမည်။ ပျူမွန်မြန်မာတို့၏သမိုင်းတွင် ပုဂံခေတ်ဗိသုကာအတတ်သည် အမြင့်မားဆုံးဖြစ်သည်။ ပုဂံခေတ် ဗိသုကာအတတ်ကို နောက်မည်သည့်ခေတ်မှ မမီတော့ဟု ပညာရှင်များယူဆကြသည်။ ဗိသုကာအတတ်နှင့် တွဲလျက်ရှိသော ပန်းရန်၊ ပန်းတော့ပညာရှင်များလည်း ပုဂံခေတ်တွင် အမြောက်အမြားဆုံးဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်များနှင့် နတ်ဗြဟ္မာ၊ လူ၊ တိရစ္ဆာန်နှင့် ပန်းခက်ပန်းပွင့်များကို ထုရသော ပန်းပုနှင့် ပန်းတော့ခေါ် ဆောက်ဆစ်အတတ်တို့မှာလည်း ပုဂံခေတ်တွင် အဆင့်မြင့်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ပုဂံခေတ်တွင် လိုဏ်ဂူများကို ဆောက်လုပ်ပြီးနောက် အတွင်းနံရံပတ်လည်နှင့် မျက်နှာကြက်တို့တွင် ဗုဒ္ဓဝင်နှင့် ဇာတ်ကြီးဆယ်ဘွဲ့၊ ဇာတ်ငါးရာ့ငါးဆယ် စသည်တို့ကို အမြဲလိုလိုပင် ရေးဆွဲလေ့ရှိသည်။ ဤသို့ဖြင့် ပုဂံခေတ်မှစ၍ ဂူဘုရားတို့၏ နံရံပတ်လည်နှင့် မျက်နှာကြက်တို့တွင် နံရံ ဆေးရေးပန်းချီတို့ကို တွေ့ရှိရပါသည်။ ထိုသဘောကို ဆရာဇော်ဂျီက

"ပုဂံခေတ် ပန်းချီဆရာတို့သည် အသစ်အသစ် တည်ကြသော ဂူဘုရားများတွင် ပန်းချီထည့် လိုသော ဘုရား ဒါယကာ ဒါယိကာမတို့ အလိုအတိုင်း ဗုဒ္ဓ ဝင်ထွက် အခန်းစဉ်ကိုလည်းကောင်း၊ နှစ်သက်ရာ နိပါတ်ဇာတ်တို့ကိုလည်း ရေးဆွဲကြသည်ဟု ယူဆဖွယ်ရှိလေသည်"

ဟု ပုဂံခေတ်ပန်းချီ သဘောဆောင်းပါးတွင် ဖော်ပြရေးသားထားပါသည်။ ထို့ကြောင့် ပုဂံခေတ် ပန်းချီအတတ်ပညာသည်လည်း အတော်ပင်တိုးတက်ခဲ့၍ ပန်းချီဆရာ ဦးရေမှာလည်း အတော်ပင်များပြားမည်ဟု ယူဆရသည်။

"မြတ်စွာသော မင်းကြီး အမတ္တျာမဟာ သေနာ ပတိ၊ အနန္တသူရ မောင်နှံနှစ်ယောက်၊ ဆိုဝ်းငြဲမဲ့သော၊ နိရဗန်ပြည်သို့ဝ်၊ ရောက်စေချင်သောကြောင့် ဤအင်း မနာမည်သော၊ ကန်အရပ်၌ကား၊ များစွာသော တန်ပင်တီလျှင် ကျောင်းအရံ စိုက်လတ်၍၊ ဥတ်

www.burmeseclassic.com



(အုတ်) အတိပြုသော၊ တံတိုင်း တွင် နှစ်ထပ်ရံ လိုက်၍ တံတိုင်း၌ကား ကလသာ အိုဝ်းအရောင်နှင့် တူသော၊ တင့်တယ်စွာသော၊ စင်ကြဲထက်ကူလည်း တည်၏။ ကူတွင်ကား၊ ပုရှာသိခင်ဆင်တုလေး မျက်နှာပြု၊ ရတနာအတိ တောက်ပဆန်းကြယ်စေ၏။ ကူအရံတွင်၌ များစွာသော ပုရှားဆင်းပု (ဆင်းတု) လည်းပြု၏၊ ဇာတ်ငါးရာလည်း၊ အတင့် အတယ်ရေး ၏။[၁]

အထက်ပါ ကျောက်စာကောက်နုတ်ချက်ကို ကြည့်၍ ပုဂံတွင် ဂူဘုရားတည်ပုံနှင့် ထိုဘုရားများ၌ ဆေးရေးပန်းချီကား များရေးခြယ်ခဲ့ပုံတို့ကို အထင်အရှားတွေ့ရပါသည်။ ဂူဘုရား တည်ပြီးတိုင်း ဆေးရေးပန်းချီဖြင့် မွမ်းမံလေ့ရှိကြောင်းကိုလည်း သိရပါသည်။

ပုဂံခေတ်နံရံဆေးရေးပန်းချီများကို အလှအပ တန်ဆာ ဆင်ခြင်းထက် ယုံကြည်မှု၊ ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာတရားကို သက်ဝင်လေးမြတ်မှုနှင့် အခြေခံဘာသာရေးကို နားလည်ရန် လှုံ့ဆော်မှုတို့အတွက် ရေးသားကြသည်ဟု ဆိုနိုင်ပါသည်။ပုဂံခေတ် နံရံဆေးရေးပန်းချီလက်ရာများသည် တစ်နည်းအားဖြင့် အခြေခံ လူတန်းစားများနှင့် ကလေးများကို ပန်းချီရုပ်ပုံပညာဖြင့် ဘာသာ

---

၁။ ပုဂံမင်းနန်သူရွှာ လေးမျက်နှာဘုရား သက္ကရာဇ် (၅၀၅) ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ရေးယဉ်ကျေးမှု အသိအလိမ္မာပေးသော လက်နက်ကောင်း ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်ကြောင်း ပုဂံခေတ်ဂူဘုရား အတွင်းရှိ ဆေးရေးပန်းချီများက သက်သေခံလျက်ရှိပါသည်။

"ပုဂံခေတ်ပန်းချီသည် ရှင်အရဟံ၊ အနော်ရထာ၊ ကျန်စစ်သားမင်းတို့ ချီးမြှောက်ခဲ့သော ဗုဒ္ဓသာသနာတော်ကြောင့် ဖြစ်ပေါ်လာရသည်ဟု ယူသော် ရသင့်ပေသည်။ သို့ရာတွင် ပုဂံခေတ်ပန်းချီကြောင့် ဗုဒ္ဓသာသနာ ခိုင်မြဲပြန့်ပွားခြင်းရှိခဲ့သည်ဟုလည်း ယူသင့်လေသည်။ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာကို ပြည့်ရှင်မင်းများ ချီးမြှောက်ကြသည် ကားမှန်၏။ ပိဋကတ်သုံးပုံရှိသည်ကားမှန်၏။ သို့ရာတွင် မင်းချီးမြှောက်ရုံမျှဖြင့် လည်းကောင်း၊ ပိဋကတ် သင်ကြားပို့ချ ဟောပြောရုံမျှဖြင့်လည်းကောင်း၊ ပုဂံလူထုသို့ အခြေခံ ဘာသာရေး နားလည်မှု အလွယ်တကူ ရောက်နိုင်မည်ဟု မဆိုသာချေ။ ဘုရားရုပ်တုပုံတို့ကို လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် အခန်းခန်းတို့ကို လည်းကောင်း မျက်စိဖြင့်မြင်၍ ကြည်ညိုဖွယ်၊ အံ့ဩဖွယ်၊ ထိတ်လန့်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ သနားဖွယ်၊ ရွှင်လန်းဖွယ်ဖြစ်အောင် ဖန်တီးပေးမှသာ ပုဂံလူထုအတွက် အခြေခံဘာသာရေး နားလည် လွယ်မှုအလွယ်တကူ ရောက်

www.burmeseclassic.com

www.burmeseclassic.com



၍ ဘာသာရေး စေတနာ အလွယ်တကူ ပွင့်လင်းနိုင်စေမည်ဖြစ်သည် ဟုယူဆရသည်။ ပုဂံခေတ်ပန်းချီသည် ထိုကိစ္စကို ဆောင်ရွက်ခဲ့သည်ဟု ဆိုအပ်သတည်း"


ဟူ၍ဆရာဇော်ဂျီက ပုဂံခေတ်နံရံဆေးရေးပန်းချီ တို့က တာဝန်ယူဆောင်ရွက်ခဲ့ပုံကို "ပုဂံခေတ်ပန်းချီသဘော" ဆောင်းပါးတွင်တင်ပြခဲ့ပါသည်။ ထို့ကြောင့် ပုဂံခေတ်ပန်းချီသည် ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့၏ ယုံကြည်မှု စေတနာကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဘုရားဖူးပရိသတ်အတွက် သက်ဝင်မှုစေတနာကို ပွင့်လင်းစေခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် နှုတ်တစ်ရာစာတစ်လုံး၊ စာလုံးပေါင်းတစ်ထောင်ထက်ရုပ်ပုံကောင်းတစ်ချပ်က ပိုမိုဆွဲဆောင်အသိပညာပေးနိုင်သည်ဖြစ်ရာ ပန်းချီပညာကို ပညာပေးအဆုံးအမပြုရာလုပ်ငန်းဟု ဆိုစမှတ်ပြုခဲ့ကြသည်။ မြန်မာနံရံဆေးရေးပန်းချီအစကို လေ့လာကြည့်လျှင် နံရံဆေးရေးပန်းချီများအကြောင်း စိတ်အတွေ့အကြုံရရှိလာ၍ ယုံကြည်မှု အားကောင်းလာစေရန် ဖန်တီးရေးဆွဲခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ကျောက်ခေတ်တွင် သားကောင်များကို ရင်ဆိုင်ရန် ဂူအတွင်းရှိ ရုပ်ပုံများနှင့် စိတ်အတွေ့အကြုံရယူကာ မိမိကိုယ်မိမိ ယုံကြည်မှုစွမ်းအားကို မြှင့်တင်ခဲ့ကြသည်။ပုဂံခေတ်တွင်လည်း ဂူဘုရား

www.burmeseclassic.com

www.burmeseclassic.com





ပုဂံလောကထိပ်ပန်ဘုရား နံရံပန်းချီ
၁၂ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





ဖွားတော်မူခန်း နန္ဒမညဘုရားအတွင်းမှ
၁၃ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





ဝဇီရပါဏိ ဗောဓိသတ်ပုံ
လောကဥဿျှောင်ဘုရား၊ ပုဂံ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ ဗုဒ္ဓဝင်ပုံများ နိပါတ်တော်လာပုံများမှ ဘာသာရေး အခြေခံနားလည်မှု စိတ်အတွေ့အကြုံရကာ သက်ဝင်ယုံကြည်မှုကို ခိုင်မာလာစေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ရှေးမြန်မာတို့ ရေးဆွဲခဲ့ကြသော နံရံဆေးရေးပန်းချီအစသည် ယုံကြည်မှု၊ ကိုးကွယ်မှု သြဇာမှ စတင်ပေါက်ဖွား ရှင်သန်ကြီးထွားလာရသည်ဟု ဆိုနိုင်ပါသည်။

ဤသို့ ယုံကြည်ကိုးကွယ်မှုသြဇာမှ စတင်ပေါက်ဖွား ရှင်သန်ကြီးထွားလာသော ပုဂံနံရံပန်းချီသည် လှည်းဝင်ရိုးသံ တည်ည်ပုဂံဘုရားပေါင်းဆိုသည့်အတိုင်း ပုဂံတွင် ဂူဘုရား စေတီပုထိုးပေါင်း မရေမတွက်နိုင်အောင် များပြားလှပါသည်။ နံရံပန်းချီများအတင့်အတယ် ရေးခြယ်ထားသည့် ဂူဘုရား အရေအတွက်လည်း များပြားပါသည်။ ပုဂံရှိဂူဘုရားများအတွင်း နံရံဆေးရေး ပန်းချီလက်ရာ အများအပြားရှိရာ စတုရန်းပေ ၂ သိန်း ကျော်ရှိသည်ဟု ဆိုပါသည်။[၁]

ပုဂံရှိ နံရံဆေးရေးပန်းချီလက်ရာများရှိသော ဘုရားများနှင့် ခန့်မှန်းခြေနံရံ ဆေးရေးပန်းချီ စတုရန်းပေ ဧရိယာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

---

၁။ မြင့်အောင်၊ ဦး - "ပုဂံဘုရားများရှိဆေးများကို ဓာတုဗေဒဆေးရည်ဖြင့် သန့်စင်အောင် ထိန်းသိမ်းမှု" ယဉ်ကျေးမှုစာစောင်တွဲ-၁၊ အမှတ် (၆)၊ ၁၉၅၆။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံနယ်ရှိ ဘုရားများ

| | | |
|---|---|---|
| ၁။ အာနန္ဒာလမ်းခွဲဘုရား | ခန့်မှန်းစတုရန်းပေ | ၈၈ |
| ၂။ ဘုရားအမှတ် (၁၁၄၃) ဘုရားငါးဆူ | ။ | ၃၂ |
| ၃။ ဂူတော်သစ် | ။ | ၆၅ |
| ၄။ သိမ်းမစည်း | ။ | ၃၁၂ |
| ၅။ လောကထိပ်ပန် | ။ | ၁၈၁၀ |
| ၆။ အာနန္ဒာအုတ်ကျောင်း | ။ | ၁၂၉၃ |
| ၇။ ဥပါလိသိမ်-ဘုရားအမှတ် (၁၄၁၆) | ။ | ၇၆၄ |
| ၈။ ရွှေဂူကြီး | ။ | ၈၄ |
| ၉။ ရတနာမဥ္ဇူ | ။ | ၇၂၆ |
| ၁၀။ မီးညှိမ်းကုန်း | ။ | ၁၂၀ |
| ၁၁။ဘုရားအမှတ် (၇၇၃) မဟာဂူကြီးအနောက်မြောက် | ။ | ၃၁၆ |
| ၁၂။နွားပြဂူ | ။ | ၂၄၂၈ |
| ၁၃။ဂူကလေး | ။ | ၉၃ |
| ၁၄။မွေ့ရုံကြီး | ။ | ၂၅ |
| ၁၅။ ရွှေဘုံသာဘုရား | ။ | ၅၀ |
| ၁၆။မင်းမျှော်ရာဇာ | ။ | ၅၀ |
| ၁၇။ထီးလိုမင်းလိုဘုရား | ။ | ၉၂၅၂ |


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၈။ရွှေလိပ်တူး | ။ | ၄၂၀ |
| ၁၉။ရွှေလိပ်ဥ | ။ | ၅၀ |
| ၂၀။တိုင်းခေတ်ဘုရား (အားလုံးထုံးသက်နှ်းကပ်လှျှထားသည်) | ။ | |
| ၂၁။အာနန္ဒာဘုရား | ။ | ၉၆၆ |

ပထမတန်းစား ပလာစတာဆေးရေးရှိသောဘုရားများ

| မြင်းကပါနယ် | ခန့်မှန်းခြေဆေးရေး စတုရန်းပေပမာဏ |
|---|---|
| ၁။ ဂူပြောက်ငယ်ဘုရား (အားလုံးပျက်စီးနေသည်) | |
| ၂။ မယ်တော်ရပ်ဘုရား | ၂၅ |
| ၃။ ဘုရားအမှတ် ၄၉၅ (စိုးမင်းကြီးအုတ်ကျောင်းတောင်ဘက်) | |
| | ၂၅ |

မြို့ပစ္စယာနယ်

| | |
|---|---|
| ၁။ ကျောင်းကြီးညီမဘုရား ဂုဏ်အမှတ် ၄၁၆-က | ၄၀၀ |
| ၂။ ကျောင်းကြီးအစ်မဘုရား ဂုဏ်အမှတ် ၄၁၆-ခ | ၅၀ |
| ၃။ သာယာဝတေ့ဘုရား | ၂၂၅၂ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄။ | အမှတ် ၄၁၈-ဃ | ၅၆ |
| ၅။ | ကျောက်စကားစေတီ (အားလုံးပျက်စီးနေသည်) | |
| ၆။ | လေ့သင်ဂူ | ၆၀၆ |
| ၇။ | တာမဏီအုတ်ကျောင်းအနီးငှင်းအမှတ် ၄၇၉ | ၄၈ |
| ၈။ | သယ်ရာဇာ | ၃၃၃ |
| | | ၃၇၅၃ |

ဖွားစောနယ်

| | | |
|---|---|---|
| ၁။ | ခမ္မရာဇ်ကစေတီ | ၁၆၇၆ |
| ၂။ | မှန်စီစေတီ | ၃၈၄ |
| ၃။ | ဇေယျပွတ်စေတီ | ၃၀၀ |
| | | ၂၃၆၀ |

ပထမတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

| | ညောင်ဦးနယ် | ခန့်မှန်းခြေဆေးရေး စတုရန်းပေ ပမာဏ |
|---|---|---|
| ၁။ | မြန်ကြည့်ဂူ | ၃၈၉ |
| | | ၃၈၉ |

ဝက်ကြီးအင်းနယ်

| | | |
|---|---|---|
| ၁။ | ဂူပြောက်ကြီးဘုရား | ၁၀၁၈ |
| | | ၁၀၁၈ |

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘီနယ်

၁။ ရွှေကျောင်းဦးဘုရား ၂၁၅
၂။ မွန်ဂူ ၆၀
၃။ ကမ္မကျောင်းဦးဘုရား ၈၈
၄။ ရွှေသပိတ်ကြီးတောင်ဘက်ရှိဘုရား၈၅
၅။ သံပြင်ညီမ(ခေါ်)ဦးဆောက်ပန်စေတီ ၁၀၀

၅၄၈

ပထမတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

မင်းနန်သူနယ် ခန့်မှန်းခြေဆေးရေး စတုရန်းပေ

၁။ နန္ဒမညာ ၅၁၉
၂။ အဖ္ဖုဂေါဏာ ၁၈၄၀
၃။ သမ္ဘူလဘုရား ၄၄၄၀
၄။ ဘုရားသုံးဆူအမှတ် ၂၇၈ ၅၀၅
၅။ ဘုရားသုံးဆူအမှတ် ၂၇၉ ၂၅၀
၆။ ဘုရားသုံးဆူအမှတ် ၂၈၀
၇။ လေးမျက်နှာဘုရား ၄၄၄၀
၈။ စူဠာမဏိဘုရား ၈၄၀
၉။ မောင်ရှုံးဂူ ၁၁၆၄
၁၀။ သက်န်းရုံဘုရား ၁၂၂၄
၁၁။ သပွတ်ကန်စေတီ ၂၄၀၀

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၂။ မလာဖြစ်ဘုရား | ၁၄၅၆ |
| ၁၃။ ဆင်ဖြူရှင်အနီးသီဟိုရ်ပုံစေတီ | ၅၀၀ |
| ၁၄။ မင်းဝိုင်းစေတီ | ၁၅၀ |
| ၁၅။ တရုတ်ပြေးစေတီ | ၉၅၂၀ |
| ၁၆။ တပ်ကလေးဘုရား | ၁၀၀ |
| ၁၇။ စားပွဲတင်စေတီ | ၉၆၀ |
| ၁၈။ စောလှဝန်းစေတီ | ၂၇၇၇ |
| ၁၉။ ဘုရားအမှတ် ၃၀၇ (နန္ဒမညာအရှေ့မြောက်) | ၁၁၇၆ |
| ၂၀။ ဖိုးဒကလုံဘုရား | ၁၅၀ |
| ၂၁။ အရှေ့ကဿဖ | ၉၂၃ |
| ၂၂။ တောင်ကဿဖ | ၁၇၁၆ |
| ၂၃။ အရှေ့ဇုံသီး | ၅၁၁ |
| ၂၄။ အနောက်ဇုံသီး | ၆၄၀ |
| ၂၅။ သမန်းစေတီ | ၁၅၀၀ |
| | ၃၉၇၂၀ |

ဒုတိယတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

| <u>မြင်းကပါနယ်</u> | ခန့်မှန်းခြေဆေးရေး စတုရန်းပေ |
|---|---|
| ၁။ ဘုရားအမှတ် ၄၄၉ | ၂၃၆ |
| ၂။ ဆေးဘုရား | ၅၀၀ |

www.burmeseclassic.com

www.burmeseclassic.com




၃။ ဘုရားအမှတ် ၄၉၄ (စိုးမင်းကြီးအနီး) ၁၄၇

၄။ ဘုရားအမှတ် ၆၉၇(ဂူပြောက်ငယ်အနီး) ၄၀၀

၅။ ကျဆင်းဘုရား(အားလုံးပျက်စီးနေသည်)

---

၁၂၈၃

<u>သီရိပစ္စယာနယ်</u>

၁။ ဂူပြောက်ဘုရားရင်းအမှတ် ၄၁၅ ၁၄၆

၂။ တာမဏီအုတ်ကျောင်းအနောက်တောင် အနီး ၄၆၈ ၂၁၆

၃။ တာမဏီအုတ်ကျောင်းအနောက်မြောက် အနီးရှိဘုရား (မထိန်းသိမ်းရသေး)

---

၃၆၂

<u>မင်းနန်းသူနယ်</u>

၁။ ဘုရားအမှတ် ၃၄၀ ဝိနည်းဖိုရ်ဘုရား ၁၄၆၆

၂။ ဘုရားအမှတ် ၃၃၉ ဝိနည်းဖိုရ်ရုစု ၁၄၆၆

၃။ မလုံးဘုရား(အားလုံးပျက်စီး)

၄။ ငလူးဘုရား(အားလုံးပျက်စီး)

၅။ ဘုရားအမှတ် ၂၇၇ (ဘုရားသုံးဆူတောင်ဘက်) ၁၅၁

၆။ အစောကြွမ်းဘုရား ၁၀၁

---

၃၁၈

<u>[illegible]စနယ်</u>

၁။ သမုတ်စေတီ ၁၄၃၀

၂။ မဟာပိန်းစေတီ ၄၁၀


www.burmeseclassic.com

| | |
|---|---|
| ၃။ ကုသစေတီ | ၂၀၇၉ |
| ၄။ ရှင်မထီးစေတီ(ဘုန်းကြီးကျောင်းအနီး) | ၁၅၇ |
| | ၄၀၆၆ |

ဒုတိယတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

| ညောင်ဦးနယ် | ခန့်မှန်းခြေဆေးရေး စတုရန်းပေ |
|---|---|
| ၁။ သကျမုဏိစေတီ | ၅၈၃ |
| ၂။ ဘုရားငယ် (သကျမုဏိတောင်ဘက်ကပ်လျက်) | ၃၃၀ |
| ၃။ ကုန်းတော်ကြီး | ၁၂၃၀ |
| ၄။ ချောက်ဘုရားလှ | ၅၆၄ |
| | ၂၇၀၇ |

| ဝက်ကြီးအင်းနယ် | |
|---|---|
| ၁။ ခေမာဝရစေတီ (အားလုံးပျက်စီး) | |
| ၂။ သကြားတစ်ဘုရား | ၁၁၀၆ |
| ၃။ ဘုရားအမှတ် ၁၇၉ (သကြားတစ်၏မြောက်ကပ်လျက်ရှိ) | ၁၀၀ |
| | ၁၂၀၆ |

| ဓောင်ဘီနယ် | |
|---|---|
| ၁။ ဓောင်ဘီပိဋကတိုက် | ၃၀၈ |
| ၂။ ဂူန္ဒပစ္စယာ | ၁၂၄၈ |

www.burmeseclassic.com



| | |
|---|---|
| ၃။ နတ်တောင်ပိဋကတိုက် | ၅၂၀ |
| ၄။ ဘုရားအမှတ် ၁၄၅၁ | ၁၀၀ |
| | ၂၁၇၆ |

ဝဂံနယ်

| | |
|---|---|
| ၁။ ငဖုန်းသင်ရောင် | ၁၃၅ |
| ၂။ ဘုရားအမှတ် ၈၀၁ | ၂၅ |
| ၃။ သယမ္ဗူဘုရား(ရွှေဆံတော်အနီး) | ၁၁၃၁ |
| ၄။ မြောက်ဂူနီ | ၅၄၆ |
| ၅။ ဘုရားအမှတ် ၁၁၂၄(စံပြဂူအနီး) | ၄၀ |
| ၆။ ရွှေလိပ်ပြေးစေတီ(မထိန်းသိမ်းရသေး) | ၂၅ |
| ၇။ မြေဘုံသာဘုရားလှ | ၂၈၉ |
| ၈။ ဘုရားအမှတ် ၁၄၄၉ (တောင်ဘီလမ်းခွဲမြောက်ဘက်) | |
| ၉။ ဘုရားအမှတ် ၁၄၄၉ ၏မြောက်ဘက် အနီးရှိဘုရား | |
| ၁၀။ ဘုရားအမှတ် ၁၁၉၂ | ၁၀၀ |
| | ၂၂၈၂ |

ဒုတိယတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

မြင်းကပါနယ်

| | ခန့်မှန်းခြေဆေးရေး စတုရန်းပေ |
|---|---|
| ၁။ စိမ်းညက်မ | ၂၈၈ |
| ၂။ အပယ်ရတနာ | ၃၉၉၀. ၃၅ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၃။ ဂူပြောက်ကြီး | ၄၇၇၉·၀၉ |
| ၄။ သက်တော်ရှည်ဘုရား (အပယ်ရတနာအရှေ့တောင်) အားလုံးပျက်စီးသည် | |
| ၅။ ပြဿဒ္ဒေဂူ | ၅၀ |
| ၆။ ငါးမျက်နှာဘုရားရင်းအမှတ် ၇၂၈ | |
| ၇။ သက်တော်ရှည်အမှတ် ၂၀၂ (အားလုံးပျက်စီး) | |
| ၈။ နဂါးရုံစေတီဘုရား | ၁၅၀ |
| ၉။ ဘုရားအမှတ် ၄၉၈ ဘောဓိကျောင်းမြောက်ဘက်အနီး | ၂၀၀ |
| | ၉၁၅၇·၄၄ |

သီရိပစ္စယာနယ် — မရှိ

ဖွားစောနယ်

၁။ မင်းမရဲစေတီအားလုံးပျက်စီးသည်

၂။ သစ္စာဝတီစေတီ

မင်းနန်းသုနယ်

| | |
|---|---|
| ၁။ ဝိနည်းဇိုရ်ရုံစုအမှတ် ၃၃၈ | ၃၂ |
| ၂။ 〃 ၃၃၇ | ၃၈၆ |
| ၃။ ဆင်ဖြူရှင်စေတီ | |
| | ၄၁၈ |

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယတန်းစားပလာစတာဆေးရေးရှိသော ဘုရားများ

| ပုဂံနယ် | ခန့်မှန်းခြေဆေးရေး စတုရန်းပေ |
|---|---|
| ၁။ ဘုရားအမှတ်(၁၁၄၀) ဘုရားငါးဆူ၅၀ | |
| ၂။ ။ (၁၁၄၁) ။ | ၃၂ |
| ၃။ ။ (၁၁၄၂) ။ | ၃၂ |
| ၄။ ။ (၁၁၄၃) ။ | ၃၂ |
| ၅။ မြင်းပြဂူ | ၅၂၀ |
| ၆။ ဘုရားအမှတ် ၇၄၉ ပဲနှံ့သာဂူ | ၂၅ |
| ၇။ ။ ၇၉၅ ။ | ၂၅ |
| ၈။ ။ ၇၉၆ ။ | ၂၅ |
| ၉။ လောကဥသျှောင် | ၂၀၀ |
| ၁၀။ သဗ္ဗညုဘုရား | ၂၀၀ |
| ၁၁။ ဥပါလိသိမ်အနောက်မြောက်ဘုရား၅၀ | |
| ၁၂။ ကန်တော့ပလ္လင် | ၇၅၅ |
| ၁၃။ ဆင်ပြဂူ | ၁၀၀ |
| ၁၄။ ရှင်ပင်သာလျောင်း(အားလုံးပျက်စီးသည်) | |
| ၁၅။ တောင်ဂူနီ | ၂၅ |
| ၁၆။ ဘုရားအမှတ် ၇၂၈ မင်္ဂလာစေတီအနီး | |
| ၁၇။ ပြဿဒ္ဒေဂူ | |
| ၁၈။ နတ်လှောင်ကျောင်း | ၆၁၂ |

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ပုထိုးသားများ ၈၃၆၀

၁၀၃၆၃

ညောင်ဦးနယ်

၁။ သနီးဝှက်ဥမင် ၄၀

၄၀

ဝက်ကြီးအင်းနယ်

၁။ ကျန်စစ်သားဥမင် ၄၇၉

၂။ မြတောင်ကျောင်း ၁၀၀

၃။ အလိုတော်ပြည့် ၄၀၀

၄။ ဂူပြောက်ငယ် (အားလုံးပျက်စီးနေသည်)

၉၇၉

တောင်ဘီနယ်

၁။ ရွှေသပိတ်ကြီးမြောက်ဘက်ဘုရား ၂၅

၂။ ငါးမျက်နှာရင်းအမှတ် ၁၁၂၉ အားလုံးပျက်စီး

၂၅

**ပန်းချီဝေါဟာရ**

ပန်းချီဝေါဟာရနှင့် ပတ်သက်၍ အစောဆုံးတွေ့ရှိရသော ခေတ်မှာ ပုဂံခေတ်ပင်ဖြစ်ပါသည်။ ပန်းချီဟူသော အသုံးအနှုန်းကို ပုဂံခေတ်က အစပြုလျက် အထင်အရှားခေါ်ဝေါ် သုံးစွဲနေပြီဖြစ် ကြောင်း အထောက်အထားများ တွေ့ရပါသည်။ ပန်းချီဟူသော ဝေါဟာရမှာ လှပစွာကြွရွခြင်းဖြစ်သည်။ ပန်း၏အနက်မှာ ဆွမ်းပန်း

www.burmeseclassic.com

www.burmeseclassic.com



သမ်းပန်း၊ အောင်ပန်းသို့ကဲ့သို့ လှပခြင်းပင်ဖြစ်၍ ချီဟူသော စကားမှာ ချီပွေ့၊ ချီတက်ဟူသော စကားကဲ့သို့ ကြွရွခြင်းပင်ဖြစ်သည်။

"ပန်းချီ" ဝေါဟာရကို ပုဂံကျောက်စာများ၌ ပင့်ရစ်မပါဘဲ ရေးသားခဲ့ကြပါသည်။ သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး၊ ပုဂံမြို့၏ အိမ်တော်ရာကျောက်စာ၊ ၅၉၅ ခုနှစ်ထိုး၊ ပုဂံမြို့ ဇုံသီးဘုရားကျောက်စာ ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးခေါ်မြန်မာ၊ မွန်သုံးဘာသာဖြင့် ရေးထိုးခဲ့သော ရွှေစည်း ခုံခေါင်းလောင်းစာ (မြန်မာဘက်ကြောင်းရေ ၁၈) တွင် ဖြစ်သည်။ ပန်းချီ၌ ပန်ဟူသော စကား၌ ပညာဆိုသော ပါဠိမှ ရွေ့လျားလာသော ဝေါဟာရဖြစ်သည်။ "ပန်ညာ"ဟု မြန်မာနိုင်ငံမှတပါးအခြားသော အာရဝါဒနိုင်ငံ အားလုံးဖတ်ရွတ်ကြသည်။ ရွှေစည်းခုံခေါင်းလောင်းစာ၌လည်း "ပန်ညာ" ဟု ရေးသားခဲ့ကြောင်းတွေ့ရသည်။

ထို့ကြောင့် ပန်သည် ပညာပင်ဖြစ်သည်။ ထို့ကြောင့် ပန်သည် အတတ်ပညာကို ပြောသောဝေါဟာရတစ်ခုဖြစ်ကြောင်း ထင်ရှားလောက်ပေပြီ။ တစ်ဖန် 'ခ်ီ' ကို ဆန်းစစ် ကြည့်ပါက ခ်ီဝေါဟာရသည် ရေးခြစ်ခြင်းဟု အဓိပ္ပါယ် ဆောင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် 'ပန်ခ်ီ' သည် မင်ဆေးစသော တစ်စုံတစ်ရာဖြင့် ရေးခြစ်သော အတတ်ပညာပင်ဖြစ်သည်။

သုတေသီပညာရှင်ဆရာကြီး ဦးဖိုးလတ်၏ အယူအဆအရ မြန်မာရေး 'ပန်' နှင့် မွန် 'ပါန်' ပုဒ်တို့မှာ ပြုလုပ်ခြင်း၊ လုပ်ခြင်း၊ ပြုသူ၊ ပြုသူ၊ အနက်ဟောကြောင်း၊ ခ်ီမှာ တရုတ်ဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်သော ကီ(ခ်ိ) ပုဒ်မှ မြန်မာဘာသာ ခိ(ချိ) သို့ ဆင်းသက်ကြောင်း၊ ထို့ကြောင့် 'ပန်ခ်ိ' ၏ အနက်သည် ဆေးရောင်ခြယ် ဆေးရေးခြယ်သူဟု အဓိပ္ပါယ်ရကြောင်း ဆိုပါသည်။

ဤ၌ 'ပန်' ပုဒ်ကို ဆရာကြီးဦးလူဖေဝင်း၏ အဆိုအရ "ပညာ" ပုဒ်မှ ဆင်းသက်၍ 'ပန်ခိ' ကို ဆေးရေးခြယ်သော အတတ်ပညာဟု တနည်းကြံဆနိုင်ပြန်လေသည်။

ပန်းချီဟူသော ဝေါဟာရကို ပုဂံကျောက်စာများတွင် တွေ့ရှိရာ၌ ပန်းတွင် ဝိသဇ္ဇနီမဲ့ ချီတွင် အပင့်မဲ့များဖြင့် 'ပန်ခိ' ဟူ၍သာတွေ့ရှိရသည်။ တစ်ခါတစ်ရံမှာ 'ပန်ခ်ိ' ဟူ၍ပင် ဣသတ်နှင့် တွေ့ရတတ်ပါသေးသည်။

သက္ကရာဇ် ၅၉၅ ခုနှစ်ထိုး ရာဇမဟာမင်္ဂလပတိ ကျောက်စာ ကြောင်းရေ ၂၂ ၌ 'ကုလာ ၅ ထိပ်စည်သည် ခရာသည် ပန်တျာ ပန်းပုပန်းခိပန်ဖယ် ပုရန် ---' ဟူ၍ ရေးထိုးထားသည်ကို တွေ့ရပါသည်။ သက္ကရာဇ် ၅၉၈ ခုနှစ်ထိုး အသဝတ် ဓမ္မာသင်္ချိုင်းဂူဘုရား (စောလှဝန်းဘုရား) ကျောက်စာ ကျောဖက်ကြောင်းရေ ၁- တို့၌ -

"ကူရိယ်သော ပန်ခ်ိပိယ်သလေရ တွေ့ာင်ရိယ်သော ပန်ခ်ိပိယ်သလေ ၁၂၀" [၁] ဟုရေးထိုးထားသည်ကို တွေ့ရပြန်သည်။

ထို့ပြင် သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး ညောင်ရမ်းမင်းကြီး သမီးကျောက်စာ (အိမ်ရာကျောင်း၊ ကျောက်စာ) တောင်ဘက် ကျောက်ချပ်ကြောင်းရေ ၅ တွင်

---

၁။ ဇမောင်၊ ဦး၊ ပုဂံကျောက်စာလက်ရွေးစင်

www.burmeseclassic.com

www.burmeseclassic.com



"ပန်ပုသာငါပစင် ၁။ ငိငါဖန်သိယ် ၁။ ပန်ခိသာငါ့ပွည် ၁" ဟူ၍ တွေ့ရှိရပေသေးသည်။

ပန်းချီဟူသော ပစ္စုပ္ပန်ဝေါဟာရ၏ရင်းမြစ်များပင်ဖြစ် သည်။ ဤကား ပန်းချီဝေါဟာရထင်ရှားပေါ်ပေါက်ခဲ့သော ခေတ်ကျောက်စာအချို့မှ ထုတ်နုတ်ဖော်ပြရခြင်းဖြစ်ပါ သည်။

ပန်းချီပညာအကြောင်းများကိုလည်း ပုဂံကျောက်စာနှင့် ခြားကျောက်စာ မင်စာများတွင် တွေ့ရှိရပါသည်။

သက္ကရာဇ် ၅၄၁ ခုနှစ် ထိုးသင်းကြီး အဘိနန္ဒသူကျောက် ကြောင်းရေ ၄၊ ၅၊ ၆ တို့၌

"သ္ငိင်သာရိပုတ္တြာလေအှူယ်ရာည်ရိယ်အော်။

သ္ငိင်မောက္ကလာန် လေဟုတ်ရာည်ရိယ်အော်။

သ္ငိင် ----နှစ်ခုသော လေဟုယ်ရာည်ရိယ်ဘအ်။ ဟူ၍ ထိုးထားသည်။ ပန်းချီပညာဟု အတိအကျ ဆိုနိုင်သည့်တိုင် ချီပညာ၏ အရိပ်အငွေ့ဟူ၍ကား မချဆိုနိုင်ပါသည် "

တစ်နည်းအားဖြင့် ရွှေနန်းသုံး ဝေါဟာရအဘိဓာန်ကျမ်း ဖော်ပြပါရှိသော အရှေ့ရွှေပန်းချီ၊ အနောက်ရွှေပန်းချီ ထမ်းများအကြောင်းကို ထောက်ရှုလျှင် ဤကျောက်စာပါ ည်ရေးခြင်းအတတ်ကိုလည်း ပန်းချီပညာဟူ၍ပင် ဆိုထိုက် သည်။

ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၌ မြေနန်း၊ ပြဿဒ်တော် ောက်ဆောင်တော်များမှ ရွှေများဟသ်ာ ပြဒါးများ အရောင် ိန်သောအခါ နန်းကံကွေးဝန်၏ အဆင့်အဆိုအရ အသစ်

* မောင်၊ ဦး၊ ပုဂံကျောက်စာလက်ရွေးစင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သုတ်လိမ်းရေးခြယ်ရသော အမှုထမ်းများကို ရွှေပန်းချီ
အမှုထမ်းအဖြစ် ဖော်ပြသောကြောင့်ဖြစ်ပါသည်။

သက္ကရာဇ် ၅၅၉ ခုနှစ်ထိုး ဖုန်းသည် ဇေယျသိမ်
ကျောက်စာ (ကျောဖက်) ကြောင်းရေ ၁-၂ တို့၌ "ကူလှုသော
ဖုရှာသို့ခြင်လှုသော ဆိယ်ရိယ်သော" ဟုရေးထိုးထားခြင်းသည်လည်း
ပုဂံခေတ်ဆေးရေးပန်းချီ ဝေါဟာရသဲလွန်စဟု ဆိုနိုင်ပါသည်။

ထို့ပြင် သက္ကရာဇ် ၅၈၅ ခုနှစ်ထိုး မင်းအနန္တသူ (လေး
မျက်နှာ) ဘုရားကျောက်စာ၌ ၅၅၀ ဇာတ်တော်များ ဆေးရေးပန်းချီ
ကားများအဖြစ် အတင့်အတယ်ရေးကြောင်း ပါရှိနိုင်ပါသည်။

ပုဂံမင်းနန်းသူရွှာ သမ္ဗျုလ ဘုရားမုခ် လိုဏ်အတွင်း
ရေးခြယ်ထားသော မြတ်စွာဘုရားသခင်တာဝတိံသာမှ သင်္
သနကိုရ်ပြည်သို့ ဆင်းသက်တော်မူပုံ ဆေးရေးကားနှင့်တွဲလျက်
အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

"ဘုရားသခင်ကား၊ လူရွာ၌၊ ယမိုက်မည်သော၊
ပြာဒီဟာကိုမူပြီး၍ တာဝတိံသာနတ်ရွာ၌၊ အမိ
နတ်သားကို၊ အရင်းမူ၍ စကြာဝဠာတစ်သောင်း
မှလာသော၊ နတ်များတို့အား၊ ဝါသုံးလ၊ အဘိဓမ္မာ
တရားဟောလေ၏"

"ဝါကျွတ်ပြီးရကား သိကြားပြုသော၊ လှေကားသုံး
ခုသောတွင် အလယ်ထားသော ပတ္တမြားလှေကား
ကား၊ ဖုရှားသခင်သက်၏။ လကျ်ယာထားသော၊

www.burmeseclassic.com



ရွှေလှေ့ကား ကားဖြဟ္မာတို့သက်၏။ လက်ဝဲထား
သော ငွေလှေ့ကားကားနတ်များတကာ သက်၏။
ဖြဟ္မာကြီးထီးဆောင်း၏။ သိကြားကား ခရုသင်းမှုတ်
၏။ ပဉ္စသီခနတ်သားကား စောင်းကြီးတီးလျက်
လိုက်လာ၏။"

"ထိုသောအခါ လောကဝိဝရကာမည်သော ဗုဒ္ဓ (၃)
ဟာ ဖုရှားသိခင်မူ၏။ အဝီစိကလည်း၊ အထက်ဘက်
တိုင်အောင်၊ အရောင်တက်ချင်း၊ လင်းလေ၏
လူလည်းနတ်ကို မြင်ရ၏။ နတ်လည်း လူကိုမြင်ရ၏"

ထိုပြင် သက္ကရာဇ် ၆၅၄ ခုနှစ်ထိုး၊ ကြန္တပစ္စယာဘုရား ကျောက်စာတွင်လည်းကောင်း၊ သက္ကရာဇ် ၇၀၃ ခုနှစ်ထိုး အသင်္ခယာစောယွမ်းမင်း၏ သမီးစိုးမင်းကိုယ်တော်ကြီးကျောင်း ကျောက်စာတွင်လည်းကောင်း၊ သက္ကရာဇ် ၇၄၃ ခုနှစ် ထိုး စစ်ကိုင်း စောဥမ္မာကျောင်းကျောက်စာတွင်လည်းကောင်း၊ သက္ကရာဇ် ၈၀၄ ခုနှစ် တောင်တွင်းမင်းသိရိ ဇေယျမောင်နှံ့ တို့ကောင်းမှု၊ ပုဂံ ဘက်န္တဲကျောင်းကျောက်စာတွင်လည်းကောင်း၊ သက္ကရာဇ် ၈၃၀ ပြည့်နှစ်ထိုး စစ်ကိုင်းအနန္တသူရိယကျောင်း ကျောက်စာတို့၌လည်း ကောင်း၊ ပန်းချီပညာနှင့်ပတ်သက်၍ ရေးသားဖော်ပြခဲ့သည့် ဝေါဟာရများကို တွေ့ရပါသည်။

သက္ကရာဇ် ၆၁၅ ခုနှစ်ထိုး သံပျင်ကက်သိကြံလင်မယား ကောင်းမှု၊ ညောင်ဦးငှက်ပစ်တောင်ဘုရား ကျောက်စာတွင် လည်း-

www.burmeseclassic.com

www.burmeseclassic.com



"ကူလေးမျက်နှာ ပုရှားဆင်းပု ၄၀၀၀ ရေး၏
ပုရှားအောက် ဇတ်အစုံရေး၏" ဟု ဖော်ပြထားသည်။

သက္ကရာဇ် ၅၉၈-၅၉၉ ခုနှစ်ထိုးအမတ်ညာဏပိစည်
ကောင်းမှု ပုဂံမဟာဗောဓိဘုရား ကျောက်စာ၌မူကား-

"ကူဆေးရေးသည်ကား တန်းဆူလဆန်း ၁၀၊ သုကြာနေ့၊
ကူပုရဟာ ပုရှား-ဘုရား) ၁၄၆၁၉ ယောက်၊ ဇတ်
၅၀၀၊ ၁၃ ရက်၊ တန်နှင်လာနေ့ ပြီး၏ "

ဟူ၍ပင် ပန်းချီရေးခြယ်သည့်ရက်စွဲ၊ ရေးခြယ်ပူဇော်ခဲ့သည်
ဘုရားဆင်းတုအရေအတွက်ပါ အသေအချာ စာရင်းတင်ထား
သည်ကိုတွေ့ရပါသည်။

ဇာတ် ၅၅၀ ဟုဆိုသော်လည်း ပေါ်လွှင်ထင်ရှားအော
တခန်းတစ်ကွက်မှာသာ အကျဉ်းချုံး၍ ရေးဆွဲခြင်းမ်ိုးဖြစ်
ကျောက်စာပါအတိုင်းဇာတ် ၅၅၀ ကိုရက်ပိုင်းလောက်နှင့် ပြီးနို
ဖွယ်ရှိလေသည်။

## ပုဂံပန်းချီလေ့လာချက်

ပုဂံဘုရားများအတွင်းရှိ နံရံဆေးရေးလက်ရာအများစု
၁၂ ရာစု နှင့် ၁၃ ရာစုအတွင်း ရေးဆွဲခဲ့ကြောင်းတွေ့ရသည်
အားလုံးလိုလိုပင် ဘုရားဖြစ်တော်စဉ်များ၊ ဇာတက ဇာတ်တော်မ
ရေးခြယ်လေ့ရှိကြောင်း တွေ့ရသည်။ ယခုအခါ စေတီကြီးမ
အထက်၊ ဂူဘုရားငယ်အတွင်းရှိ ဆေးရေးလက်ရာများက ပို
လတ်ဆတ် ကောင်းမွန်သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံနံရံပန်းချီများ၏ အဓိက အကြောင်းအရာမှာ နှစ်ကျိပ်ငါးဆူဘုရားတို့၏ ဗျာဒိတ်ခန်းနှင့် ပွင့်ရာဗောဓိပင် ပုံတော်များကို အသားပေးရေးဆွဲလေ့ရှိသည်။ ထို့နောက် သံဗုဒ္ဓေဘုရားပုံတော်များ ရေးဆွဲသည်။ ထို့နောက် ၅၅၀ ဇာတ်ဆေးရေးကားများ ရေးခြယ်မြဲဖြစ်သည်ကိုလည်း တွေ့ရပါသည်။

ပုဂံဘုရားများတွင် ဇာတ်ဆေးရေးကားများနှင့် တွဲ၍ ဗုဒ္ဓဝင်ပန်းချီကားများကိုလည်း ရေးဆွဲတတ်ကြသည်။ ဗုဒ္ဓဝင်ပန်းချီကားများကို အခန်းကျယ်ကြီးများဖွဲ့ကာ ရေးဆွဲမြဲဖြစ်၍ ဇာတ်ပန်းချီကားများထက် ရေးချက်ပိုမိုစုံလင်သည်ကို တွေ့ရသည်။


ပုဂံဘုရားများအတွင်းရှိ ဆင်းတုတော်ကြီးများ၏ နောက်ခံနံကပ်မျက်နှာပြင်မှာပင် ပန်းချီဒီဇိုင်းများရေးဆွဲခြယ်မှုန်း လေ့ရှိသည်။ ဆင်းတုတော်ကြီးများ၏ဝဲယာတွင် ရဟန္တာကြီးတစ်ပါးစီ မိုဂ္ဂလ္လာန်မဟုတ် သိကြားလကျာ၊ ဗြဟ္မာလက်ဝဲဟူသော စာဆိုနှင့်အညီ သိကြားပုံကို လကျာဘက်၌လည်းကောင်း၊ ဗြဟ္မာပုံကို လက်ဝဲဘက်၌ လည်းကောင်း ရေးဆွဲလေ့ရှိသည်။ ဘုရားလောင်းနတ်သားပုံများကို ပြည့်စုံစွာဘုရား၏ အခြံအရံအဖြစ် ရေးဆွဲလေ့ရှိသည်။

ပုဂံဘုရားတိုင်းလိုလိုမှာပင် တွေ့ရသော ဆေးရေးလက်ရာတစ်မျိုးမှာ မျက်နှာကြက် ပန်းဒီဇိုင်းများဖြစ်သည်။ မင်းနန်သူ ဆေးမျက်နှာဘုရားမှစ၍ ဘုရားတိုင်းလိုလိုရှိ မျက်နှာကြက် ဆေးရေးလက်ရာများကား ဆင်စွယ်ဝန်းယှက်သဏ္ဌာန် စက်ဝန်းများအတွင်းမှ ဘုရားဆင်းတုတော်များနှင့် နတ်ရုပ်များကို အဆန်းကြယ်စွာ ရေးခြယ်ထားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






နန္ဒမညဘုရားမြောက်ဘက်နံရံပန်းချီလက်ရာများ
မင်းနန်သူရွာ၊ ပုဂံ

www.burmeseclassic.com

www.burmeseclassic.com






နန္ဒမံညဘုရားနံရံပန်းချီ
၁၃ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






လောကထိပ်ပန် ဘုရားအတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com





ဟင်္သာဘုရင်နှင့် ဟင်္သာ ၉ သောင်းနောက်ပါခြံရံလျက်
တိလောကဂုရုလိုဏ်ဂူ
၁၇ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com



ပုဂံဘုရားများ၏ အမိုးမျက်နှာကြက်များ၌ အထူးသဖြင့် အာရုံခံအမိုးမျက်နှာကြက်များတွင် ၁၀၈ ကွက်စက် လက္ခဏာတော် ဆေးရေးကားများ ရေးခြယ်ဖော်ထားလေ့ရှိပါသည်။

ပုဂံတွင် ဗြဟ္မာဏ ဘာသာသက်ဝင်ယုံကြည်သူများလည်း ရှိရာ အချို့ဘုရားများတွင် ဟိန္ဒူနတ်ရုပ်ပုံများကို ရေးခြယ်ထားသည်ကိုလည်းတွေ့နိုင်သည်။

ပုဂံခေတ်ပန်းချီကို အမျိုးအစားခွဲခြားကြည့်လျှင်-

(က) ဗုဒ္ဓဝင်နှင့် ရုပ်ပွားတော်များ
(ခ) ငါးရာ့ငါးဆယ်ဇာတ်တော်များ
(ဂ) မဟာယာနနှင့်ကန္တရပန်းချီများ
(ဃ) နတ်ရုပ်ဗြဟ္မာရုပ်များ
(င) ပုဂံခေတ်ပုဂံသား/သူများ
(စ) အတီးအမှုတ်အကအခုန်ပုံများ
(ဆ) ကနုတ်ပန်းပုံများ
(ဇ) တိရစ္ဆာန်ပုံများ --- ဟူ၍အမျိုးမျိုးတွေ့နိုင်ပါသည်။[၁]

ငါးရာ့ငါးဆယ် နိပါတ်တော်များသည် အရေအတွက်များပြားသဖြင့် ပုဂံဘုရားနံရံများ၌ ဇာတ်တော်တစ်ခုမှ ကောင်းနိုးရာရာ အခန်းတစ်ခန်းစီကိုသာ ရေးခြယ်နိုင်၍ ပန်းချီကားတစ်ခုကို စတုရန်းအကွက်ငယ်အတွင်း၌သာ နေရာပေးနိုင်သည်။ ဗုဒ္ဓဝင်ကားများမှာကား ဇာတ်တော်လောက်မများသဖြင့် နေရာကျယ်ကျယ်

၁။ ရွှေကိုင်းသား-ပုဂံဆေးရေးပန်းချီ၊ မန်းရာပြည့်စာစောင်။

www.burmeseclassic.com

www.burmeseclassic.com



ပြန့် ရုပ်ပုံကြီးကြီးနှင့် အနုစိတ် ရေးဆွဲခြယ်မှုန်းနိုင်ကြသည်။ ကျန်စစ်သားမင်းလက်ထက် ပုထိုး သားများ၊ အပယ်ရတနာ၊ နဂါးရုံနှင့် မြင်းကပါဂူပြောက်ကြီး ဘုရားတို့တွင် ဇုဒ္ဒဝင်အခန်းများကို တစ်ခမ်းတစ်နားရေးဖွဲ့ထား သည်။ ဖွားတော်မူခန်း ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း၊ ဓမ္မစကြာဟောခန်း၊ နာဠာဂီရိဆင်ချတ်ခန်း၊ နန္ဒောပနန္ဒ နဂါးမင်းချတ်ခန်း၊ အာဠာဝက ဘီလူးချတ်ခန်းတို့ကို အများ ဆုံးရေးခြယ်သည်။ အဆိုပါ ကျန်စစ်မင်းလက်ထက်ရေးဆွဲခဲ့သော ပန်းချီလက်ရာများသည် ပုဂံတွင် ရှေးအကျဆုံး လက်ရာများဖြစ်လေသည်။ ပုထိုးသားများဘုရားတွင် ကာဠုဒေဝီလ ရသေ့သည် ဘုရားလောင်းကို ဖူးမြင်ခန်းရေးဆွဲထားပါသည်။ အပယ်ရတနာဘုရားတွင် မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူခန်းကို ရေးဆွဲထားပါသည်။ မြတ်စွာဘုရား၏ ဝဲယာအထက်ဆီ၌ နတ်သားနှစ်ပါးကြာပန်းတို့ဖြင့် ပူဇော်နေပုံပါသည်။ အောက်ခြေ၌ ဘုရင်နှစ်ပါးကန်တော့နေဟန်ပါသည်။ မင်းနှစ်ပါးသည် သဒ္ဓါ တက်သန်သော အသွင်ဖြင့် ကန်တော့နေပုံမှာ လွန်စွာ တင့်တယ်သည်။ ပန်းချီကားဖွဲ့စည်းပုံ နှစ်သက်ဖွယ်ဖြစ်ပါသည်။[၁]

ကျန်စစ်သားကောင်းမှု နဂါးရုံဘုရားတွင်လည်း ဇုဒ္ဒဝင်အခန်းများရေးဆွဲထားပါသည်။ ဇုဒ္ဒဝင်ပန်းချီလက်ရာများတွင် မြတ်စွာဘုရားအား မင်းပရိသတ်နှင့် အရပ်သူအရပ်သားများ

---

[၁] ရှေးရိုးမြန်မာပန်းချီ၊ ယဉ်ကျေးမှုဌာန ၁၉၆၆။

www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးနေပုံမှာ သရုပ်ပါလှသည်။ အိန္ဒိယမှ အဇန္တာပန်းချီလက်ရာ
အငွေ့အသက်များတွေ့ရသည်။

မြင်းကပါဂူပြောက်ကြီးဘုရား၌ တိတ္တိတို့ပြာဋီဟာ ပြခန်း
ပန်းချီကားကို တွေ့နိုင်သည်။ သာဝတ္တိပြည်အနီးတွင် မြတ်စွာ
ဘုရားနှင့် တန်ခိုးပြိုင်ရန် ရောက်လာကြသော တိတ္တိတက္ကဒွန်
တို့သည် မဏ္ဍပ်၌ စုဝေး၍တန်ခိုးပြသော ပန်းချီကားဖြစ်သည်။
ဂူပြောက်ကြီး၌ပင် မြတ်စွာဘုရား တာဝတိံသာမှ သင်္ကဿနဂိုရ်
ပြည်သို့ သက်ဆင်းဟန်ပန်းချီကားကိုလည်း တွေ့နိုင်သည်။[၁]

မင်းနန်သူရွာအနီးရှိ နန္ဒမညဘုရားတွင် ဖွားတော်မူခန်း
ပန်းချီကားကို အကွက်ကြီးကြီးချဲ့၍ ရေးဆွဲထားသည်ကို တွေ့ရ
သည်။ နန္ဒမညဘုရားသည် အပယ်ရတနာနှင့်မြင်းကပါ ဂူပြောက်
ကြီးဘုရားတို့ထက်နှစ်ပေါင်း ၁၀၀ နောက်ကျသည်။ ၁၃ ရာစု
အလယ်လောက်တွင် တည်ထားကိုးကွယ်ခဲ့သည့် လောကထိပ်ပန်
ဘုရားနှင့် အခြားဘုရားများရှိ လက်ရာနှင့်ပုံစံ ခြင်းတူသော်လည်း
နန္ဒမညဘုရားရှိ ဖွားတော်မူခန်းသည် လက်ရာအမြောက်ဆုံးဖြစ်ပြီ
ဆေးရောင်လည်း အလတ်ဆတ် ဆုံးဖြစ်ပါသည်။ မယ်တော်
မာယာသည် ပန်းချီကားထဲတွင် အဓိကဇာတ်ဆောင်ဖြစ်၍ အခြား
အရုပ်များထက် အရွယ်ကြီး ကြီးထားပြီး အသားပေး ရေးဆွဲထား
သည်။ မယ်တော်မာယာနှင့် ပဇာပတိဂေါတမီတို့မှာ လက်စည်း
လက်ကြပ်များ ဆင်မြန်းထားသည်။ မယ်တော်မာယာ၏ မျက်နှာ

---

၁။ ရှေးရိုးမြန်မာပန်းချီ၊ ယဉ်ကျေးမှုဌာန ၁၉၆၆။

www.burmeseclassic.com



မှာ ဂေါတမီ၏မျက်နှာထက်ပို၍ ကုလားဆန်သည်။ မယ်တော်မာယာနှင့် ဂေါတမီတို့၏ ကိုယ်ဟန်အနေအထားမှာ နွဲ့နှောင်းသော တြိဘင်္ဂခေါ် သုံးဆစ်ချိုးအနေအထားဖြစ်သည်။ ခါးစည်းအဝတ်အစားများကိုအသေးစိတ် ပန်းဒီဇိုင်းများမှုန်းခြယ်ထားသည်။ မာယာဒေဝီ၏ ခါးစည်းတွင် ကြာပန်းဖော်ထားသည်။ ကြာပွင့်တစ်ခုစီအတွင်းတွင် ပုံစံတစ်မျိုးစီရေးခြယ်ရာ အဆင်ကွဲပုံစံနှစ်မျိုးမျှတွေ့ရသည်။[၁] အမျိုးသမီးများ၏ ကိုယ်နေဟန်ထားနှစ်ခုမှာ ပျော့ပျောင်းနွဲ့နှောင်းလှသည်။ လက်ဟန်အနေအထားများလည်း အချိုးအဆစ်ပြေပြစ်သည်။ မာယာဒေဝီ၏ လက်ယာလက်သည် အင်ကြင်းကိုင်းကို ဆုပ်ကိုင်မထားသော်လည်း ကိုင်ထားဘိသကဲ့သို့ ထင်မြင်စေသော မုဒြာလက်ဟန် ရေးဆွဲထားသည်။ လက်ဝဲလက်သည် အားအင်ယုတ်လျော့ဟန်ပါသည်။ လက်ချောင်းကလေးများ ပြိုင်တူတွဲလောင်းကျနေသည်။ ဂေါတမီ၏ လက်ယာလက်သည် အစ်မတော်၏ခါးကို ဖက်ထားဟန်မှာ ယခုခေတ်အနောက်ပန်းချီရေးနည်းစနစ် နှင့်ကိုက်ညီသည်။ ခေတ်ပန်းချီတွင် အမျိုးသမီးလက်ပုံ ရေးဆွဲရာ၌ လက်သန်းသည် လက်သူကြွယ်နှင့်ကွာနေ၍ လက်သူကြွယ်နှင့် လက်ခလယ်ကို ပူးကပ်နေမှ ခင့်တယ်လှပသည်။ ခေတ်မီသည်ဟုအဆိုရှိသည်။

ဖွားတော်မူခန်းကို ရေးဆွဲသူ ပုဂံပန်းချီဆရာသည် သမြောက်အောင် အသေးစိတ်မှုန်းခြယ်နိုင်သူဖြစ်သည်။ သို့သော်


---

၁ ရှေးဟောင်းမြန်မာပန်းချီ၊ ယဉ်ကျေးမှုဌာန ၁၉၆၆။

www.burmeseclassic.com

www.burmeseclassic.com





မဟာနာရဒဇာတ်
တိလောကဂုရုလိုဏ်ဂူ၊ စစ်ကိုင်း။




ဥမ္မာဒန္တီဇာတ်
တိလောကဂုရုလိုဏ်ဂူ၊ စစ်ကိုင်း။

www.burmeseclassic.com

www.burmeseclassic.com





စက်တော်ရာ
တောင်ဘီပိဋကတ်တိုက်
တောင်ဘီရွာ၊ ပုဂံ
၁၆ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com



အများအယွင်းကြီးတစ်ခုကို ပန်းချီကားတွင်တွေ့ရသည်။ မာယာ၏ ခြေထောက်အနေအထားများ လိမ်နေခြင်း ဖြစ်လေသည်။ ဖွားတော်မူခန်း ပန်းချီကားတွင် ဘုရားသည် မယ်တော်မာယာ၏ တင်ပါးမှထွက်ပေါ်လာဟန်တွေ့ရပါသည်။

ပုဂံခေတ်တွင် အစောဆုံးနှင့် အကောင်းဆုံး လက်ရာ သဖွယ် ယူဆနိုင်သည့် အပယ်ရတနာဘုရားမှ တွေ့ရသော ရုပ်ပုံမှာ မြတ်စွာဘုရား၏ "ကြာပလ္လင်နှင့် တင်ပြင်ခွေ" ပုံတော် ဖြစ်သည်။ ကြာဖူးကြာငုံကြာပွင့်ကြာရွက် စသည့်ကနုတ်ချက်ပုံ များထည့်၍ရေးထားသည်။ မကာရ်းပုံတစ်ခုတွင်မူ ပုဂံခေတ် ပန်းချီ ဆရာတို့၏ ဉာဏ်ကွန့်မြူးချက်ကို တွေ့ရသည်။ မကာရ်း၏ နှာမောင်းထိပ်မှ ကြာဖူးကြာငုံမှာလည်း ကနုတ်ချက်များထင် ရှားလှပကြသည်။ ကနုတ်ကို မြတ်လေးနွယ်စသော ပန်းနွယ် ပန်းခက်များ ရောယှက်၍လည်းကောင်း၊ သားရဲတိရစ္ဆာန်ရုပ်၊ ငှက်ရုပ်၊ နတ်ရုပ်တို့နှင့် ဖက်စပ်၍လည်းကောင်း ရေးဆွဲခြယ် မှုန်းထားသည်။ မင်းနန်သူဘုရား သုံးဆူအတွင်းမှာပင် ကုလား ဟန်လွှမ်းသော အရည်းကြီး ဆေးရေးကားများကိုလည်း တွေ့ရ သည်။ ဂူပြောက်ကြီးဘုရားဆေးကားမှ မတ်တပ်ရပ်ဘုရား ကိုယ်တော်ရှစ်ဆူပုံမှာလည်း လက်ရာမြောက်လှသည်။

ပုဂံခေတ် ပန်းချီလက်ရာများတွင် သာမန်လူပ်သား ပြည်သူတို့၏ ဘဝသရုပ်ဖော်ပန်းချီရေးဆွဲမှုမရှိသလောက်ပင် ဖြစ်သည်။ ပုဂံခေတ် ပန်းချီများကိုကြည့်လျှင် ဗုဒ္ဓဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com



ရာနှင့်မကင်းလှရာ ဘာသာရေးကိုသာ အလေးပြုရေးဆွဲသည်။ သို့သော် ဇာတ်တော်များရေးဆွဲရာ၌ပင် ပုဂံခေတ် ဝတ်စားဆင်ယင်မှုနှင့် သွားလာလှုပ်ရှားမှုကို ဖော်ပြနိုင်သည့် မင်း၊ မှူးမတ်၊ ပုဏ္ဏား စသည့် နန်းတွင်းဆိုင်ရာပုဂ္ဂိုလ်တို့၏ပုံပန်းကို တွေ့ရသည်။ သာမန်လူများ ဘုရားဝတ်ပြုနေဟန်ကိုသာ အများဆုံး တွေ့ရသည်။ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ပုဂံခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း သုံးခေတ်စလုံး အမျိုးသားများ ခါးတောင်းကျိုက်လုံချည်တို့ကို ဝတ်ဆင်သည်။ ထူးခြားချက်တစ်ရပ်မှာ အဆင့်အတန်းမရွေး ခါးပြတ်ပဝါသင်ရှည်(ပဝါ ရှည်)ပခုံးပေါ် ကချသည်။ ကျား-မမရွေး နားဒေါင်း၊ လက်ကြပ် ဆင်မြန်းသည်။ ယောကျ်ားများ နားပန်ပန်သည်။ မိန်းမများ ခါးပြတ်လုံချည်ဝတ်သည်။ ဘောင်းဘီသဏ္ဍာန်အရှည် ဖြစ်သည်။ ရင်စည်းရှိသည်။ လက်တိုခါးပြတ်အင်္ကျီ (ကုလားမ အင်္ကျီပုံစံ) ဝတ်ဆင်လေ့ရှိသည်ကို တွေ့ရသည်။ မြင်းကပါ တောင်ဘက်ရှိ ဘုရားတစ်ဆူတွင် ၅၅၀ ဇာတ်ရေးဆွဲထားရာ၌ လယ်ထွန်ပုံပါရှိသည်။ မွန်ဂိုစစ်သည်ပုံများ ရေးဆွဲရာတွင် ထူးခြားမှုရှိသည်။ ကောက်ကြောင်းနိုင်နင်းသည်။ လောကထိပ်ပန်ဘုရားရှိ ဝေဿန္တရာဇာတ်တော်တွင် ဇူဇကာပုဏ္ဏားပုံရေးဆွဲထားရာ၌ မာန်ပါသည်။ လောကထိပ်ပန်မှာပင် ဝိဓုရဇာတ်တွင် ဘီလူးရေးဟန်တွေ့ရသည်။ ဣရန္ဒတီပုံတွင် အင်္ကျီခါးပြတ် ဝတ်ဆင်ထားသည်။ ရင်သားထုထည် ပေါ်အောင်အလင်းအမှောင်သုံးထားသည်မှာ ထူးခြားချက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒမညဘုရား၌ ကြာဖူးကြာပွင့်တို့ကို ကိုင်ဆောင်၍ ပူဇော်နေသော ဥပသကာတစ်ဦးပုံကို တွေ့ရသည်။ ခါးစည်းသာ ဝတ်ဆင်ထားပြီး အပေါ်ဝတ်ရုံမပါ၊ လက်စည်း၊ လက်ကြပ်များ၊ ဝတ်ဆင်ထားသည်။ မုတ်ဆိတ်ရေးရေးပါသည်။ ကျန်စစ်သား ဥမင်တွင် ပန်းအိုးကိုင်၍ ပူဇော်နေသော အမျိုးသမီးတစ်ဦးပုံ ရေးဆွဲထားသည်။ အပေါ်ပိုင်းပဝါအရှည်ကို ရစ်သိုင်း၍ ရင်လျား ဝတ်ထားသည်။ လက်စည်းလက်ကြပ် ဝတ်သည်။ ကိုယ်နေဟန် အနေအထားမှာ ဘုရားဖူးသွားဟန်ဖြစ်သည်။ နန္ဒမညဘုရား အတွင်းမှ အမျိုးသမီးများ ကျောင်းသို့သွားပုံမှာလည်း ပုဂံခေတ် ကြေးမုံပင်ဖြစ်ပါသည်။ ဘုရားသုံးဆူတွင် လှံသွားနှင့် မြှားတို့ကို ကိုင်ဆောင်ထားသော ယောကျ်ားရုပ်သည်လည်း ပုဂံခေတ်အရပ် သားတစ်ဦးကို ပုံစံယူရေးဆွဲခဲ့ခြင်း ဖြစ်တန်ရာသည်။ ရင်ပတ်တွင် ထိုးကွင်းများထိုးထားသည်။

အပယ်ရတနာဘုရားနှင့် ပုထိုးသားများ ဘုရားတွင် ဗုံတီး နေသော အမျိုးသား၊ ခွက်ခွင်းတီးနေသော အမျိုးသား၊ ကနေသော အမျိုးသား၊ ကနေသော အမျိုးသမီးပုံများကို တွေ့ရသည်။ ခါးဝတ် နှင့် ပဝါပါးကို ဆင်မြန်းထားပုံပါရှိသည်။ ဗုံတီးသူများ မိမိတို့ ကိုယ်တိုင်တီး၍ ကိုယ်တိုင်ကနေဟန်ဖြစ်သည်။

ပုဂံခေတ် ပန်းချီလောကသည် ဘာသာရေးကို အလေးထား အကူပြုသည်သာမက အခြားယဉ်ကျေးမှုရေးရာ ခေတ်ကြေးမုံ ဝတ်စားဆင်ယင်ပုံတို့အတွက်ပါ အကျိုးပြုနေပေသည်။ထိုခေတ် ဘာသာရေးဆိုင်ရာအခမ်းအနား အရည်းကြီးတို့အား ပန်းဦးလွှတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုဇော်သွားပုံ အခမ်းအနားဆိုင်ရာ ပန်းချီကားများသည် ထိုခေတ် ကြေးမုံကို ဖော်ပြသည်။

လူပုံ၊ နတ်ပုံ၊ ဘုရားပုံတို့ကို ကြည့်၍ ထိုခေတ်က ဝတ်စား ဆင်ယင်မှုကို သိရသည်။

## ပုဂံခေတ်အဝတ်ပန်းချီ

ပုဂံခေတ်ပန်းချီရေးဆွဲနည်းများအနက် ထူးခြားခေတ်မီ သော ရေးနည်းတစ်မျိုးမှာ အဝတ်ပိတ်စပေါ်တွင် ရေးဆွဲသည့် ရေးနည်းဖြစ်ပါသည်။ ယခုခေတ် ကင်းဘတ်စ၊ ပိတ်ပေါ်တွင် ရေးဆွဲသကဲ့သို့ ရေးဆွဲနေခဲ့ပြီဖြစ်ကြောင်းတွေ့ရသည်။ ပုဂံခေတ် ပန်းချီပညာအဆင့်အတန်းမြင့်မားပုံကို ဖော်ပြခြင်းပင် ဖြစ်လေ သည်။ ပုဂံပန်းချီမှတ်ရာမှတ်စုများကို ပြန်ကြည့်လျှင် ရာနှုန်းပြည့် ဂူဘုရားအတွင်း အင်္ဂတေနံရံများပေါ်တွင်သာ ပန်းချီရေးထား ကြောင်း တွေ့ရမည်ဖြစ်သည်။

ပုဂံခေတ် အဝတ်ပန်းချီရေးနည်းကို နှစ်မျိုးနှစ်စားတွေ့ ရသည်။ တစ်မျိုးမှာ ဂူဘုရားနံရံတွင်လည်းကောင်း၊ ပလ္လင်နှင့် ဆင်းတုတံကဲတို့တွင်လည်းကောင်း၊ အဝတ်များကို ကော်ဖြင့် ကပ်နှံ့အောင်ကပ်ပြီးမှ ထိုပေါ်တွင် ရေးဆွဲခြင်း၊ ဒုတိယရေးနည်းမှာ အဝတ်ကို ဘောင်ကျက်၍ယခုခေတ်ကဲ့သို့ ပန်းချီရေးဆွဲခြင်း ဖြစ်သည်။ အဝတ်ဘောင်ကျက်၍ ရေးဆွဲရာတွင်လည်း ဦးစွာ ရေးဆွဲမည့်အဝတ်ပေါ်တွင် အင်္ဂတေနှင့် ထုံးရောပြီးထားသော

www.burmeseclassic.com



သရွက်နုစား၊ ခပ်ပါးပါးအချောကိုင်ပြီးမှ ဆေးရောင်စုံဖြင့် ရေးဆွဲခြင်းဖြစ်သည်။

ပထမအမျိုးအစားတွင် ပါဝင်သော အဝတ်ပန်းချီ လက်ရာများကို တွေ့နိုင်သည့် ဂူဘုရားများမှာ ဝက်ကြီးအင်း အနောက်ရွာ၊ တောင်ဘက်ရှိ ဘုရားလေကုန်းဘုရားငယ်အတွင်း နံရံတပြင်လုံး အဝတ်များထပ်၍ ဇာတ်နိပါတ်များ၊ နတ်ရုပ်များ၊ ကနုတ်ပန်းများ ရေးဆွဲထားသည်။ ပလ္လင်နှင့်တံကဲတို့တွင် အဝတ်များကပ်၍ ပန်းချီ ရေးခြယ်သော ဂူဘုရားနှစ်ဆူမှ ဘုရားအမှတ် (၁၀၄၃) ဂူဘုရားငယ် အတွင်းရှိ ပလ္လင်နှင့်တံကဲတွင်လည်းကောင်း၊ ဥပါလိသိမ်အနောက် ဘုရားစုမှ အရှေ့ဘက် မျက်နှာလှည့် ဂူဘုရားငယ်အတွင်းရှိ တံကဲ မျက်နှာပြင်တွင်လည်းကောင်း၊ အဝတ်ပေါ်ရေး ပန်းချီလက်ရာများ တွေ့ရပါသည်။

ဒုတိယအမျိုးအစားဖြစ်သည့် အဝတ်ပန်းချီလက်ရာကို များများစားစားမတွေ့ရသေးပါ။ အဝတ်ပန်းချီလက်ရာတစ်ခုကို ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ကြောင့် ပြိုကျသွားသော တောင်ဘီရွာ အရှေ့ဘက်ဂူဘုရားအတွင်းရှိ ဆင်းတုတော်လက်မောင်း အတွင်းမှ တွေ့ရှိခဲ့သည်။ တွေ့ရှိစဉ်က သစ်သားတုတ်တံတစ်ခုဖြင့် လိပ်ထား ရာ ပန်းချီကားလိပ်ကို ဖြန့်လိုက်သည့်အခါ ကြွပ်နေသော အဝတ် ပန်းချီသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့သည်။ ရှေးဟောင်း သုတေသနဌာနက ပြုပြင်၍ အဝတ်ပန်းချီအပိုင်းအစ (၁၃) ခုကို ပုဂံရှေးဟောင်း သုတေသနပြတိုက် ဇီရိုအမှတ် (၂) တွင်ပြသထား

www.burmeseclassic.com



သည်ကို တွေ့နိုင်ပါသည်။ အဆိုပါ အဝတ်ပန်းချီသည်များကို သက္ကရာဇ်ခန့်က ရေးဆွဲသည်ဟု ရှေးဟောင်း သုတေသနပညာရှင် (ဗွတ်) က ခန့်မှန်းထားပါသည်။

ပုဂံပြတိုက်အတွင်း ဘီရိုအမှတ် (၂) ရှိ အလျား ၁၃၊ အနံ ၁၄ စင်တီမီတာအရွယ် အဝတ်ပန်းချီအပိုင်းအစတွင် ဗုဒ္ဓထိုင်နေတော်မူသော ရုပ်ပုံမှာ အပြာရောင်ဖြစ်သည်။ အသားအရောင်မှာ လိမ္မော်ရောင်၊ နောက်တွင် လူပုံတစ်ခြမ်းသာ တွေ့ရသည်။ အသားအရောင် အပြာ အနောက်ခံအနက်ရောင်ပေါ်တွင် အနီပြောက်များပါသည်။ လူတစ်ဦးပုံမှာ ဦးခေါင်း မပါတော့၊ ဆေးရောင်များမှာ အပြာ၊ အနီ၊ အနက်၊ အဖြူ၊ အဝါရောင်ဖြစ်သည်။

အခြားအစတစ်ခုမှာ အလျား ၁၃. ၅ စင်တီမီတာ အရွယ်ရှိသည်။ ဟန်ပန်အနေအထားကောင်းသော မတ်တတ်ရပ် လူတစ်ဦးပုံခေါင်းမပါတော့၊ အသားအရောင်မှာ အဝါ၊ လိမ္မော်၊ နောက်ခံနီညို၊ အောက်ဘောင်တွင် အနက်နှင့် အပြာကြာဖက်ပုံ ရေးဆွဲထားသည်။

အလျား ၁၅. ၁၂ စင်တီမီတာအရွယ်ရှိ အဝတ်ပန်းချီအစမှာ နဂါးရုံဗုဒ္ဓဆင်းတုပုံဖြစ်သည်။ နဂါး (၇) ကောင်ပါပြီး ခေါင်းများကို အပြာရောင်ခြယ်ထားသည်။ ဗုဒ္ဓပုံမှာ အနီညိုရောင် နောက်ခံအနက်ရောင်ပေါ် အနီပြောက်ဘေးဘောင်မှာ အဖြူနှင့် အနီခင်းထားသည်ကိုတွေ့ရသည်။

အလျား ၁၀၊ အနံ ၈ စင်တီမီတာအရွယ် အဝတ်ပန်းချီ ကျောင်းမှ ဗောဓိပင်ပုံပါသည်။ အရွက်များမှာ အပြာရောင်ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အကိုင်းများမှာ အနီရောင်ဖြစ်သည်။ ဘေးဘောင်ပန်းကို အဖြူခံ၍ အနီဖြင့်အသေးစိတ်ဆွဲထားသည်။

အလျား ၂၅၊ အနံ ၂၃ စင်တီမီတာအရွယ်အစပေါ်တွင် အပေါ်ဆုံးထိပ်ပိုင်း၌ အပြာရောင်သီဟိုဠ်ပုံစေတီ (စွယ်တော်ပုံ) အနီးတွင် ကနေဟန် လူရုပ်မှာအောက်ပိုင်းသာ ကျန်သည်။ ယင်းအောက်တွင် မြင်းစီးနေဟန်မင်းသားတစ်ပါး ပုံပါသည်။ မြင်းနှင့် မင်းသားအဝတ်အစားများ အပြာရောင်ဖြစ်သည်။ ခြေစွပ်ကို အဝါရောင်ပေါ်တွင် အပြောက်အစက်ဖော်ထားသည်။ မင်းသားမှာ သုံးထောင့်ပုံအနားတွင် ဖွာသောအလံကို ကိုင်ထားဟန် ရေးဆွဲသည်။ ဆံထုံးပတ်လည်တွင် ပန်းစီးသည်။ နောက်ခံ နီညိုရောင်ဖြစ်သည်။ ယင်းအောက်တန်း တွင် လူနှစ်ဦးနှင့်ရဟန္တာ (၃) ပါး ရေတွင် ခြေကျင်လျှောက်နေဟန်ပုံပါသည်။ အောက်ဆုံးအပိုင်းတွင် ကျုံ့ကျုံ့ထိုင်စကားပြောနေဟန် မင်းညီမင်းသားတစ်ဦးပုံ ရေးဆွဲထားသည်။ အသားအရောင်မှာ လိမ္မော်ရောင်ဖြစ်သည်။ အလယ်ရဟန္တာပုံမှာ သင်္ကန်းကို အုတ်ကွက်ပုံဖော်ပြီး ပန်းရောင်ခြယ်ထားသည်။

အလျား ၁၃၊ အနံ ၁၁ စင်တီမီတာအရွယ် အခြား အဝတ်စပန်းချီပေါ်တွင် ထိုင်နေဟန် မင်းသမီးပုံတစ်ပုံပါသည်။ နောက်တွင် ခါးထောက်ရပ်ကြည့်နေဟန်၊ ရဟန်းတစ်ပါးပုံပါသည်။ ယင်းရဟန်းယာဘက်လက်မောင်းကို လိမ္မော်ရောင်ခြယ်ပြီး အရင်းပိုင်းတွင် နီညိုဖြင့် ကွလာအောင်ပုံဖော်ထားသည်။ နေအိမ်သစ်ပင်အစိမ်းရောင်ဖြစ်ပြီး သစ်ပင်၏ပန်းပွင့်များကို

www.burmeseclassic.com

www.burmeseclassic.com



လယ်တွင်အနီဖြစ်ပြီး အဖြူရောင်အဖတ်များဖြင့် ခြယ်ထား
သည်။

အလျား ၂၃၊ အနံ ၁၀ စင်တီမီတာအရွယ် အဝတ်
ပန်းချီစပေါ်တွင်မူ မတ်ရပ်လူပုံပါသည်။ ယာလက်မြှောက်၍
ကြာဖူးကိုင်ထားဟန်ဆွဲထားသည်။ ဝဲလက်လည်း ကြာဖူးကိုင်
သည်။ နောက်ခံသစ်ပင်သည် အစိမ်းရောင်ဖြစ်သည်။ အသား
ရောင်ကို လိမ္မော်သွေးခြယ်သည်။

အလျား ၁၅၊ အနံ ၁၁ စင်တီမီတာအရွယ် အဝတ်ပန်းချီစ
ပေါ်တွင် ဝဲယာ၌အဝါရောင်စွယ်တော်စေတီပုံနှင့် အစိမ်းရောင်
စွယ်တော်စေတီပုံပါသော အိမ်ပုံပါသည်။ အိမ်အတွင်း တင်ပလ္လင်
ခွေထိုင်နေသောလူရုပ်ပုံပါသည်။ ဆံထုံးတွင် ပန်းဖြင့်စည်းထားပြီး
ဒေါင်းမြီးပတ်တစ်ဖက်တစ်ချက် ပခုံးပေါ်ချထားသည်။ ယင်းလူပုံမှာ
အဖြူရောင်ဖြစ်သည်။

အခြားတွေ့ရှိရသော အဝတ်ပန်းချီတစ်ခုမှာ ဝက်ကြီး
ကျောင်းရွာတောင်ပိုင်းလောကနာထရှိ ဂူဘုရားအမှတ် ၃၁၄/၂၀၁
အနီးခံမြောက်ဘက်အခန်းကျဉ်းလေးထဲမှ ပစ္စည်းစာရင်းအတွက်
တူးဖော်ရာမှာ တွေ့ရှိခဲ့သည်။ ၁၁ ရာစု အဝတ်ပန်းချီလက်ရာ
ဟုဆင် ခန့်မှန်းထားသည်။

အလျား ၇၇ စင်တီမီတာ၊ အနံ ၄၆ အရွယ်အဝတ်စ
ပေါ်တွင် ပန်းချီကားအထက်ပိုင်း အလယ်၌ကျောင်းဆောင် အတွင်း
ဗုဒ္ဓဘုရား တရားဟောနေဟန်ပါသည်။ ဝဲယာ၌ ရဟန္တာနှစ်ပါး
၊ နောက်နားတွင် ကျုံ့ကျုံ့ထိုင်ရှိခိုးနေဟန် ရဟန္တာ ၁၂ ပါး

www.burmeseclassic.com

www.burmeseclassic.com



ပုံပါသည်။ ခုံပေါ်ကျုံ့ကျုံ့ထိုင်စကားပြောနေဟန် လူတစ်ဦးအနီးတွ
လိမ္မော်ရောင်ခြယ် မတ်တတ်ရပ်သူတစ်ဦးပုံပါသည်။ အလယ်မှ
သက်နီးအညိုရောင် ရဟန္တာနှစ်ပါး အသားစိမ်းရောင်နောက်
နောက်လှည့်နေဟန်တစ်ဦး၊ လက်ယာဘက်ပိုင်း၌ အိမ်အတွင်
ထိုင်နေဟန်ဘုရားလောင်းပုံ၊ ဘုရားလောင်းပုံရှေ့၌ မတ်ရပ်လူ
(၅) ဦး၊ တစ်ဦးမှာ အသားစိမ်းရောင် ရေးခြယ်ထားသည်
တွေ့ရသည်။

အလျား ၃၃ စင်တီ၊ အနံ ၂၄ စင်တီအရွယ် အဝ
ပန်းချီစတွင် အိမ်ပုံနှင့်ပုံအထက်အောက်ဆွဲထားသည်။ အထ
အိမ်မှာ ဝဲဘက်တံခါးရွက် ဖွင့်ထားပုံဖြစ်သည်။ အောက်ဘ
အိမ်မှာ ပြတင်းယာဘက် တံခါးရွက်ဖွင့်ထားပုံ ဖြစ်ပြီး တစ်ဖ
အိမ်ပုံ၏အရှေ့တွင် ကျုံ့ကျုံ့ထိုင်၍ စကားပြောနေဟန် အစိ
ရောင်အမျိုးသမီးပုံပါသည်။ အောက်အိမ်၏ အရှေ့တွင် လိမ္မေ
ရောင်အမျိုးသမီး ကျုံ့ကျုံ့ထိုင်ရှိခိုး နေဟန်တွေ့ရသည်။ ၎င်းတို့
ရှေ့တွင် ကျုံ့ကျုံ့ထိုင်ရှိခိုး နေဟန်နှင့် မတ်တတ်ရပ် လူပုံတစ်ပုံရှိ
ဆံပင်နောက်တွဲ ချထားသည်။

အလျား ၂၈ စင်တီ၊ အနံ ၂၃ စင်တီအရွယ် အဝ
ပန်းချီတွင်မူ လက်ရာအကောင်းဆုံး အစိတ်အပိုင်းဖြစ်သည
ဝဲဘက်စွန်းတွင် အနားကွပ်ပန်း**ဆွတ်ရုံ**များမှာ သုံးထောင့်ပြ
ပုံအတွင်း အနီရောင်၊ ၎င်းအတွင်း အနီရောင်၊ အနားဘောင်တ
အဝါဖြင့် ကွပ်ထားသည်။ ၎င်းနောက် အိမ်နှစ်လုံးကို အပေ
အိမ်အတွင်းခုတင်ပေါ်တွင် ခေါင်းအုံးသုံးလွှာန်သုံးခုတင်ထ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှေ့တွင် ကျုံ့ကျုံ့ထိုင်နေဟန် အမျိုးသမီးပုံလိမ္မော်ရောင် သုံးထားသည်။ အောက်အိမ်ပုံတွင် ပြတင်းတံခါးတစ်ဘက်ဖွင့်ထားဟန် ရှေ့တွင် အစိမ်းရောင်ကျုံ့ကျုံ့ထိုင် စကားပြောနေဟန် အမျိုးသမီးပုံပါသည်။ ၎င်း၏နောက်ဘက်တွင် ဘုရားလောင်းပုံ မတ်တတ်ရပ်နှင့် အမျိုးသမီးမတ်တတ်ရပ်ပုံ၊ ဘုရားလောင်းမှာ အစိမ်းရောင်ဖြစ်ပြီး၊ ပုဏ္ဏားမတ်တတ်ရပ်စကားပြောနေဟန်ပုံ၊ အလယ်တွင် အိမ်အတွင်းဘုရားလောင်းနှင့် အမျိုးသမီး စကားပြောနေဟန်ပုံ၊ ရှေ့တွင် မတ်တတ်ရပ်လူတစ်ဦးခစားနေဟန်၊ ၎င်းအိမ်အတွင်း ဘုရားလောင်းထိုင်နေပုံ၊ ၎င်း၏အောက်တွင် မြင်းလှည်းပုံ၊ မြင်းလှည်းနောက်ပိုင်းတွင် အလံတိုင်နှင့်အလံ မြင်းလှည်းပေါ်တွင် အိမ်တစ်အိမ်နှင့် သုံးထောင့်ပစ္စည်းတစ်ခု တပ်ထားသည်။ မြင်းလှည်းဘီးတွင် ဒေါက်ဆံ (၈) ခု ပါသည်။ အလယ်ရှိလှည်းပုံ အောက်မှာ အဝါရောင်အတွင်း အနီရောင်ခြယ်ထားသည်။ ဒေါက်ဆံတစ်ခုစီတွင် အဝါရောင်အတွင်း အနီစက်ပြထားသည်။ လှည်းဘီးနောက်ခံ အစိမ်းရောင်ဖြစ်သည်။ မြင်းမှာအဖြူရောင် ဖြစ်သည်။ ၎င်းလက်ယာဘက် လှည်းပေါ်နှင့် အိမ်အတွင်းဘီလူးမင်း ခြေထောက်ကို ကိုက်စားနေဟန်တွေ့ရသည်။ ရှေ့တွင် လူဦးခေါင်း ခြေပြတ်လက်ပြတ် များပုံ၊ ၎င်းမြင်ကွင်းကို မင်းတစ်ပါး ဆင်စီး၍ ကြည့်နေဟန်ပုံ၊ ဆင်မှာ နီညိုနှင့်အစိမ်းရောင်သုံးထားသည်။ မင်း၏ဝတ်ရုံမှာ အဝိုင်းကွက်များဖြစ်သည်။ နောက်ခံအစိမ်းရောင် ဖြင့်ပုံ ပါသည်။ ၎င်း၏လက်ျာဘက်တွင် လှည်းပေါ်နှင့် နန်းအိမ် အတွင်း မင်းတစ်ပါးထိုင်နေဟန်၊ ရှေ့တွင် ကျုံ့ကျုံ့ထိုင် ရှိခိုးခစား

www.burmeseclassic.com



နေပုံဟန် အစိမ်းရောင်အမတ်ပုံနှင့် အဝါရောင်အမတ်ပုံ နှစ်
အထက်တွင် သရက်ပင်ပုံ၊ သရက်သီးသုံးလုံးတွဲပါသည်။ သရက်
မှာ အရင်း၌နီညိုရောင်အရင့်ပုံဖြစ်ပြီး၊ အဖျား၌ အဝါရော
သုံးထားသည်။ အပေါ်ထိပ်ပိုင်းတွင် စာတစ်ကြောင်း အစိ
အပိုင်းတစ်ခုပါသည်။ "ဖိလူမင်" (ဘီလူးမင်း) ပုံဖြစ်သည်။

အလျား ၃၀ စင်တီ၊ အနံ ၂၄ စင်တီအရွယ်အဝတ်စ
ဝဲဘက်အစွန်းတွင် ပြတင်းတစ်ဖက်ဖွင့် အိမ်ရှေ့တွင် မင်းသ
ကျုံ့ကျုံ့ထိုင် ရှိခိုးဟန်ယောင်ဖန်ဆင်းသော ဘီလူးမပုံဖြစ်ဟ
ရှိသည်။ ၎င်း၏နောက်တွင် နောက်ခံအစိမ်းရောင်သစ်ပင်န
အစိမ်းရောင် မတ်တတ်ရပ်လူတစ်ဦးနှင့် မှေးမှိန်နေသော လူတစ်
ပုံ၊ နောက်ခံသစ်ပင်တွင် အနီရောင်အတွင်း ပန်းပွင့်အ
ဆေးရောင်များ အစိမ်း၊ အနီ၊ နီညို၊ အဝါ၊ အဖြူ၊ အနက်၊ အစိ
အောက်တွင် စာတစ်ကြောင်းပါသည်။ ခရီးအကြာ ဖိလမ
(ဘီလူးမ) ဟူ၍ ဖြစ်သည်။

အလျား ၄၄ စင်တီ၊ အနံ ၂၇ စင်တီအရွယ်အဝတ်စ
နန်းဆောင်အတွင်း မင်းထိုင်နေဟန်၊ နောက်၌ မိဖုရား ထိုင်နေဟ
နန်းဆောင်အမိုးကို အဖြူအနက်၊ အနီစင်းထားသည်။ မင်းဝတ်စုံ
အစိမ်းရောင်အဝိုင်းကွက်ဖြစ်သည်။ အသားအဝါရောင်၊ လ
အတွင်း အနီရောင်သုတ်ထားသည်။ ရှေ့တွင် ကြုံ့ကြုံ့ရှိခိုးနေဟ
အမတ် (၇) ဦးအနက်၊ နောက်ဆုံးတွင် ဘုရားလောင်းအမတ
ပါသည်။ ၎င်းတို့အနက် အစိမ်းရောင်နှစ်ရုပ်၊ အဝါရောင် (၅)

www.burmeseclassic.com



အထက်ပိုင်းတွင် သက်န်းနီညို၊ အဘားလိမ္မော်ရောင်နှင့် တရား ဟောဟန် ဗုဒ္ဓပုံ (၃) ပုံပါသည်။ ဆေးရောင်များမှာ အစိမ်း၊ အနီ၊ ညို၊ အနက်၊ အဝါ၊ လိမ္မော်၊ အဖြူအောက်တွင် စာတစ် ကြောင်းပါသည်။ နန်းအိမ်အထွက်တွင် သရက်သီးအဝါရောင် လုံးတွဲ နှစ်တွဲပါသည်။

အလျား ၄၄ စင်တီ၊ အနံ ၁၄ စင်တီအရွယ်အဝတ်စ တွင် ဆေးရောင်၌အဝတ်စဖြစ်သည်။ အနားကွပ် ပန်းကွက် ပါသည်။ သစ်ပင်ပုံများမှာ မှေးမှိန်စွာပါသည်။ သုံးထောင့်ပုံ ခုနှင့်စိန်တန်းပုံတစ်ခု တလှည့်စီဆွဲထားသည်။ ၎င်းဘေး ကြမ်းနှင့် ပန်းချီဆွဲသောဖျင်ဆုံအပ်ချည်ဖြင့် သီတွဲထားပါသည်။

အလျား ၄၄ စင်တီ၊ အနံ ၅ စင်တီအရွယ် အဝတ်စ ဘေးဘောင်ဖျင်ကြမ်းစတစ်စ အလွန်ဆွေးမြေ့နေသည်။ တွေ့စဉ်ကတည်းက အပ်ချည်ဖြင့် သီတွဲထားသည်ကို တွေ့ရ ည်။

## အဝတ်အဝတ်ပန်းချီလေ့လာချက်

ဖော်ပြပါ အဝတ်ပန်းချီ အပိုင်းအစများကို တစ်စစီ င်းစီသာ ကြည့်ခွင့်ရသဖြင့် ပြည့်ပြည့်စုံစုံသုံးသပ်တင်ပြရန် လှပါသည်။ မူရင်း အဝတ်ပန်းချီကားလိပ်အတိုင်း မြင်ကွင်း ကြည့်ရှုခွင့်ရလျှင် ပန်းချီဆရာဖော်ကျူးခဲ့သော ဆိုလိုရင်း ာယ်နှင့်ပန်းချီကားဖွဲ့စည်းပုံများကို အသေးစိတ် လေ့လာနိုင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတွေ့ရသော အဝတ်ပန်းချီအပိုင်းအစများကို ကြည့်ခြင်းဖြင့် ပုဂံခေတ်ကြေးမုံ၊ ရဟန်းရှင်လူများ ဘုရားသွားလာဟန် သရုပ်ဖော် လက်ရာဟုသာ ခန့်မှန်းကြည့်ရပါသည်။ ဘုရား သွား တွင် အလှူအသီးသီးကို တွေ့ရသည်။ ရဟန်း၊ မင်း၊ မိဖုရာ မျှုးမတ်နှင့်တကွ မင်းညီမင်းသား၊ အရပ်သူ၊ အရပ်သားစသည်ဖြ စုံလင်လှပါသည်။ ဘုရားသို့သွားရာတွင် မိမိတို့ အဆင့်အတ လိုက်ပြီး ပူဇော်ရန် ပစ္စည်းအမျိုးမျိုးဖြင့် သွားကြဟန် သရုပ်ဖေ ထားသည်ကို တွေ့ရသည်။

ထူးခြားချက်တစ်ရပ်ကား ဆေးရောင်များ ယခုအချိ အထိ တောက်ပသစ်လွင်လျက်ရှိခြင်းပင်ဖြစ်သည်။ ဆေးရောင် မျိုးပါဝင်သည်။ အနီ၊ အဝါ၊ အစိမ်း၊ အဖြူ အနက်တို့ ဖြစ်ေ သည်။

ရေးဆွဲထားသော ရုပ်ပုံကလေးများအရွယ်မှာ နှစ်လက် ခွဲခန့်အရှည် အနုစိတ်လက်ရာမြောက်စွာ ရေးဆွဲထားသည်။ ရေကန်၊ သစ်ပင်၊ ပန်းမန်တို့နှင့်ဆင်းတုတော်အမျိုးမျိုးလ ပါရှိသည်။ ပန်းချီများ အကောင်းပကတိရှိစဉ်က စိုပြည်ပြီး မြိုင် ဆိုင်ဆိုင် ခမ်းခမ်းနားနားရှိမည်ဟု မှန်းဆကြည့်နိုင်သည်။

ဂူဘုရားတွင် ပန်းချီရေးဆွဲရန် အဝတ်များကပ် နံရံနှင့်တစ်သားတည်းကျပြီး ညီညာပြန့်ပြူးအောင် တီထွင်မှုပ မှာ ချီးကျူးဖွယ်ဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာနံရံနှင့် အ ခိုင်မြဲစေရန်အသုံးပြုခဲ့သောကော်မှာ မည်သည့်ကော် အမျိုးအ ဖြစ်သည်ကို သုတေသနလုပ်ကြည့်ဖို့ပင် ကောင်းပါသည်။

www.burmeseclassic.com



အဝတ်ပေါ် အချောကိုင်သော အင်္ဂတေ၊ ထုံး၊ သရွတ် ဖော်စပ်နည်းမှာလည်း သုတေသနပြုစရာပင်ဖြစ်သည်။ ပုဂံခေတ် ပန်းချီအနုပညာရှင်ကြီးများသည် နံရံပေါ်တွင် ရေးဆွဲထားသော ဆေးပန်းချီကားများသာမက ချည်ရက်ထည်အဝတ် ပိတ်စများ ကိုပင် လိုအပ်သလိုတီထွင်၍ ပန်းချီရေးဆွဲနိုင်သော အတတ်ပညာ ကိုလည်း ပုဂံသားပန်းချီကျော်ကြီးများ စောစီးစွာ တတ်မြောက်ခဲ့ပြီး ဖြစ်ကြောင်း မှတ်တမ်းတင်ရပါသည်။[၁]

၁၉၈၄ ခုနှစ် မတ်လအတွင်းက မမျှော်လင့်ဘဲ အဝတ် ပန်းချီတစ်ခု ထပ်မံတွေ့ရှိခဲ့ပါသည်။ ဘုရားအမှတ် ၃၁၅ အတွင်း ဆင်းတုကြီးတစ်ဆူရှိသည်။ အုတ်အင်္ဂတေဖြင့် ပြီးသော ဆင်းတု ကြီးဖြစ်သည်။ ယင်းဆင်းတုကြီး၏ လက်တော်တစ်ဖက် ကျိုးပဲ့ ပျက်စီးသွားရာ ဟောင်းလောင်းပေါက် လက်တော်အတွင်း၌ ထည့်ထားသောအရာတစ်ခုကို အလုပ်သမားတစ်ဦးက တွေ့ရှိခဲ့ သည်။ ယင်းအလုပ်ကို ထိုအလုပ်သမားက ထုတ်ယူခဲ့ရာ ကျိုးကြေ နေသော ပုဂံခေတ် အဝတ်ပန်းချီ ကားလိပ်တစ်ခုဖြစ်ကြောင်း တွေ့ရှိရ သည်။ တာဝန်ရှိသူများက ကျိုးကြေနေသော ယင်းအဝတ်ပန်းချီ ကားလိပ်ကို အသာအရာဖြန့်ပြီး ပုဂံရှေးဟောင်းပြတိုက် မှန်ဗီရိုတစ်ခု တွင် သိမ်းဆည်းထားခဲ့သည်။ ပညာရှင်များ ယူဆချက်အရ အေဒီ ၁၂ ရာစုက လက်ရာအဖြစ် သတ်မှတ်ခဲ့သည်။

၁၉၈၆ ခုနှစ်က အီတလီနိုင်ငံ အစ်ခရွန် (ICCRON) International Centre for Conservation of Art - နိုင်ငံတကာ

---

၁ ကြည်ပန်း၊ မောင်၊ ပုဂံခေတ်အဝတ်ပန်းချီ၊ ငွေတာရီ၊

www.burmeseclassic.com

www.burmeseclassic.com



အနုပညာလက်ရာများ၊ ပြင်ဆင်ထိန်းသိမ်းရေးဗဟိုဌာန၊ ရောမ
မြို့မှ အဖွဲ့တစ်ဖွဲ့ရောက်လာသည်။ ထိုအဖွဲ့တွင် ပြင်သစ်လူမျိုး
မွန်စီရာပီရှာ (Mr.Pierre Pechart) ဆိုသူ ပညာရှင်က ယင်း
ကျိုးကြေနေသော အဝတ်ပန်းချီကို ရောမသို့ ယူဆောင်သွား၍
ပြင်ဆင်မွမ်းမံပေးရန် အကြံပြုတောင်းဆို ခဲ့သည်။ ၁၉၈၆ ခုနှစ်
ဇူလိုင်လတွင် မွန်စီရာပီရှာ၏ တင်ပြချက်ကို ဌာနဆိုင်ရာက
သဘောတူလက်ခံခဲ့သည်။ ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့
တွင် အီတလီနိုင်ငံ ရောမမြို့တော်သို့ သတိကြီးစွာ ယူဆောင်
သွားခဲ့သည်။ ယင်းကျိုးကြေနေသော အဝတ်ပန်းချီကို ရောမမြို့
အမှတ် ၁၃၊ စံမစ်ချဲလမ်းရှိ အစ်ခရွန် ဓာတ်ခွဲခန်း ဗဟိုဌာနတွင်
စတင်ပြင်ဆင်သည်။ အချိန် (၁) နှစ်ကြာမြင့်သည်။ ၁၉၈၆ ခုနှစ်
အောက်တိုဘာလမှ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလအထိ သိပ္ပံနည်း
ပညာရပ်ဖြင့် အောင်မြင်စွာ ပြင်ဆင်မွမ်းမံခဲ့သည်။ ကျိုးကြေနေ
သော ဆေးသားများနှင့် အဝတ်ပန်းချီကားတစ်ခုလုံး မူရင်းလက်ရာ
နီးပါးအတိုင်း၊ ပြန်လည်ကောင်းမွန်လာခဲ့သည်။

ပညာရှင်များက-ယင်းအဝတ်ပန်းချီလက်ရာသည် အလျား
၁၃၈ စင်တီမီတာ၊ အနံ ၈၁. ၅ စင်တီမီတာအရွယ် ဖြစ်ကြောင်း
ပြောဆို၍ ယင်းအဝတ်ပန်းချီကို မွမ်းမံပြင်ဆင် သူ၏ အစီရင်ခံစာ
မှတ်ချက်မှာ အထူးစိတ်ဝင်စားဖွယ်ရာ ကောင်းသည်။ အဝတ်ပန်းချီ
လက်ရာမှာ စနစ်ကျစွာ ရက်လုပ်ထားသော နူးညံ့သောအဝတ်စ
ပေါ်တွင် ရေးဆွဲထားသည်ဟု ဆိုသည်။ အလျား ၁၃၈ စင်တီမီတာ
အနံ ၈၁. ၅ စင်တီမီတာ အရွယ်ဖြစ်သည်။ အဝတ်စပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



...ရေးဆွဲမီ ရေးဆွဲမည့် ဧရိယာပေါ်တွင် အောက်ခံအဖြူရောင်
...စေးများသုတ်လိမ်း ပြင်ဆင်ထားသည်။ ယခုခေတ် ပန်းချီကား
...အောက်ခံ ပရိုင်မာ ပြုပြင်ထားခြင်းမျိုးပင်ဖြစ်သည်။ စေ့စေ့စပ်စပ်
...ကြည့်မည်ဆိုက ကောက်ကြောင်းများကို တွေ့မြင်နိုင်ရာ
...အဆောက်အဦနှင့် လူပုံပန်းသဏ္ဍာန်များကို ကြောင်းထားခြင်း
...ခြစ်ရာ အသေးစိတ် ကောက်ကြောင်းမျိုးမဟုတ် အကြမ်းရေးခြစ်
...ထားခြင်းမျှသာ တွေ့ရသည်။ ကောက်ကြောင်းကိုအနက်ရောင်ဖြင့်
...ရေးခြစ်ထား သည်။ မီးသွေးအနက်ရောင်၊ မြေဝါရောင်၊ မြေနီရောင်၊
...ကြေးဝါ၊ စိမ်းရောင်နှင့် အပြာရောင်များ သုံးစွဲထားသည်။ နှစ် ၈၀၀
...ကျော်က လက်ရာဟုခန့်မှန်းသည်။ ဆေးရောင်များမှာ လတ်ဆတ်
...ဆဲဖြစ်သည်ဟုဆိုသည်။ ယခုအခါ ပုဂံမြို့ရိုး ရှေးဟောင်း
...တေသနပြတိုက်သစ်ကြီးတွင် တသီးတသန့် ခင်းကျင်းပြသ
...ထားပါသည်။

...ကျ...

## ...ပန်းချီ (သို့မဟုတ်) မြန်မာ့ပန်းချီ၏ဇီဇ

... မြန်မာပန်းချီ၏ ဇီဇသည် ပုဂံပန်းချီမှစသည်။ ပုဂံပန်းချီ
...လေ့လာကြည့်လျှင် ဘာသာရေးနှင့်အတူ အိန္ဒိယပြည်မှ မြစ်ဖျား
...ခဲ့ကြောင်း တွေ့ရသည်။ တိဗက်လူမျိုး "တရာ နာထ" ဆိုသူ
... ရာစုကရေးခဲ့သော ဗုဒ္ဓဘာသာသမိုင်းစာစောင် အဆိုအရ
...ခေတ်အိန္ဒိယသို့ ပန်းချီပျံ့နှံ့ခဲ့ပုံကို ဤသို့တွေ့ရသည်။ ၆ ရာစုမှ
... ရှေ့အိန္ဒိယပန်းချီသဘောနှင့် ရေးဆွဲနည်းတို့သည် ဘင်္ဂလား
...မြောက်ပိုင်း ပါလတိုင်းသို့လည်းကောင်း၊ ရှေ့ဆက်ရှမီးယား

www.burmeseclassic.com

www.burmeseclassic.com



နီပေါနိုင်ငံသို့လည်းကောင်း၊ အိန္ဒိယပြည်တောင်ပိုင်း မြန်မာနိုင် သို့လည်းကောင်း အသီးသီး ရောက်ရှိခဲ့သည်ဟုဆိုသည်။ အချို့ လည်း ရှေ့အိန္ဒိယ အဇန္တာပန်းချီနည်းသည် တိဗက်၊ တရုတ်၊ ဂျပ နိုင်ငံများသို့လည်းကောင်း၊ နီပေါနိုင်ငံ ဘင်္ဂလားမြောက်ပို ပါလတိုင်း သို့လည်းကောင်း ပျံ့နှံ့ရောက်ရှိကာ ထိုမှတစ်ဆင့် ရာစု လောက်တွင် မြန်မာနိုင်ငံ ပုဂံသို့ တဖြည်းဖြည်း ဝင်ရောက်လ သည်။ ပုဂံခေတ်မှသည်နောက်ပိုင်း ကုန်းဘောင်ခေတ်တိုင် အဇ ပန်းချီသဘောနှင့် မကင်းဟုဆိုကြပါသည်။ ထို့ကြောင့်ပင် ဆေးရေးပန်းချီပညာသည် ဘာသာရေးများနှင့်အတူ အိန္ဒိယနိုင်ငံ ဝင်ရောက်လာခြင်းဖြစ်၍ ရေးချက်၊ ရေးဟန်နှင့် အခြားအရေ အဆက်အစပ်များမှ အဇန္တာပန်းချီနှင့် ပေါင်းကူး ဆက်စပ်လျက် သည်ကို တွေ့ရသည်။

ပုဂံခေတ်ပန်းချီနှင့် အဆက်အသွယ်ဖြစ်နေသော အဇ ပန်းချီသည် ကမ္ဘာကျော်လက်ရာများပင်ဖြစ်သည်။ အဇန္တာပန်းချီ ခေါ်ဆိုရခြင်းကာ အဇန္တာလိုဏ်ဂူ[1]များအတွင်း ရေးဆွဲထားသေ လက်ရာများဖြစ်၍ အဇန္တာပန်းချီဟု ခေါ်ဆိုရခြင်းဖြစ်လေသ အဇန္တာဂူများသည် အစောဆုံး ၂ ရာစုမှ ၁၈ ရာစုအထိ ဆောက် သည်ဟု ယူဆကြသည်။ ထိုလိုဏ်ဂူများတွင် ပန်းချီနှင့် ပ လက်ရာများတွေ့ရသည်။ မစ္စတာ ဗင်ဆင့်စပင့်ရေးသားသေ ဂုတ္တရခေတ် ပန်းပုစာအုပ်တွင် အဇန္တာတွင်တွေ့ရသော ပ

1. Ajanta Cave

www.burmeseclassic.com

www.burmeseclassic.com



လက်ရာတို့မှာ ဒက္ကပြည်၊ သလုကျမင်း [၁] နှင့် ဝကတက [၂] မင်းတို့ ကြီးမှူး ရေးခြယ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုလေသည်။

အဇန္တာဂူအတွင်း ဤဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီကား မြောက်မြားစွာ ရေးဆွဲထားသည့်အပြင် ငှက်များ၊ သစ်ပင်၊ ပန်းပင်များ၊ ကိန္နရီ၊ ကိန္နရာ၊ တိရစ္ဆာန်ပုံများနှင့် အခြားရုပ်ပုံများစွာကို ရေးဆွဲထားလေသည်။ ပန်းချီကားများကို ရေးဆွဲရာတွင် ပထမဦးစွာ ဂူအုတ်နံရံပေါ်တွင် နွားချေး၊ ဆန်ကွဲ စသည်တို့နှင့် သုတ်လိမ်းကာ ပလာစတာခပ်ပါးပါးကိုင်ပြီး အဖြူရည်သုတ်လိမ်းရသည်။ ဤကဲ့သို့ပြုလုပ်ပြီးလျှင် ရေမခြောက်ခင်မှာပင် ပန်းချီပုံများကိုရေးဆွဲလေသည်။ ပုံများကိုရေးဆွဲရာတွင် အနီ၊ အပြာ၊ အစိမ်း၊ အဝါ၊ အနက်၊ အညို စသော ဆေးရောင်များကို အသုံးပြုသည်။

အဇန္တာပန်းချီလက်ရာများနှင့် ပုဂံပန်းချီဆက်သွယ်မှု ရှိပုံကို ဆရာဇော်ဂျီက ---

"လေးရာစုနှစ်လောက်မှစ၍ အိန္ဒိယပြည် အလယ်ပိုင်းရှိ အဇန္တာကျောက်ဂူ ဆေးရေးပန်းချီပညာသည် မြောက်တလွှားတွင် တိဗက်၊ တရုတ်၊ ဂျပန် နိုင်ငံများသို့ပင် ရောက်သည်ဟုဆိုလေသည်။ အရှေ့ဘက်တွင် အိန္ဒိယပြည်အတွင်းရှိ နီပေါပြည် ဘင်္ဂလားပြည်

---

1 Shalukya

2 Vakataka

www.burmeseclassic.com



မြောက်ပိုင်း ပါလတိုင်းသို့လည်းကောင်း ရောက်သည် ဟုဆိုသည်။ ထိုပန်းချီ ပညာသည် တိဗက်၊ နီပေါ၊ ပါလတိုင်းမှ တစ်ဆင့် ပုဂံပြည်သို့ ၁၂ ရာစုနှစ်လောက်တွင် တစိမ့်စိမ့် ဝင်လာလေသည်။ ပုဂံ၌ အနေကြာသော် ထိုအဇန္တာပန်းချီသည် မြန်မာပန်းချီဖြစ်လာ၍ သက်တုံ-တက်တုံ နိမ့်မြင့်တုံဖြစ်ကာ မန္တလေးသို့ ရောက်လာသည်ဟု ယူဆသင့်သည်။ သို့အားဖြင့် အဇန္တာ ပန်းချီ (ဝါ) အရှေ့ပန်းချီ၏ အသက်ဖြစ်သော မျဉ်းရေး ဆေးခြယ်နည်းသည် ပုဂံခေတ်မှသည် မန္တလေးခေတ်အထိ အသက် ရှည်သည်ဟု ယူဆသင့်သည် [၁] ဟု ရေးသားထားလေသည်။

အထက်ပါ ဆရာဇော်ဂျီ၏ အယူအဆကို ထောက်လျ[...] ရှေးရိုးမြန်မာပန်းချီသည် အဇန္တာပန်းချီနှင့် ဆက်သွယ်မှုရှိသည်[...] ထင်ရှားသည်။ ရှေးပုဂံနံရံပန်းချီရေးနည်းကို လေ့လာကြည့်လျ[...] အဇန္တာပန်းချီရေးနည်းကဲ့သို့ ဖြစ်ကြောင်းတွေ့ရသည်။

ပထမကောက်ကြောင်းကိုလိုက်ပြီး နောက်အလိုရှိသေ[...] ဆေးရောင်ကိုသွင်းယူရလေသည်။ မြေနီ၊ မြေဝါ (သို့မဟုတ်[...] ဟသ်ပဒါးနှင့် ဆေးဒါန်းစသော မူလအရောင်များကို အသုံး[...] သည်။ အလင်းအမှောင် ရေးဆွဲနည်းအစား မျဉ်းကြောင်းခတ်[...] ဆေးညှိသွင်းသော အာရှပန်းချီနည်းအတိုင်း ရုပ်ပုံများ[...]


---

၁။ ဇော်ဂျီ၊ ရသစာပေနိဒါန်း၊ ၁၉၆၅

www.burmeseclassic.com

www.burmeseclassic.com






လောင်းလှေ၊ ဖောင်တော်ရှေ့မှ
စူဠာမဏိဘုရား
၁၈ ရာစု အေဒီ

www.burmeseclassic.com

www.burmeseclassic.com





ကရဝိတ်ဖောင် ဧရာဝတီမြစ်တွင်း
စူဠာမဏိဘုရား
၁၈ ရာစု အေဒီ

www.burmeseclassic.com

www.burmeseclassic.com






ကိန္နရီ
အာနန္ဒာအုတ်ကျောင်း
၁၈ ရာစု အေဒီ

www.burmeseclassic.com

www.burmeseclassic.com





မေရုတောင်နှင့် တောင်စဉ်ခုနစ်ထပ်
တောင်ဂူဘုရား၊ အမရပူရ
၁၉ ရာစု အေဒီ

www.burmeseclassic.com

www.burmeseclassic.com



ဖော်သည်။ ပုဂံခေတ်တွင် ပညာသည် ပေါင်းစုံလေသည်။ အနောက် အိန္ဒိယမှလည်းကောင်း၊ သီဟိုဠ်မှလည်းကောင်း၊ မာလာယုမှ လည်းကောင်း၊ ရေကြည်ရာမြက်နုရာ ဆိုသလိုပင် ကူးပြောင်း ရောက်ရှိလာကြသည့် ပညာသည်များလည်းရှိသည်။ ပြည်တွင်းတွင် ပျူ၊ မွန်၊ မြန်မာနှင့် အခြားတိုင်းရင်းသားပညာသည်များလည်း မြောက်မြားစွာရှိသည်။ အနော်ရထာမင်းစောသည် တရုတ် (ယူနန်) နှင့်လည်း အဆက်အသွယ်ရှိ၍ စွယ်တော်ကို ပင့်ဆောင်သည်။ မဇ္ဈိမဒေသ (ဘင်္ဂလား၊ ဘီဟာနယ်) နှင့်လည်း ဆက်သွယ်သည်။ သီဟိုဠ်ကျွန်းသို့လည်း စွယ်တော်ပင့်ဆောင်ရန် ချစ်ကြည်ရေးအဖွဲ့ များစေလွှတ်သည်။ ယင်းဆက်ဆံမှုများအရ နှစ်ပြည့်တစ်ပြည် ပညာသည် အချင်းချင်းဆက်ဆံမှုရရှိကာ ပြည်ပမှပညာသည်များ ဝင်ရောက်လာဖွယ်ရာရှိသည်။

ပုဂံပန်းချီဆရာများသည် ရှေးအိန္ဒိယအနုပညာသည်ကြီး များ လက်စွဲပြုခဲ့သော သိပ္ပသျှတ္တရကျမ်း၊ ဗိသနုဓမ္မောတ္တကျမ်းနှင့် ဆဋင်္ဂကျမ်း[၁] စသော ပန်းချီရေးဆွဲနည်းစသည့် ကျမ်းများကို လည်းကောင်း အသုံးပြုခဲ့ပုံရသည်။ ပုဂံဆေးရေး ပန်းချီလက်ရာ များကို လေ့လာကြည့်လျှင် ဆဋင်္ဂကျမ်းက ဝေဖန်ပြထားသော ပန်းချီအင်္ဂါ (၆) ပါးကို ပုဂံပန်းချီဆရာတို့ လေ့လာခဲ့ကြောင်း တွေ့ရ မည်ဖြစ်သည်။ ဆဋင်္ဂကျမ်းအလို အရ မြန်မာပန်းချီနှင့်ပတ်သက်၍

---

၁။ Shadanga

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကိုမပိုင်းခြားဘဲ ပန်းချီပညာကို အကြမ်းအားဖြင့် (၆) မျိုး ပိုင်းခြားနိုင်သည်။[၁]

(၁) ရူပဗေဒ (Ru-Pa-Bheda)
(၂) ပမာဏ (Pramani)
(၃) သဘာဝ (Bheda)
(၄) ဝလာညယောဇနံ (Walanya-yozanan)
(၅) သဒိသ (Sadisa)
(၆) ဝဏ္ဏိကဘင်္ဂ (Varmike-Bhazza)

တို့ဖြစ်သည်။[၂]

(၁)ရူပဗေဒ (ပုံသဏ္ဍာန်ကိုပိုင်းခြားသိမြင်ခြင်း)

ရုပ်သဏ္ဍာန်တို့ကို ခွဲခြားသိမြင်တတ်ခြင်းကို ရူပဗေဒ ဟုခေါ်သည်။ ဆင်ရုပ်၊ မြင်းရုပ်၊ တောတောင်၊ သစ်ပင် စသည် ဖြင့် သိရှိရုံမျှ ရေးဆွဲသော ပန်းချီအမျိုးအစားဟု ဆိုနိုင်သည်။ ပန်းချီပညာသင်ကြားသူများ ရေးဆွဲသောပုံမျိုးဖြစ်သည်။

(၂)ပမာဏ (အချိုးအစားကိုပိုင်းခြားသိမြင်ခြင်း)

အရုပ်သဏ္ဍာန်များ ကွဲပြားအောင်ရေးတတ်ပြီးနောက်၊ အရုပ်၏အချိုးအစားစနစ် ဥပဒေများအတိုင်း ရေးဆွဲရသော အဆင့်ဖြစ်လေသည်။

---

၁။ Six Rules (Shadanga) of India

၂။ Art and Mankind•Larousse Encyeclopedia of Prehistoric and Ancient Art. Hamlyn, New York.

www.burmeseclassic.com

www.burmeseclassic.com



(၃)ဘာဝ(စိတ်၌ခံစားရပုံကိုပေါ်လွင်စေခြင်း)

ကြည့်ရှုရသူ၏စိတ်တွင် ခံစားမှုပေါ်လာအောင် ရေးဆွဲခြင်းဖြစ်သည်။ ဤအဆင့်သည် အခြေခံပန်းချီရေးဆွဲနည်းဟု ဆိုနိုင်သည်။ ခံစားမှုပေါ်အောင်ရေးရာ၌ အရုပ်၏ မျက်နှာပုံပန်းအနေအထား၏ ပြောင်းလဲမှုနှင့်ပြည့်စုံသည်။

(၄)ဝလာညယောဇနံ (တင့်တယ်အောင်တန်ဆာဆင်ခြင်း)

လှပတင့်တယ်ရှုချင့်ဖွယ်ဖြစ်လာအောင် အဆင်အပြင် များထည့်သွင်းရေးထားခြင်းဖြစ်သည်။ လူရုပ်ပုံဖြစ်လျှင် အဝတ်အစားအဆင်တန်ဆာပုံကို ထည့်သွင်းရေးဆွဲသော အဆင့်ဖြစ်ပြီး ရှုမျှော်ခင်းစသောပုံများဖြစ်လျှင် ဖြည့်ကွက်များ ထည့်သွင်းရေးဆွဲသော အဆင့်ဖြစ်သည်။

(၅)သဒိသ (တူအောင်ပြုလုပ်ခြင်း)

တစ်စုံတစ်ရာကို စံထား၍ ထိုအရာ၌ ပုံတူအောင် ရေးဆွဲသောနည်းဖြစ်သည်။ ဤအဆင့်ကား အတန်းအစား မနိမ့်လှသော အဆင့်ဖြစ်သည်။ ပုံတူအောင်ဆွဲမည်ဟူ၍ ဆိုရာ၌ တစ်ကြောင်းဆွဲနည်းဖြင့်လည်း ပုံတူအောင် ဆွဲနိုင်သည်ဖြစ်ရာ ဤအဆင့်အတွက် ကလောင် (သို့) မီးသွေးတံကိုလည်း အသုံးပြုနိုင်လေသည်။

(၆)ဝဏ္ဏိကဘင် (စုတ်၊ဆေးတို့ကိုစနစ်တကျသုံးစွဲတတ်ခြင်း)

ဤအဆင့်တွင်ကား စုတ်နှင့်ဆေးတို့ကို အသုံးပြုပြီး ရောင်စုံရုပ်များရေးဆွဲနိုင်သည်။ စုတ်ဆေးတို့ကို ပိုင်နိုင်စွာ သုံးစွဲ

www.burmeseclassic.com

www.burmeseclassic.com



တတ်ခြင်းသည်ပင် ပန်းချီပညာ၏ထိပ်ဆုံးအပိုင်းသို့ရောက်ခြင်း ဟုဆိုနိုင်တော့သည်။

ဤကား ဆဋ္ဌင်ကျမ်း၏အလိုအရ ပန်းချီပညာကို အပိုင်း (၆) ပိုင်းခွဲထုတ်ခြင်းဖြစ်သည်။ ဖော်ပြပါ ဆဋ္ဌင်ကျမ်းသည် အိန္ဒိယနိုင်ငံတွင် အေဒီ ၃ ရာစုကပင် ပေါ်ပေါက်လာသောကျမ်းဖြစ်သည်။ အိန္ဒိယပန်းချီပညာရှင်များ အစဉ်အဆက် လိုက်နာခဲ့သော ပန်းချီကျမ်းတစ်ဆူဖြစ်ပါသည်။ အိန္ဒိယ အမျိုးသားပန်းချီပညာရှင်များ ပုဂံသို့ ရောက်လာသည့်အခါက သူတို့နှင့် အတူပါလာပုံရပါသည်။

အေဒီ ၅ ရာစုလောက်က တရုတ်နိုင်ငံတွင် ကျော်ကြားခဲ့သော ပုံတူရေးပန်းချီကျော်ကြီး (Hsiedk-Ho) သည်လည်း ပန်းချီဆရာများ၏ လက်စွဲကျမ်းတစ်စောင်ပြုစုခဲ့ရာ ပန်းချီဆရာများ လိုက်နာကျင့်သုံးရမည့် ပန်းချီဥပဒေ (၆)ပါးကို တီထွင်ပြုစုခဲ့ဖူးသည်။[၁] အဆိုပါဥပဒေ (၆) ပါးမှာ

(၁) Animation through spirit consonance (Ch-yun Sheng-Tung)

(၂) Structural method in use of the brush

(၃) Fidelity to the object in portraying form

(၄) Conformity to kind in applying colours

(၅) Proper Planning in placing (of elements)

---

၁။ Arts and Mankind- Larousse Encyclopedia of Prehistoric and Ancient Art. Hamlyn, New York.

www.burmeseclassic.com

www.burmeseclassic.com



(၆) Transmision (of the experience of the past in making copies)

ပုံတူ ပန်းချီကျော်ကြီး (Hsieh-Ho) ၏ ပန်းချီဥပဒေ (၆) ပါးသည်လည်း ယနေ့တိုင် တရုတ်ပန်းချီဆရာများ၏ လက်စွဲအဖြစ် ကျော်ကြားသော ပန်းချီရေးနည်းစနစ်များဖြစ်သည်။ ဆင့်ဂ်ကျမ်းနှင့် (Hsieh-Ho) ၏ ပန်းချီဥပဒေသများသည် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသို့ ကူးစက်ပျံ့နှံ့ပြီး ပန်းချီဆရာ အချင်းချင်း အလဲအလှယ်လိုက်နာကျင့်သုံးခဲ့ခြင်းဖြစ်ရာ အိန္ဒိယပန်းချီရေးနည်းများ ပုဂံသို့ရောက်ရှိလာပုံရပါသည်။

ထိုကျမ်းများအပြင် အိန္ဒိယပြည်တွင် ပေါ်ပေါက်ခဲ့သော သိပ္ပသျှတရကျမ်း၊ ဗသုနုဓမ္မောရကျမ်းစသော ပန်းချီကျမ်းများလည်း ပုဂံပန်းချီဆရာကြီးများ လက်သုံးပြုခဲ့ပုံရသည်ဟု ယူဆရသည်။[၁] ပန်းချီပညာသည် အဓိကအားဖြင့် သက်ရှိသက်မဲ့တို့၏ အမူအရာအမျိုးမျိုးကို သိခြင်းနှင့်လည်းကောင်း၊ အရောင်အဆင်း အမျိုးမျိုးကို သိခြင်းနှင့်လည်းကောင်း ဆိုင်သည်ဟု ဆိုကြပါသည်။

ရှေးမြန်မာပန်းချီဆရာများကမူ အဆိုပါ အသိနှစ်ခုအနက်၊ အမူအရာအမျိုးမျိုး သိသောအသိကို ဦးစားပေးလျက် လိုရာမျဉ်းတို၊ မျဉ်းရှည်၊ မျဉ်းဖြောင့်၊ မျဉ်းကောက်တို့ကို ရေးခြစ်၍ ပုံဖော်တတ်ကြသည်ဟု ဆိုကြပါသည်။ ရှေးရိုးမြန်မာပန်းချီဆိုသည်မှာလည်း အမူအရာအသိကို ဦးစားပေးလျက် ထိုအသိကို မျဉ်းများဖြင့်

---

[၁] ဇေယျ၊ မြန်မာပန်းချီ၊ စာပဒေသာမဂ္ဂဇင်း၊ ၁၉၅၃

www.burmeseclassic.com



ရှေးဦးစွာပုံဖော်သောပညာဖြစ်သည်။ ထိုပညာကို ကောက်ကြောင်းပန်းချီဟုခေါ်ကြသည်။

ရှေးရိုးမြန်မာပန်းချီ၏ ယေဘုယျလက္ခဏာသုံးခုကို တင်ပြလိုပါသည်။ တစ်ခုမှာ-ပန်းချီရေးပုံရေးနည်းအရာတွင် (ဝါ) ပုံသဏ္ဌာန်အရာတွင် ကောက်ကြောင်းပုံဆွဲ၍ ပုံဖော်ခြင်း ဖြစ်သည်။ နောက်တစ်ခုမှာ ပန်းချီရေးလေ့ရှိသောအကြောင်း အရာကိစ္စတွင် ဗုဒ္ဓမြတ်စွာ၏ ဖြစ်တော်စဉ်အခန်းခန်း (အထူးသဖြင့် ဖွားတော်မူခန်း၊ သဗ္ဗညုတဉာဏ်ရတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း) တို့ကိုလည်းကောင်း၊ နုစဉ်ဘဝက ဖြစ်တော်စဉ်တို့ကို ပြရာဖြစ်သောငါးရာငါးဆယ်ဇာတ်နိပါတ်တော်တို့ကိုလည်းကောင်း ပုံဖော်ခြင်းဖြစ်သည်။ ကျန်တစ်ခုမှာ ဦးတည်ချက်အရာ၌ ဗုဒ္ဓဘာသာဆိုင်ရာ ရတနာသုံးပါးကို ယုံကြည်ကိုးစား လာကြအောင် ပုံဖော်ခြင်းဖြစ်သည်။ ထိုယေဘုယျလက္ခဏာ (၃) ပါးကို ပုဂံခေတ်ဦး အပယ်ရတနာ ဘုရားရှိ ပန်းချီပုံများ၌လည်းကောင်း မြင်နိုင်၍ နောက်ဆုံးရတနာပုံအနီး မန္တလေး မဟာမြတ်မုနိဘုရားရှိ ပန်းချီများ၌လည်း မြင်နိုင်သည်။

## မြန်မာပန်းချီမှု

အမျိုးသားဟန်ပါသော ရှေးရိုးမြန်မာပန်းချီတွင် "မှု" စနစ်များရှိပါသည်။ ကနုတ်၊ နာရီ၊ ကပိ၊ ဂဇာဟူသော အခြေခံနည်းစနစ်များဖြစ်ပါသည်။ အခြေခံပန်းချီစနစ်လေးမျိုးနှင့်ပတ်သက်၍ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် သာယာဝတီမင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ထက် ဒုတိယ နဝဒေးရေးသားသည့် ရဲတင်းမော်ကွန်း၌ "လောကသမုတ်၊ ကနုတ်နာရီ၊ ကပီ၊ ဂဇာ၊ ဂုဏ်ပညာလည်း" ဟု ထည့်သွင်းရေးသားစပ်ဆိုခဲ့ဘူးပါသည်။

မြန်မာပန်းချီ ပညာရပ်၌(၁) အခြေခံပညာရပ်၊ (၂) ဆေးရောင်စုံ ဖော်စပ်သုံးစွဲနည်းပညာရပ် ဟူ၍နှစ်မျိုးရှိပါသည်။ ကနုတ်နာရီ ကပီဂဇာဟူသော ရေးနည်းလေးမျိုးကား မြန်မာပန်းချီရေးနည်း အခြေခံပညာရပ်များပင်ဖြစ်ပါသည်။ ကနုတ်မှာ ခြူးပန်းခြူးနွယ်ကနုတ်ပန်းရေးနည်း၊ နာရီမှာ မိန်းမရုပ်ရေးနည်း၊ ကပီမှာမျောက်၊ ဘီလူး၊ နဂါး၊ ဂဠုန် စသည့် အရုပ်များကို ရေးဆွဲနည်းနှင့် ဂဇာမှာ ဆင်အမျိုးမျိုးနှင့် ကိုယ်ထည်ကြီးမားသော ရုပ်ပုံအမျိုးမျိုးကို ရေးဆွဲနည်းဖြစ်ပါသည်။ ထိုအခြေခံ ပညာရပ်များကို မီးသွေး၊ ကံ့ကူဆံတို့ဖြင့် လေ့ကျင့်ရပါသည်။ ထိုသို့လေ့ကျင့်ရာတွင် ပိုင်နိုင်ကျွမ်းကျင်လာပါက ဆေးရောင်စုံဖြင့် ဖော်စပ်သုံးစွဲနည်းကို တက်ခွင့်ရသည်ဟုဆိုပါသည်။ မြန်မာပန်းချီဆရာများ အခြေခံထား၍ သုံးစွဲခဲ့သော ဆေးရောင်များမှာ ဆေးဒါန်း၊ ဟသ်ပဒါး၊ ဒုတ္ထာ၊ ရေနံချေးမှိုင်း မင်အနက်ရောင်နှင့် မြေဖြူ မြေနီမြေဝါတို့ ဖြစ်ပါသည်။ အဆိုပါ အရောင်များမှ အခြေခံအရောင်များဖြစ်ကြပါသည်။ မြန်မာပန်းချီဆရာ ကြီးများသည် အဆိုပါဆေးရောင်စုံများကိုလည်း ကိုယ်တိုင် ဖော်စပ်ရေးဆွဲကြပါသည်။

စွန်တောင်မွေး၊ ငှက်ကြီးဒုံစပ်မွေး စသည်တို့ကို စုတ်တံအကြီးများပြုလုပ်ရာတွင် သုံးပြီးခိုမွေး၊ ချိုးမွေး၊ ယုန်နားရွက်မွေး၊ ကြောင်ခါးတောင်မွေး၊ နွားနားရွက်မွေး စသည်တို့ကို အနုစား

www.burmeseclassic.com

www.burmeseclassic.com



စုတ်တံအငယ်များ ပြုလုပ်ရာတွင် သုံးကြပါသည်။ စုတ်တံအရိုးကို ဝါးဘိုးရင့်ရင့်ဖြင့် ကိုယ်တိုင်ပြုလုပ်သုံးစွဲကြရပါသည်။

ဤနေရာ၌ မြန်မာပန်းချီအခြေခံပညာရပ်လေးမျိုးဖြစ်သော

(၁) ကနုတ်
(၂) နာရီ
(၃) ကပိ
(၄) ဂဇာ ဆိုသည့် ပန်းချီရေးနည်းများနှင့် မြန်မာပန်းချီ ဆေးဖော်စပ်နည်းများကို ရှင်းလင်းတင်ပြလိုပါသည်။

(၁) ကနုတ်

ကနုတ်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ မြန်မာမှုပန်းချီ ဆောင်းပါးကြီးများကို ရေးသားခဲ့သူ ပန်းချီဆရာကြီး ဦးဘစိန်၏ အဓိပ္ပာယ်ဖွင့်ပြချက်ကို တွေ့ရသည်။ ကနုတ်ဟူသော ဝေါဟာရ သည် မဂဓဘာသာကောတနုဒ သဒ္ဒါကြာ ဟောပရိယာယ်မှ ဆင်းသက်၍ ကနုတ်ဖြစ်လာဟန်၊ ကြာခွေ၊ ကြာသိမ်၊ ကြာရိုး၊ ကြာစွယ်သဏ္ဌာန်ကို ယူသင့်သည် စသည်ဖြစ်သည်။

'ကောကနုဒ'ကို အချို့က 'ကော်ကနုဒ' ဟူ၍ အသံထွက်ဖတ်ရှုတတ်ကြသည်။

ကောကနုဓမှ ကနုတ်ဖြစ်လာရန်မှာလည်း နီးစပ်သော အကြောင်းရှိပေရာ ဦးဘစိန်အဆိုသည် ကောင်းမွန်မှန်ကန်သည် ဟု ယူဆသင့်ပေသည်။ သို့ရာတွင် ကောကနုဒသဒ္ဒါ ကကြာ

www.burmeseclassic.com

www.burmeseclassic.com



ဟောပုဒ်ဖြစ်သဖြင့် 'ကြာ'နှင့်ပတ်သက်သမျှယူဆလျှင် နယ်ကျဉ်းပေသည်။

မဂဓ အဘိဓာန်တွင်ကြာဟောပရိယာယ် (၁၂) ပုဒ်ပြထားသည်။ အဘိဓာန်၌-

(၁) ပရောရုဟံ = ကြာ
(၂) သတပတ္တံ = ကြာ
(၃) အရပိန္ဒံ = ကြာ
(၄) ဝါရိဇံ = ကြာ
(၅) ဖင်္ကေရုဟံ = ကြာ
(၆) ပဒုမံ = ကြာ
(၇) ပေါက္ခရံ = ကြာ
(၈) မဋ္ဌာလပုပ္ဖံ = ကြာ
(၉) ကမလ = ကြာ
(၁၀) နလိန = ကြာ
(၁၁) ဘိသပုပ္ဖံ = ကြာ
(၁၂) ကုသေသယံ = ကြာ . . . ဟူ၍ ပြထားသည်။

တစ်ဆက်တည်းပင် "ကောကနဒ" နှင့် ပတ်သက်၍ 'ပုဏ္ဍရိက'[၁] သိတံရတ္တံ၊ ကောကနဒံ ကော႙ာသကော စသော ဂါထာဖြင့် ကောကနဒကြာကို ပြထားသေးသည်။ "ရတ္တံ-နီသော၊ ကမလံ ကြာသည် ကြာနီဖြစ်ကြောင်းပြဆိုထားၿ၏။ ကောကနဒသည်ပင် ကောကနဒဖြစ်ကြောင်း ပါဠိစာပေ၌ မှတ်သားရပေသည်။

၁။ ပုဏ္ဍရိက - ပုဏ္ဍရိက်ကြာမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကောကနဒ(သို့) ကောကနုဒသည် ကြာဟောသဖြင့် ကနုတ်ပန်းချီသည် ကြာနှင့် ပတ်သက်၍ဟူသော အယူအဆမှာ သင့်တော်ကောင်းမွန်လှသည်ဟု ဆိုရန်ရှိပါသည်။[၁]

သို့ရာတွင် ကြာကိုနယ်ဆန့်၍ကြည့်ပါက ကြာသည်ပန်းဖြစ်သည်။ သက်မဲ့အရာဖြစ်သည်။ ကြည့်၍မြတ်နိုးဖွယ်ရာရှိသည်။ ပျော့ပျောင်းသည်။ ခွေညွတ်သည်စသော သဘောများကို တွေ့ရပေရာ ကြာရိုး၊ ကြာစွယ်ပုံများသာမက ပန်းချီ အမျိုးမျိုးစသည်ကိုလည်း ကနုတ်ဟု ခေါ်သင့်သည်ထင်၏။ ယခုခေတ် ပန်းချီဆရာများ၏ အယူအဆမှာလည်း ပျော့ညွတ်သောမျဉ်းကို ကနုတ်ဟုပင်ယူဆကြောင်း သိရှိရပေသည်။ ပျော့ညွတ်သွယ်နွဲ့သော မျဉ်းကြောင်းကလေးများမှာ ကြာပွင့် ပန်းပွင့်၊ ပန်းတွန့်ကလေးများ ရေးဆွဲခြင်းဟုပင်ဆိုရတော့သည်။

ကနုတ်ဟူသော ဝေါဟာရကို လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀ ကျော်ကျော်မှ စတင်အသုံးပြုခဲ့ကြောင်း ဆရာဇော်ဂျီက ရှာဖွေတင်ပြဖူးပေသည်။ ထိုစာတွင် ပုဂံခေတ်စာပေများ၌ ကနုတ်ဟူသောဝေါဟာရ မတွင်ကျယ်သေးပေ။

### (၂) နာရီ

နာရီဟူသည်မှာ မိန်းမရုပ်အမျိုးမျိုးကို ရေးဆွဲသောပညာရှင်ပင်ဖြစ်သည်။ ဤအဆင့်တွင်လည်း မိန်းမရုပ်သာမက

---

၁။ မြန်မာစကားအဖွင့်ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမနှင့် တစ်ဆက်တည်းပင် လူရုပ်အမျိုးမျိုးရေးဆွဲခြင်း အတတ်ပါ ထည့်သွင်း မှတ်ယူသင့်သည် ထင်ပေသည်။

(၃) ကပီ

မျောက်ရုပ်၊ ဘီလူးရုပ်စသော အရုပ်များရေးဆွဲခြင်း အတတ်ကို ကပီဟုခေါ်သည်။ မျောက်ရုပ်၊ ဘီလူးရုပ်စသည်တို့ကို ရေးဆွဲရာ၌ 'ကနုတ်' များ ထည့်သွင်းရေးဆွဲလေ့ရှိသည်။ ပါးစပ် အနေအထား၊ နှာအနေအထား၊ ဝတ်စားတန်ဆာစသည့်များ၌ ကနုတ်ချက်များ ထည့်သွင်းရသည်။ နတ်ရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ ဇော်ဂျီရုပ်စသည်များကို ရေးရာတွင် ကနုတ်ချက်များ ထည့်သွင်း ရေးဆွဲလေ့ရှိရာ ယင်းအရုပ်များကိုလည်း ကပီပိုင်းတွင်လည်း ထည့်သွင်းရေတွက်သင့်ပေသည်။

(၄) ဂဇာ

ဂဇာဟူသည်မှာ ဆင်ရုပ်၊ မြင်းရုပ်စသော ကနုတ်နည်း ပါသော (သို့) အလျဉ်းမပါသော တိရစ္ဆာန်များရေးဆွဲခြင်း အတတ်ပင်ဖြစ်သည်။ မြန်မာ့အမျိုးသားဟန် ပန်းချီအခြေခံရေး ဆွဲနည်း ရေးဆွဲဟန်တို့သည် သိပ္ပသျှုတ္တရကျမ်း၊ ဂဇသျှုတ္တရကျမ်း၊ အဿသျှုတ္တရဆင်ကျမ်း၊ မြင်းကျမ်းများနှင့် လူတကိုယ်လုံး၏ အင်္ဂါအစိတ်အပိုင်းနှင့် အကျိုးအပြစ်ကို ဖော်ပြသော သာမုဒ္ဒိက လက္ခဏာကျမ်းနှင့် အခြားကျမ်းများအပြင် ဖော်ပြပါ "ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ" ဟူသော ပန်းချီပညာ၏ အခြေခံနည်းစနစ်များ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေလောက၌ အခြေခံပန်းချီပညာ(၄)မျိုးကို မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် သာယာဝတီမင်းလက်ထက် ဒုတိယနဝဒေးရေးသားသည့် ရဲတင်းမော်ကွန်း၌ "လောက သမုတ်၊ ကနုတ်နာရီ၊ ကပီ၊ ဂဇာ၊ ဂုဏ်ပညာလည်း" ရေးသားခဲ့သည်။

သိပ္ပသျှတ္တရကျမ်းတွင် တကယ့်ပန်းချီကျော်၊ ပန်းချီကောင်းတို့သည် လူ့အာဇာနည်၊ မြင်းအာဇာနည်၊ နွားလား ဥသဘအာဇာနည်၊ ခြင်္သေ့အာဇာနည် ဟုဆိုအပ်သော အာဇာနည် (၄) မျိုးကို ကောင်းစွာရေးဆွဲတတ်ရမည်။ မိန်းမပျိုပုံကို ရေးဆွဲသောအခါ ခါးသေးရင်ချီကာ မျက်လုံးတပ်ရာ၌ သရက်ကင်းပုံတပ်ရမည်စသောပန်းချီပညာ၏ စနစ်ကို အကျယ်တဝင့် ဖော်ပြထားသည်။

ပန်းချီဆရာများလိုက်နာရမည့် စိတ်၏စင်ကြယ်ခြင်း၊ ကိုယ်၏စင်ကြယ်ခြင်းများနှင့် သုမင်္ဂလ၊ ဒုမင်္ဂလ၊ ခွဲခြားသုံးစွဲ၍ သူ့ဌာနနှင့် သူ့ဌာနခွဲခြားရေးဆွဲရသော စည်းကမ်းချက်များရှိလေသေးသည်။

ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ ဟူသော အမျိုးသားဟန် ပန်းချီပညာ၏ အခြေခံ (၄) မျိုးကို ကဏ္ဍအလိုက်သီးခြားသုံး ခွဲ၍ ရေးသားရမည်ဆိုပါက ကျမ်းကြီးတစ်စောင်တစ်ဖွဲ့ ရေးသားရပေလိမ့်မည်။

ကနုတ်ပန်းချီအကြောင်းဆိုလျှင် အခြေခံ ကနုတ်ဖွား[illegible] အဆင့်ဆင့်တိုးတက်၍ ကနုတ်ချက်ပါသော ဆင်ယင်ထုံးဖွဲ့မှု၊ လူ[illegible] နတ်၊ သိကြား၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော[illegible] အဝတ်အဆင်များနှင့် စက္ကူချပ် ယာယီမဏ္ဍပ်၊ [illegible] ကရဝိက် နန်းဆောင်၊ ယွန်းဆောင် လောင်တိုက်၊ [illegible] ပြာသာဒ်များ[illegible]

www.burmeseclassic.com

www.burmeseclassic.com



နန်းဆောင် အိမ်ဆောင်များ၊ အသားအင်္ဂတေ ဘုရားတန်ဆောင်း၊ နန်းတော်နန်းဆောင်၊ အိမ်တော်စနု စမုခ်ပြာသာဒ်များ၊ ဘောဂဆောင်၊ စနုဆောင်၊ စကြံ၊ ပြာသာဒ်များ၊ တည်ဆောက်ရာ၌ ကနုတ်ပန်းချီပညာများကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ရပေမည်။

နာရီမှာ အမျိုးသမီးပုံများ၊ လူရုပ်ပုံများနှင့် ပျော့ပျောင်းသော ဟန်အမူအရာပါရှိသော ရုပ်ပုံများ၏ အခြေခံဖြစ်သည်။

ကပီမှာ မျောက်ဘီလူး၊ ခြင်္သေ့၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော အရုပ်အမျိုးမျိုး၏ အခြေခံဖြစ်သည်။

ဂဇာမှာ ဆင်အမျိုးမျိုးနှင့် ကိုယ်ထည်ကြီးမားသော ရုပ်ပုံအမျိုးမျိုးရေးဆွဲနည်းအခြေခံများဖြစ်လေသည်။

**ရှေးမြန်မာပန်းချီဆေးပစ္စည်း**

၁၉၃၀-၃၄ ခုနှစ် မြန်မာနိုင်ငံ ကဗ္ဗည်းကျောက်စာ ဌာနနှစ်ချုပ်အစီရင်ခံစာ၌ ရှေးဟောင်းနံရံပန်းချီလက်ရာများတွင် များသောအားဖြင့် အဖြူ၊ အနီ၊ အနက်၊ အဝါ၊ အပြာ နှင့် အစိမ်းရောင်များတွေ့ကြောင်း မှတ်ချက်ချထားသည်။ ဘယ်လ်ဂျီယံနိုင်ငံမှ ဓာတုဗေဒပညာရှင် ဒေါက်တာပေါလ်ကိုးမန်း၏ ၁၉၆၁ ခုနှစ် အစီရင်ခံစာတွင် အနီရောင်အတွက် ဟင်္သပဒါး၊ အစိမ်းရောင်အတွက် တွင်းထွက်ပစ္စည်းတစ်မျိုး၊ အနက်ရောင်အတွက် ကျွဲပခိုးနှင့် အဖြူရောင်အတွက် ထုံးကျောက်နှင့် မြေဖြူတို့ကို အသုံးပြုရကြောင်းဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံပြတိုက်ရှိ ကျောက်စာနံပါတ် ၄၄ သက္ကရာဇ် ၅၉၈ ခုနှစ် ထိုကျောက်စာတွင် ဆေးဒါန်း၊ ဟသ်ပဒါး၊ ထုံးဖြူချိပ်နှင့် ကံကုတ်တို့ကို နံရံဆေးရေးရန်အတွက် ဝယ်ယူရကြောင်း ရေးထိုးထားပါသည်။

ပုဂံခေတ်တွင် အသုံးပြုခဲ့သည့် ဆေးများနှင့်ပတ်သက်၍ "ကျောက်ဆေးအိုး" အကြောင်းသည် စိတ်ဝင်စားဖွယ်ကောင်းသည်။ ပုဂံဗညောင်ဦးမြို့နယ် ချောင်းရိုးတစ်လျှောက်တွင် ရေကျသွားသည့်အခါ သဲများပေါ်တွင်ကျန်ရစ်သည့် ကျောက်ခဲငယ်များရှိတတ်သည်။ ယင်းကျောက်ခဲငယ်များ လှုပ်ကြည့်သည့်အခါအထဲက အဆံရှိသည့်အလား အသံမြည်သည်ဟုဆိုပါသည်။ ထိုကျောက်ခဲကို ခွဲကြည့်ပါက အမှုန့်ခဲများ ထွက်လာသည်ဟု ဆိုပါသည်။ ထိုအမှုန်များကို ရေနှင့်ဖျော်စပ် ရေးဆွဲပါက ဆေးအနီရောင်ပေါ်လာသည်ဟု ဆိုသည်။

မြန်မာမင်းလက်ထက် ပန်းချီအသုံးအဆောင် ဆေးပစ္စည်းကိရိယာများနှင့် ပတ်သက်၍ကား ကျောက်စာများ "ရှေးဟောင်းလက်မှုပညာ ပေါင်းချုပ်ကျမ်း" စသော စာပေမှတ်တမ်းများ အရလေ့လာသိရှိနိုင်သည့်ဆေးမှာ အဖြူရောင်အတွက် မြေဖြူကိုသုံးသည်။ အနီရောင်အတွက် တောမှရသည့် ကျောက်ခဲမှထွက်သော ရွှေနီ (သို့မဟုတ်) ဟသ်ပဒါးကို သုံးသည်။ ဆေးဒါန်း (သို့မဟုတ်) ကံကုတ်ခေါ် မြေဝါတစ်မျိုးကို လည်းကောင်း၊ သစ်စေး (၁၀) ကျပ်နှင့် ဟသ်ပဒါး (၁) ကျပ်၊ ဆေးဒါန်း (၂) ကျပ်သားကို ရောဖျော်၍လည်းကောင်း သုံးသည်။ အပြာရောင်အတွက် မဲနယ်

www.burmeseclassic.com



တုံး၊ မဲနယ်မှုန်ကိုဖြစ်စေ၊ မဲပြာရောင်အတွက် မဲနယ်နှင့်မင် အမှုတွင် ဆေးဒါန်းအတန် ထည့်၍ဖြစ်စေသုံးနိုင်သည်။ အခြားသော ဂဠုန်အန်ဖတ် အရောင်ဖော်နည်းမှာ မြေဖြူတုံး၊ မဲနယ်တို့ကို ရောစပ်ဖော်ယူရသည်။ စကားရောင်အတွက်မှာ ဟသ်ပဒါးနှင့် ဆေးဒါန်းနှစ်မျိုး အမှုထည့်ဖော်ရသည်။ ဤသို့လျှင် အဖြူ အနီ၊ အဝါ၊ အပြာ၊ အနက်တို့သည် မူလဆေးရောင်များဖြစ်၍ အခြားအရောင်များမှာ လိုအပ်သလို ရောစပ်ဖျော်ယူနိုင်ပေသည်။ ဆေးရောင်ခိုင်အောင်သဖန်းနှင့် တမာစေးဖြစ်ပါသည်။ ပန်းချီရေးမည့်အခါ အထက်ပါဆေးတို့ကို ရေနှင့်ဖျော်ယူကာ တမာဆေး သဖန်းစေးထည့်ပြီးမှ ရေးရသည်။ တောက်ပြောင်သော ဆေးရောင် ဖြစ်လိုလျှင်မူ ဥသျှစ်စေးနှင့် ကြက်ဥအကာရည်ကို ရောစွက်ရသည်။ သို့သော် ဥသျှစ်စေးများလျှင် ကွဲအက်တတ်ပြီး ကြက်ဥအကာရည်များလျှင် အပေါ်ရည်တင်း နေတတ်သဖြင့် သမအောင် ရောစပ်ယူရသည်။

ပန်းချီရေးဆွဲသော ကိရိယာမှာ စုတ်တံ၊ ခေါင်တံ၊ ဘိတ်တံတို့ကို နေရာအလိုက်သုံးရသည်။ စုတ်မှာ နွားနားရွက်အတွင်း အမွေးကိုညှပ်၍လုပ်သည်။ ခေါင်တံမှာ အခေါင်းပါသော ကျူရိုးကို ဓါးဖြင့်ကလောင်သွားကဲ့သို့ ချွန်ထက်အောင်လှီး၍ ပြုလုပ်သည်။ ဘိတ်တံမှာ ကလောင်သွားကဲ့သို့ ချွန်နေအောင် လုပ်ထားသည်။ မင်တို့ ရေးနိုင်သည့် အခြားသံချောင်းဖြင့်လုပ်သော စုတ်တံမျိုးလည်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီရေးဆွဲရန် ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လွှတ်တော်မှတ်တမ်းပါ မင်းတုန်းမင်းလက်ထက် သီဟိုဠ်ကျွန်း သိမ်ပုံရေးပေးရန် လွှတ်တော်က ရွှေတိုက်ဝန်၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေးတို့ထံ ဆင့်ဆိုသော စာလက်ခံ၌ ဤသို့တွေ့ရသည်။ ယင်းမှာ "သိမ်" ပုံရေးရန်အတွက် အင်္ဂလိပ်စက္ကူချပ် ရေ (၂၀)၊ ခဲတံ (၁) ဟင်္သပဒါး၊ မြေဖြူ၊ မဲနယ်၊ ၂ ကျပ်စီ၊ ဆေးဒါန်း၊ တမာစေး ၂ကျပ်၊ မင် ၂ ကျပ်စီနှင့် ဆေးဖျော်ရန် ပန်းကန်လုံးရေ (၁၀) ကို သာသနာပြုဆရာတော်အမိန့်နှင့် တောင်းတော်မူသည်။ ထို့ကြောင့် ၁၂၂၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့တွင် ပန်းချီအမှုထမ်း ကျော်ထင်နော်ရထာလက်သို့ ပေးအပ်ရမည် ဖြစ်ကြောင်းဖြစ်သည်။ ဤနေရာ၌ ပန်းချီကိုအနောက်တိုင်းနည်း အရ စက္ကူပေါ်တွင် ရေးဆွဲနေပြီဖြစ်ကြောင်း တွေ့နိုင်ပါသည်။

ဤနေရာတွင် ရှေးရိုးမြန်မာပန်းချီဆရာများ လက်သုံး ပန်းချီဆေးဖော်နည်းများ အမြွက်မျှဖော်ပြလိုပါသည်။ ဤဆေး ရောင်ဖော်နည်းများတွင်လည်း အထက်၌ ရေးသားခဲ့သော ဆေးဒါန်းစသော ဆေးအမည်များကိုသာ သုံးထားကြောင်း တွေ့ရပါသည်။

## ပုစွန်ဆီဖော်နည်း

ပုစွန်ဆီဖော်နည်းကား ဆေးဒါန်း၊ မြေဖြူ၊ ဟင်္သပဒါး၊ ဤ ၃ ပါးကို အမျှပြုပြီးမှ ဟင်္သပဒါးကိုပို၍ထည့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ဂဠုန်အန်ဖတ်ဖော်နည်း**

ဂဠုန်အန်ဖတ်ဖော်နည်းကား မြေဖြူ၊ မဲနယ်နှင့်ထုံးတို့ကို အမျှစီပြုရမည်။

**အစိမ်းဖော်နည်း**

အစိမ်းဖော်နည်းကား ဆေးဒါန်းနှင့်မဲနယ်ကို အညီအမျှ ရောရမည်။ ရင့်ရင့်စိမ်းစေလိုလျှင်သစ်ရွက်ရည်ထည့်ရမည်။

**စကားရောင်ဖော်နည်း**

စကားရောင်ဖော်နည်းကား ဟသ်ပဒါးနှင့် ဆေးဒါန်း အမျှစီ ထည့်ရမည်။

**ပန်းရောင်ဖော်နည်း**

ပန်းရောင်ဖော်နည်းကား မြေဖြူနှင့်အနီရောင် ရောစပ်ရမည်။ ရင့်စေလိုလျှင် အနီကိုပို၍ထည့်ရမည်။ ပြေစေလိုလျှင် မြေဖြူကိုပို၍ထည့်ရမည်။

**စာသင်ပြေဖော်နည်း**

ဤဆေးရောင်ဖော်နည်းကား ဆေးဒါန်းနှင့် မြေဖြူကို အမျှထည့်ရမည်။ (ဟသ်ပဒါးနှင့် မြေဖြူကိုရောလျှင် အနီဖျော့ဖျော့အရောင်ရသည်။ ပန်းရောင်ဟုခေါ်သည်။ ဤစာသင်ပြေးအရောင်ဖော်နည်းတွင် ဆေးဒါန်းနှင့်မြေဖြူကို ရောစပ်ရသည်ကိုထောက်၍ ဝါပြေပြေအရောင်ပင်ဖြစ်ရသည်။)

**သွေးပြေဖော်နည်း**

သွေးပြေဖော်နည်းကား မြေဖြူနှင့်ဟသ်ပဒါးကို အမျှရောစပ်ပြီး နောက်မြေဖြူကို ပို၍ထည့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မွဲပြာဖော်နည်း

မွဲပြာဖော်နည်းကား မဲနယ်နှင့်မင်ကိုအမျှစီရောစပ်၍ ဆေးဒါန်းကို သင့်ရုံထည့်ရမည်။ ဤကားရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းလာ ပန်းချီဆေးဖော်နည်းများပင်ဖြစ်ပါသည်။

မြန်မာပန်းချီဆေး၌ အရေးကြီး အရာရောက်သောဆေးရောင် (၅) မျိုးရှိသည်။

(၁) ဆေးဒါန်း
(၂) ဟင်္သပဒါး
(၃) ဒုတ္တာ
(၄) ဆင်ခေါင်းမြေဖြူ
(၅) ရေနံချေးမှိုင်းနှင့်မင် စသည်တို့ဖြစ်ပါသည်။ ၎င်းတို့ကိုဆေးရောင်ဖြစ်အောင် ပြုလုပ်ရသေးသည်။ (၁) ဆေးဒါန်းသည် လှပတောက်ပြောင်သော အဝါရောင်ဆေးကိုရသည်။ (၂) ဒုတ္တာသည် စိုပြည်လှပသော အပြာသွေးကိုရသည်။ (၃) ဟင်္သပဒါးသည် နီလွင်တောက်ပြောင်သော အနီသွေးကိုရသည်။ (၄) ဆင်ခေါင်းမြေဖြူသည် ဖြူစင်နူးညံ့သော အဖြူရောင်ကိုရသည်။ (၅) ရေနံချေးမှိုင်းသည် မည်းနက်မှိုင်းညို့သောမင် ရောင်ကိုရသည်။

ဤသို့အရေးကြီးသော ဆေးရောင်ကြီး (၅) မျိုးကိုမှုတည်၍ ကျန်သောအသွေးအရောင် အမယ်များတို့ကို လိုသလိုတွဲစပ်၍အသုံးပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဒါန်းကို အဝါရောင်ပြုလုပ်ရာ၌ ကျောက်ပျဉ်တွင် ရေနှင့်သွေးရလေသည်။ သနပ်ခါးကဲ့သို့ ခပ်ပျစ်ပျစ်ထွက်လာသော ဆေးဒါန်းကို ခွက်တစ်ခုခုတွင်ထည့်၍ တမာစေးရည်နှင့် သမ အောင်နယ်ကာ နေရောင်တွင်ပြထားရလေသည်။ သွေ့ခြောက် လျှင် ရေအနည်းငယ်ခန့်နှင့်မွှေ၍ လိုသလိုစပ်ကာ အသုံးပြုနိုင် သည်။ ဒုတ္တာမှာ အပြာရောင်ဖြစ်အောင် ပြုလုပ်ရာတွင် အထက်ပါ နည်းအတိုင်း ဖြစ်ပါသည်။

ဟသ်ပဒါးကို ခွက်တစ်ခုတွင်ထည့်၍ တမာစေးရည် ပျစ်ပျစ်နှင့် သမအောင်မွှေရသည်။ သမလျှင် ရေအနည်းငယ် ထည့်၍ နာနာမွှေပြီး နေရောင်တွင်ပြရသည်။ နေရောင်ပြရ ခြင်းအကြောင်းမှာ ရုပ်ပုံကားဖြစ်လာသောအခါ ပန်းချီရုပ်ပုံကားကို နေရောင်ထိပါက အရောင်လွင့်ပြယ်တတ်သည်ကို ကာကွယ် ရန် ဖြစ်သည်။ ဆေးကိုနေရောင်နှင့် ပဏာရအောင် ပြုလုပ်ခြင်းပင် ဖြစ်လေသည်။

မြန်မာပြည် အနယ်နယ်တွင်ရှိသော မြေဖြူတစ်မျိုးကို ဆင်ခေါင်းမြေဖြူဟုခေါ်သည်။ ထိုမြေဖြူကို တမာစေးနှင့်နယ်ရ သည်။ ကြပ်ကြပ်နယ်မိ၍ သမလျှင် ရေအနည်းငယ်ထည့်၍ နေရောင်ပြရမည်။ ခြောက်သွေ့ပါက ရေနှင့်ရော၍ လိုသလို အသုံးပြုနိုင်ပါသည်။

အတွင်းခံပြောင်ချောသော အိုးခွက်ဖြင့်လည်းကောင်း တစ်ခုခုရရာကို လေဝင်ပေါက်အနည်းငယ်လှပ်၍ မှောက်ထား ရသည်။ ယင်းအောက်မှ ရေနံချေးထည့်ထားသော သံဖြူမီးခွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မီးထွန်းထားရမည်။ အချိန်ကြာစွာ ထားနိုင်သလောက် မှိုင်းအစွဲများသည်။ ကပ်လျက်ရှိသော မှိုင်းများကိုခြစ်ချပြီး ကြက်ဟင်းခါးရွက်ရည်ဖြင့်လည်းကောင်း၊ ငါးသည်းခြေဖြင့် လည်းကောင်း၊ နွားသည်းခြေဖြင့်လည်းကောင်း၊ ဆံမရှူးခေါ် အရက်ခါး ရရာဖြင့် မှိုင်းအခိုးငွေ့ကို ခွက်တစ်ခုတည်းတွင် ထည့်၍ သုပ်ရမည်။ ထိုသို့ပြုလုပ်ပြီးမှ အထက်နည်းအတိုင်း တမာစေး ရည်နှင့် သမအောင်မွှေ၍ အနက်ရောင်အဖြစ် လိုသလို အသုံးပြု နိုင်သည်။

ဆေးဒါန်းမှ ဖော်စပ်ရရှိသော အဝါရောင်သည် ယခု ဥရောပတိုက်နှင့် အခြားနိုင်ငံအသီးသီးမှ ပန်းချီဆေးကုမ္ပဏီ ကြီးများကရောင်းချလျက်ရှိသော Chrome Yellow အဝါရောင် နှင့် အမျိုးအစားခြင်းတူလေသည်။ ဆေးအသွေးမှာ မြန်မာ့ ဆေးရောင်ကပင် ပိုမိုစိုပြည်တောက်ပြောင်သည်ဟုဆိုသည်။

ဟင်္သပဒါးမှ ဖော်စပ်ရသော ဆေးရောင်သည် "Vermil-lion" (ဗာမီလီယန်း) အနီသွေးအရောင်ပင်ဖြစ်သည်။ ဒုတ္ထာမှ ဖော်စပ်ရသော အပြာရောင်ဆေးကား "Cobalt Blue" (ကိုဘော့ ဗလူး)နှင့် တူသည်။ ရေနံမှိုင်းမှ ဖော်စပ်ရရှိသော အနက်ရောင် ကား ယခုခေတ်သုံး "Lamp Black" (လင့်ဘလက်) အနက်ရောင် ပင်ဖြစ်သည်။ ဆင်ခေါင်းမြေဖြူမှ ဖော်စပ်ရရှိသော အဖြူရောင် ကား "Flake White" (ဖလိပ်ဝိုက်) အဖြူမျိုးပင်တည်း။

ဒုတ္ထာမှဖြစ်သော အပြာရောင်နှင့် ဆေးဒါန်းမှဖြစ်သော အဝါရောင်ဆေးဒါန်းနှစ်ပါး ရောစပ်ပါမူ အစိမ်းရောင်အနုအရင့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကိုရနိုင်ပေသည်။ ဒုတ္တာမှအပြာနုနှင့် ဟသ်ပဒါးမှ အနီရောင်နှစ်မျိုးရောစပ်ပါမူ ခရမ်းရောင်၊ ခိုရောင်၊ မရမ်းစေ့ ရောင်၊ အညိုရောင်၊ အနုအရင့် အမျိုးမျိုးကိုရနိုင်သည်။

ဟသ်ပဒါးအနီရောင်နှင့် ဆေးဒါန်းမှ အဝါရောင်နှစ်ပါးကို ရောစပ်ပါမူ စကားဝါရောင်၊ လိမ္မော်ရောင်၊ ရွှေဖလားရောင်၊ ကြက်ဥနှစ်ရောင် စသည်ဖြင့် အနုအရင့် အမျိုးမျိုးရနိုင်ပေသည်။ ၎င်းမူလအရောင် "Primary Colour" သုံးရောင်ကို ရေနံမှိုင်းမင် တွင် ရောစပ်ပြန်ပါမူ သက်ဆိုင်ရာ အရောင်အနုအရင့် အမျိုးမျိုး ကိုရနိုင်သည်။

ရှေးမြန်မာ ပန်းချီဆရာကြီးများ အသုံးပြုသော ဆေး ရောင်စုံတွင် (၁) ပုစွန်ဆီရောင်ဖော်စပ်နည်း (၂) နုံ့သာရောင် ဖော်စပ်နည်း (၃) ပန်းရောင်ဖော်စပ်နည်း ဟူ၍ အချိန်အတွယ် သတ်မှတ်လျက်ထားရှိသော သီးခြားဆေးရောင်များလည်း ရှိသေး သည်။

(၁) ပုစွန်ဆီရောင်ဖော်စပ်နည်းဆိုသည်မှာ ဆေးဒါန်း မြေဖြူ ဟသ်ပဒါးတို့ကို အမျှစီရောစပ်ပြီးလျှင် တစ်ဖန်ဟသ် ပဒါးကို တစ်ဆထပ်ရောလျှင် အလွန်တောက်ပြောင် စိုလွင်သော ပုစွန်ဆီရောင်ဆေးကိုရသည်။ ထို့ကြောင့်ပင် စွယ်စုံကျော်ထင် ဆရာက "ရုပ်ပုံမကျန်၊ ဆေးရေးဟန်၊ ပုစွန်ဆီဖော်နည်း မည်သို့နည်း" ဟု စပ်ဆိုတော်မူခဲ့သည်။ "ထုံးနှင့်ဆေးဒါန်း၊ အမျှမှန်း၊ လန်းလန်း ဘယ်အရောင်ပေနည်း" ဟူရာ၌ ထုံးနှင့်အမျှ ဆေးဒါန်းအမှု ရောစပ်ပါမူ နုံ့သာရောင်တစ်မျိုးရသည် ဟဆိုပေသည်။ "သက်တန့်

www.burmeseclassic.com



ရောင်တန်း နီမြန်းမြန်း ပန်းရောင် ဘယ်သို့ဖော်မည်နည်း" ဟူရာ၌လည်း ဆေးဒါန်းတစ်စု ဟင်္သပဒါးတစ်စုတွင် ချိတ်ရည်သမရုံ အနည်းငယ်ထည့်ကာ အလွန်လှပတောက်ပြောင်သော ပန်းရောင်ဆေးကိုရ၏ ဟုဆိုလိုပေသည်။ နောက်တစ်နည်းမှာ တိန်းညက်ရေတွင် ဟင်္သပဒါး၊ ဆေးဒါန်းနှစ်ပါးကို သမအောင်မွှေ၊ သမလျှင်ပန်းရောင်ဆေးရ၏ဟု စွယ်စုံကျော်ထင်နော်ရထာကဆိုသည်။

ဆိုခဲ့ပြီးသော အထက်ဖော်ပြပါဆေးများကို အသုံးပြုသောအခါ အလွန်တောက်ပြောင်သော အသွေးအရောင်ကိုအလိုရှိပါက ဥသျှစ်သီးအစေးနှင့် ကြက်ဥအကာအဖြူရေတို့ကိုအနည်းငယ်ထည့်သမအောင်မွှေပြီး သုံးရသည်။ ဥသျှစ်စေးများသော် ဆေးအက်ကွဲတတ်သည်ဟုလည်း ဆိုသည်။ ကြက်ဥအကာရေများသော် ဆေးဖျော်ရာ၌ အပေါ်ရည်တင်း၍ စုတ်ဆွဲတိုင်း မပါတတ်ဟုဆိုသည်။

အနောက်တိုင်းပန်းချီဆရာကြီးများ၏ စည်းကမ်းတွင်ပန်းချီဆေးအနီ၊ အဝါ၊ အပြာ၊ ဤဆေးသုံးရောင်ကို (Primary Colour) မူလအရောင်ဟု သတ်မှတ်သည်။ ယင်းဆေးရောင်သုံးမျိုးမှ ရောစပ်ပွားများလာသော အရောင် အမယ်မယ်တို့ကို (Secondry Colour) ဒုတိယအရောင်ဟု ဆိုကြပါသည်။ ရှေးမြန်မာပန်းချီဆရာကြီးများကလည်း ၎င်းတို့ကဲ့သို့ပင် အဝါ၊ အနီ၊ အပြာကို 'မူလသွေး' ဟုသတ်မှတ်ထားသည်။ ထိုသုံးရောင်မှ ပွားများလာသော အရောင်အမျိုးမျိုးကို 'စပ်သုံး' ဟုခေါ်ဆိုကြောင်းဖြင့် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျော်ကြီး ဆရာချို မကွယ်လွန်မီက ဆရာကြီး ဟံသာဝတီ ဦးဘရင်က မှတ်သားခဲ့ရဖူးသည် ဟုသိရပါသည်။

အထက်ဖော်ပြပါ ပန်းချီဆေးဖော်စပ်နည်းများ မော်ဇာခေတ်၊ အင်းဝခေတ် ကုန်ဆုံးသည့်တိုင်အောင် ရှေးစေတီ၊ လိုဏ်ဂူများအတွင်း၌ ရေးဆွဲထားကြသော မူဟောင်းများ ဖြစ်ပါသည်။

## ပုဂံနံရံပန်းချီများထိန်းသိမ်းရေး

ပုဂံဘုရားပုထိုးများအတွင်းရှိ နံရံများ၊ မျက်နှာကြက်များတွင် ပန်းချီလက်ရာများအပြန့်အနှံ့ ရေးဆွဲထားရာ အကြမ်းခန့်မှန်းခြေ စတုရန်းပေ ၂ သိန်းကျော်ရှိပါသည်။

ပုဂံနံရံပန်းချီဆေးသားများမှ သယံဇာတဆေးရောင်များဖြစ်၍ဆေးများခိုင်ခဲ့ပါသည်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် နံရံပန်းချီများကဲ့သို့ ရေထိရုံမျှနှင့် ဆေးသားများကွာကျ ခြင်းမရှိပါ။ ပုဂံပန်းချီများကို ရေးဆွဲရာတွင် အင်္ဂတေအစိုပေါ်တွင် ရေးဆွဲသော ဖရက်(စ်)ကို (Fresco) ရေးနည်းမဟုတ်ဘဲ အင်္ဂတေအခြောက်ပေါ်တွင် ရေးဆွဲသည့်တင်ပရာ (Tempra) ရေးနည်းဖြစ်ပါသည်။

ပူပြင်းခြောက်သွေ့သော ပုဂံရာသီဥတုများကြောင့် နံရံပန်းချီများအပျက်အစီးနည်းမည်ဟုထင်ရသော်လည်း နံရံပန်းချီများသည် နှစ်ရှည်လများ သဲမုန်တိုင်းဒဏ်ကို ခံခဲ့ရပါသည်။ ပုဂံဘုရားအများစုမှာ အရှေ့ဘက်သို့ မုခ်ပေါက်လှည့်ထားရာ လေတိုက်တိုင်း လွင့်ပါနေသော သဲမှုန့်ဒဏ်၊ နေရောင်ခြည် တိုက်ရိုက်ထိုးကျ

www.burmeseclassic.com

www.burmeseclassic.com



မှုဒဏ်များကို ခံခဲ့ရပါသည်။ ထို့ကြောင့် အချို့သော ဆေးသားများ မေ့မှိန်ပျက်စီးခဲ့ရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဓာတုဗေဒဌာနခွဲမှ အဆိုပါ နံရံပန်းချီများကြာရှည်ခံအောင် ထိန်းသိမ်းရေးနှင့် မေ့မှိန်လျက်ရှိသော ပန်းချီလက်ရာများကို ဓာတုဗေဒနည်းဖြင့် ဆေးကြောသန့်စင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များ၏ အကူအညီကိုလည်း ရယူခဲ့ပါသည်။

နံရံပန်းချီများ ပျက်စီးရခြင်း၏ ဇာစ်မြစ်ကိုလည်းကောင်း၊ ကာကွယ်နည်း ထိန်းသိမ်းနည်းများကိုလည်းကောင်း သုတေသနပြု၍ဆောင်ရွက်ခဲ့ပါသည်။

သုတေသနပြုကြည့်ရာတွင် ပုဂံဘုရားအများစုသည် အောက်ခြေကွန်ကရစ်ကြမ်းခင်းများ မရှိခြင်းကြောင့် ဆေးရေးပန်းချီများနှင့် အုတ်နံရံအကြားရှိ သရိုးများကိုခြကဲ့သို့သော ပိုးမွှားများက ဖျက်ဆီးကြောင်းတွေ့ရှိခဲ့ကြပါသည်။ မီးခိုးနှင့်ဆီချေးကဲ့သို့သော အရာများပေကျံမှုနှင့် ထုံးသက်န်းကပ်လှူမှုများကြောင့်လည်း နံရံပန်းချီပျက်စီးရကြောင်း တွေ့ရှိပါသည်။

ထို့ကြောင့် ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဓာတုဗေဒဌာနခွဲမှ နံရံပန်းချီထိန်းသိမ်းရေးလုပ်ငန်းများကို ဆောက်ချ လုပ်ကိုင်ခဲ့ပါသည်။ ဘုရားသုံးဆူ၊ သမ္ဗျုလ၊ အဗ္ဗဂေါဏ္ဏဝိနည်းမိုရ်၊ သက်န်းရုံဘုရား၊ မြင်းကပါကူပြောက်ကြီး၊ အပယ်ရတနာ၊ ဝက်ကြီးအင်း

www.burmeseclassic.com

www.burmeseclassic.com



ဂူပြောက်ကြီး၊ ကျန်စစ်သားဥမင်၊ လောကထိပ်ပန်စသော ဘုရားများရှိ နံရံပန်းချီလက်ရာများကို ဓာတုဗေဒဆေးရည်ဖြင့် ဆေးကြောသန့်စင်ခဲ့ပါသည်။ ထိုအခါ မှေးမှိန်နေသော နံရံပန်းချီများ သစ်လွင်ကောင်းမွန်လာသည်ကို တွေ့ကြရပါသည်။

၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်အတွင်း ရှေးဟောင်း သုတေသနဌာနမှ တာဝန်ရှိသူများသည် နိုင်ငံခြားမှ ပါရဂူများ အကူအညီဖြင့် မြင်းကပါဂူပြောက်ကြီးအတွင်းရှိ နံရံပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထပ်မံဆေးကြောသန့်စင်ခဲ့ပါသည်။ အာနန္ဒာဘုရားအတွင်းနှင့် လေးမျက်နှာဘုရား အတွင်းရှိ မှေးမှိန်ပျောက်ကွယ်နေသော နံရံပန်းချီများကိုလည်း စမ်းသပ်ဆေးကြော သန့်စင်ခဲ့ပါသည်။

၁၉၈၄ ခုနှစ် နှင့် ၁၉၈၅ ခုနှစ်အတွင်းကလည်း ဂူပြောက်ကြီးဘုရားအတွင်းရှိ ကျန်ရှိနေသေးသော နံရံပန်းချီများကို ဆက်လက်၍ ဓာတုဗေဒနည်းဖြင့် ဆေးကြောသန့်စင် ခဲ့ပါသည်။ အဆိုပါလုပ်ငန်းကို ပါဝင်ကူညီသော နိုင်ငံခြား ကျွမ်းကျင်သူ ပါရဂူများ ပြန်သွားသည့်အခါ ရှေးဟောင်း သုတေသနဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ ကိုယ်တိုင်ဆက်လက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ယခင်က လုံးဝပျောက်ကွယ်နေသော ဂူပြောက်ကြီးဘုရားအတွင်း နံရံများပေါ်တွင် ယခုဆေးရောင်သစ်လွင် စိုပြည်လျက်ရှိသော ပန်းချီလက်ရာအချို့ကို တွေ့မြင်ရပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ပုဂံဂူဘုရားများအတွင်းရှိ မှေးမှိန်လျက်ရှိသော ပန်းချီလက်ရာများအားလုံး ပြန်လည်သစ်လွင်စိုပြည်လာမည်ဟုယူဆရပါသည်။

## ပုဂံနံရံပန်းချီထိန်းသိမ်းရေးသုတေသန

ပုဂံပန်းချီလက်ရာများမှာကား သက်တမ်းတစ်ထောင်တစ်လျှောက်လုံး လေဒဏ်အတော်အသင့်၊ သဲမုန်တိုင်းဒဏ်၊ မိုးဒဏ်အတော်ခံခဲ့ရသည့်အလျောက် အတန်ပျက်စီးခဲ့သည်။ သိပ္ပံနည်းဖြင့် ထိန်းသိမ်းစောင့်ရှောက်သည့်ကြားက တဖြည်းဖြည်းပျက်စီးနေခဲ့သည်။ ပုဂံခေတ်ပန်းချီလက်ရာများကို လေ့လာရာမှရရှိသော ရှေးရိုး၊ မြန်မာပန်းပုသဘော ပုဂံပန်းချီ ဆရာတို့၏ အစွမ်းအစနှင့် ပန်းချီရသစသည့်အချက်အလက်များကို ဆရာဇော်ဂျီစသည့် ဆရာကြီးများက ကိုယ့်ရှုထောင့်ကကိုယ် ဖော်ထုတ်ရေးသားခဲ့ကြဖူးသည်။ ပုဂံပန်းချီဆေးသားများ ဆေးခိုင်သည်။ အင်း၀၊ ကုန်းဘောင်ခေတ်ဆေးရေး ပန်းချီများကဲ့သို့ ရေထိရုံမျှနှင့်ကွာမကျ၊ ဤသို့ခိုင်ခံ့အောင် မည်သို့သော အရာဝတ္ထုများနှင့်ဖော်စပ်ထားသည်ဆိုသည့် အချက်ကိုမူ သိပ္ပံနည်းကျကျ လေ့လာဖော်ထုတ်ရေးသားသူဟူ၍မရှိ သလောက်ရှားပါးလှသည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ လောက်ကမူ ဂျာမန်သိပ္ပံပညာရှင်အချို့ ပုဂံပန်းချီဆေးသားများကို စမ်းသပ်ကြည့်ရန်ခွာယူသွားခဲ့ကြသည်ဟု ကြားဖူးသည်။ ၁၉၆၆ ခုနှစ်၊ ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းကမူ ယူနက်စကိုအဖွဲ့ဝင် ဘယ်လဂျီယံနိုင်ငံ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန် ဒေါက်တာပေါလ်ကိုးမင်းဆိုသူ ပါရဂူတစ်ဦး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး၊ ပုဂံနံရံပန်းချီလက်ရာများကို လေ့လာသွားခဲ့သည်။ အဆိုပါ ပါရဂူကြီးသည် ၁၉၆၀ ခု ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ ပုဂံဆေးရေးကားများ အခြေအနေအရပ်ရပ်ကိုလည်းကောင်း၊ နံရံပန်းချီများ ပျက်စီးရခြင်း၏ ဇာစ်မြစ်ကိုလည်းကောင်း၊ ယေဘုယျ ကာကွယ်နည်းများ ထိန်းသိမ်းနည်းများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနဌာနသို့ အကြံပေးအစီရင်ခံစာတစ်စောင် တင်သွင်းသွားခဲ့သည်။ ဒေါက်တာပေါလ်ကိုးမင်း၏ သိပ္ပံနည်းစနစ်ဖြင့် လေ့လာစမ်းသပ်ချက်အရ ပုဂံပန်းချီကားများကိုရေးဆွဲရာ၌ ကျပ်ခိုးနှင့် ထုံးကလွဲလျှင် မြေဆေးရောင်များသာ တွေ့ရှိရသည်။ ရေနှင့် စပ်လျဉ်းသော အရာဝတ္ထုများကို မဏ္ဍိုင်ပြု၍ ရေးခြယ်ထားသည်ဟု ဆိုသည်။ ဒေါက်တာကိုးမင်း၏ အစီရင်ခံစာတွင် နံရံပန်းချီများ ပျက်စီးရခြင်း အကြောင်းရင်းများကိုလည်း ဖော်ပြထားသည်။ သူ၏ အဆိုအရမူ များစွာသော ပုဂံဘုရားများသည် အောက်ခြေကွန်ကရစ်ကြမ်းခင်း မရှိခြင်းကြောင့် ဆေးရေးပန်းချီများနှင့် အုတ်နံရံအကြားရှိ သရိုးများကိုခြကဲ့သို့သော ပိုးမွှားများက ဖျက်ဆီးချင်တိုင်း ဖျက်ဆီးနိုင်ကြောင်း၊ ပုဂံပန်းချီများ ပျက်စီးရခြင်းအကြောင်းတွင် ဤအချက်သည် အဓိကဖြစ်ကြောင်း ထည့်သွင်းဖော်ပြသည်။ ထို့ပြင် ပုဂံဘုရားများသည် လွင်တီးခေါင်ပြင်တွင် တည်ရှိနေပြီး အားလုံးလိုလိုပင်

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်သို့ မုခ်ပေါက်လှည့်ထားသည်ကများသည်။ ထို့ကြောင့် လေတိုက်တိုင်း လွင့်ပါးနေသော သဲမှုန့်ဒဏ် နေရောင်ခြည် တိုက်ရိုက်ထိုးကျခံရမှုဒဏ်ကိုလည်း ခံနေရသည်။ ထို့ပြင် မီးခိုးနှင့် ဆီချေးကဲ့သို့သော ပိုးမွှားများကိုက်စားမှု ထုံးသက်န်းကပ်လျှမှု များကြောင့်လည်း မပျက်စီးသင့်သော ဆေးရေးပန်းချီလက်ရာများ ပျက်စီးရသည်ဟုဖော်ပြထားသည်။

ဒေါက်တာပေါလ်ကိုးမင်း လာရောက်လေ့လာနေစဉ် မှာပင် ရှေးဟောင်းသုတေသနဌာန ပုဂံမြို့ဌာနခွဲအနေဖြင့် ပုဂံ သုတေသန နယ်အတွင်းရှိ ဘုရားများအတွင်းက ပန်းချီလက်ရာ များကို ဓာတုဗေဒနည်းဖြင့် ပဏာမစမ်းသပ်မှုများ လုပ်ဆောင် နေသည့်အချိန်နှင့် ကြုံကြိုက်ရာများစွာ အထောက်အကူ ရခဲ့သည် ဟုသိရပါသည်။ ၁၉၆၀ ခုနှစ် နိဝင်ဘာလ အတွင်းမှစ၍ ဘုရားသုံး သမ္ဘျုလ၊ အဗ္ဗေဂါဏ၊ ဝိနည်းမိုရ်၊ နန္ဒမညာ၊ သက်န်းရုံ ဘုရားများမှ ဆေးရေးအချို့ကိုလည်းကောင်း၊ မြင်းကပါရွာ၊ ဂူပြောက်ကြီး အပယ်ရတနာ ဘုရားများအတွင်းက နံရံပန်းချီ အချို့ကို လည်းကောင်း၊ ဝက်ကြီးအင်းရွာ ကျန်စစ်သားဥမင်နှင့် ဂူပြောက်ကြီး အတွင်းမှ ပန်းချီဆေးရေးအချို့ကိုလည်းကောင်း ဓာတုဗေဒ ဆေးရည်များဖြင့် စမ်းသပ်သုတ်သင် ဆေးကြော တွေ့ရှိရသည်ဟု ဆိုသည်။

နောက်ထပ် စမ်းသပ်လုပ်ဆောင်ချက်များကိုကာ မှတ်တမ်းတစ်စုံတစ်ရာမတွေ့ရပါ။ ၁၉၇၁ ခုနှစ် ဧပြီလအတွင်း က ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် သုတေသနဆွေးနွေး

www.burmeseclassic.com



ကျမှသာ ပုဂံဆေးရေးပန်းချီကိစ္စများ ပြန်ပေါ်လာပါသည်။ သိပ္ပံပညာရှင်အချို့၏ ကြိုးပမ်းသုတေသနပြုချက်အရ ပုဂံပန်းချီများ၏ ထူးဆန်းအံ့ဖွယ် မှတ်သားစရာများကိုလည်း ကြားသိခွင့်ရခဲ့ပါသည်။

ဆဋ္ဌမအကြိမ်မြောက် သုတေသနဆွေးနွေးပွဲကြီးကို ဧပြီ ၆ ရက်နေ့မှစ၍ ၅ ရက်တိုင်တိုင် တက္ကသိုလ်နယ်မြေတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲကို ပညာရပ်ဆိုင်ရာ ဆယ့်နှစ်ဖွဲ့ခွဲ၍ ကျင်းပခြင်းဖြစ်ပြီး စာတမ်းပေါင်း ၃၂၆ စောင် တင်သွင်းဖတ်ကြားခဲ့လေသည်။ အဆိုပါ စာတမ်း ၃၂၆ စောင်အနက် ပုဂံဆေးရေးပန်းချီနှင့် ပတ်သက်သည့် ရှားရှားပါးပါး စာတမ်းနှစ်စောင်လည်းပါဝင်ရာ သုတေသီများ အတော်စိတ်ဝင်စားကြသည်ကိုလည်း တွေ့ရပါသည်။ စာတမ်းတစ်စောင်မှာ ပုဂံပန်းချီဆေးသားများကို သိပ္ပံနည်းဖြင့် ဓာတ်ခွဲလေ့လာ ချက်စာတမ်းဖြစ်ပြီး ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဒေါက်တာတင်အောင်၊ ဦးထင်အောင်၊ ဘူမိဗေဒဌာနမှ ဒေါက်တာကိုကိုနှင့် ရှေးဟောင်းသုတေသနဌာနမှ ဦးဘတင့်တို့ စုပေါင်းတင်သွင်းကြခြင်း ဖြစ်လေသည်။ ဆရာတို့၏ စာတမ်း နိဒါန်းတွင် ၁၉၆၃ ခုနှစ်ခန့်က ဘယ်လ်ဂျီယံ ပညာရှင်တစ်ဦးနှင့် ရှေးဟောင်းသုတေသနဌာနက ဦးဘတင့်တို့ ပုဂံဆေးရေးများကို စနစ်တကျ စမ်းသပ်လေ့လာခဲ့သည်။ ထို့ကြောင့် ပုဂံဆေးရေးပန်းချီများကို သိပ္ပံနည်းကျ လေ့လာခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်ဟု ဖော်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု စာတမ်းရှင်ဆရာတို့ ခေတ်ခွဲကြည့်သည်ဆိုသော ဆေးရောင်များမှာ အနီရောင်၊ အနက်ရောင်၊ အစိမ်းရောင်များ ဖြစ်သည်ဟုဆိုသည်။ ထိုဆေးသုံးရောင်မှာ 'လောကထိပ်ပန်း၊ အဇ္ဇဂေါဏ၊ ငဖုန်းသင်ရောင်၊ လေးမျက်နှာ ဝိနည်းမိုရ်နှင့် ကုသ' စသော ဘုရားခြောက်ဆူအတွင်းက ဆေးသားများ ဖြစ်သည်ဟုလည်း သိရပါသည်။ ထိုဆေးသုံးရောင်ကို စမ်းသပ်ကြည့်ရာတွင် ဆရာတို့ကြိုးပမ်းသော စာတမ်း၏အသက်ဟု ဆိုနိုင်လောက်သည့် ထူးခြားချက်တစ်ချက်ကို တွေ့ရပါသည်။ ယင်းအချက်က တခြားမဟုတ်ပါ။ ယခု စမ်းသပ်သော သုံးရောင်အတွင်း "တိုက်တယ်နီယံအောက်ဆိုက်" ဆိုသော ခေတ်တစ်မျိုးတွေ့ရှိနေသည်ဆိုသော အချက်ပင်တည်း။ ဤ အတိုင်းသာမှန်လျှင် ပုဂံပန်းချီဆရာတို့သည် များစွာခေတ်ရှေ့ ပြေးခဲ့သည်ဟု မှတ်တမ်းတင်ရတော့မည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ ထင်ရှားကျော်ကြားနေသော ကမ္ဘာ့ပန်းချီ ဆေးကုမ္ပဏီများတွင် တိုက်တယ်နီယံအောက်ဆိုက်ကို ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစပိုင်းလောက်မှသာ တွေ့ရှိသုံးစွဲခဲ့ကြခြင်းကြောင့်ပေတည်း။ ဤသို့ခေတ်ခြင်းသိပ်ကွာနေသဖြင့် စာတမ်းရှင်ဆရာတို့သည် သေချာသည်ထက်သေချာနိုင်အောင် ခေတ်ခွဲခြင်းအပြင် ဘူမိဗေဒရှုထောင့်ကပါ စစ်ဆေးကြည့်ကြသည်ဟုသိရသည်။ ဘူမိဗေဒနည်းဖြင့် ကြည့်သောအခါတွင်ဒည်း ပုပ္ပါး၊ ကျောက်ဆည်တစ်ဝိုက်က ချော်မြေများတွင် တိုက်တယ်နီယံပါဝင်မှု တစ်ရာခိုင်နှုန်း တွေ့ရှိကြောင်းဖြင့် စာတမ်းရှင်တစ်ဦးဖြစ်သူ ဘူမိဗေဒဌာနမှ ဒေါက်တာကိုကိုက သက်သေထူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာတို့ကမူ ယခုစမ်းသပ်သော ပန်းချီဆေးသားမှာ နည်းနေ၍ မကျေနပ်၊ နောက်ထပ် ဆေးသား နမူနာခပ်များများ ယူပြီး ထပ်မံစမ်းသပ်လေ့လာ ဖော်ထုတ်ကြဦးမည်ဟု ဆိုလေသည်။

ပုဂံခေတ် ပန်းချီစာတမ်းနောက်တစ်စောင်မှာ "ပုဂံ ပန်းချီများကို ဓာတုဗေဒထိန်းသိမ်းရေး" စာတမ်းဖြစ်ပြီး ဘာသာစာပေနှင့် ယဉ်ကျေးမှုဘာသာရပ်အဖွဲ့တွင် ဖတ်ကြားခဲ့သည်။ တင်သွင်းသူမှာ ရှေးဟောင်းသုတေသနဌာနမှ ဦးဘတင့်ပင် ဖြစ်လေသည်။ ဦးဘတင့်သည် ဌာနတာဝန်အရ ပုဂံနှင့် ရန်ကုန်ကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ အလီလီအလာလာ သွားလာ၍ ပုဂံပန်းချီများကို လေ့လာခဲ့သူဖြစ်သည်။ ယခု စာတမ်းသည် ထိုသို့အခေါက်ခေါက် အခါခါ သွားရောက်စူးစမ်းခဲ့ရာမှ ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ သူ၏ စာတမ်းရည်ရွယ်ရင်းမှာ ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းရေးဖြစ်သော်လည်း စာတမ်းအစတွင် နံရံပန်းချီသဘော တရားများကို အကျယ်တဝင့် ရှင်းပြထားလေရာ နံရံပန်းချီနှင့် စိမ်းနေကြသော သုတေသီများအဖို့ များစွာဗဟုသုတ ရကြလေသည်။ ပုဂံပန်းချီများသည် အင်္ဂတေအစိုအပေါ်တွင် ရေးသော နည်း (Fresco) နည်းမဟုတ်။ အင်္ဂတေအခြောက်ပေါ်တွင် ရေးသည့် (Tempra)တင်ပါရာနည်းဖြစ်ကြောင်းကိုလည်း ဖော်ပြလေသည်။ ပုဂံပန်းချီများကို သိပ္ပံနည်းကျကျ စမ်းသပ် ထိန်းသိမ်းရန် ၁၉၆၃ ခုလောက်က စတင်ခဲ့သည်ဟုလည်း သိရှိသည်။ ပုဂံတစ်ဝိုက်ကထိန်းသိမ်း စောင့်ရှောက်ရန်ရှိသော နံရံပန်းချီပေါင်းမှာ စတုရန်းပေ လေးသောင်းကျော်ရှိသည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ယခုအထိ သုတေသနပြု၍ လေ့လာစမ်းသပ်ပြီးသော ပုဂံနံရံပန်းချီပေါင်းမှာ ၁၁၁၅၉. ၈၁ စတုရန်းပေ ရှိပြီဟု သိရပါသည်။

## နဂါးရုံဘုရားရှိနံရံဆေးရေးပန်းချီထိန်းသိမ်းရေး

အေဒီ (၁၁) ရာစုမှ (၁၃) ရာစုနှစ်အတွင်း ထွန်းကားကြီးကျယ်ခဲ့သည့် ရှေးဟောင်းမြို့တော်ပုဂံဝန်းကျင်တွင် စေတီ ပုထိုး၊ ကျောင်း၊ ကန်၊ သိမ်နှင့် လိုဏ်ဂူဘုရားပေါင်းများစွာ ရှိသည့်အနက် နဂါးရုံဘုရားသည် ပုဂံမှချောက်သို့ သွားသောလမ်း၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ မူလဂူဘုရား တည်ထားစဉ်ကပင် အတွင်းနံရံပြည့် ဆေးရေးပန်းချီများ ရေးဆွဲထားခဲ့သည်ကို တွေ့ရပါသည်။ နှစ်ပေါင်းများစွာကြာသည့်တိုင် မိုးဒဏ်၊ လေဒဏ်၊ ပိုးမွှားများ၊ ဖုံမှုန့်များ၊ ချေးညှော်များ၊ ကျပ်ခိုးမှိုင်းများ အန္တရာယ်ကြောင့် ကွာကျပျက်စီးခြင်း၊ ဆေးရောင်များ၊ မှိန်ပြယ်ခြင်းများဖြစ်ခဲ့ရသည်။ ပုဂံနယ်တစ်ဝိုက် ဘုရားတိုင်းလိုလိုမှာပင် နံရံဆေးရေးများနှင့် ပြင်ပအဆင်တန်ဆာအဖြစ် အင်္ဂတေရုပ်ကြွ (ပန်းတော့) လက်ရာများဖြင့် တန်ဆာဆင်ထားကြသည်ကို တွေ့ရှိရပါသည်။ ထိုအနုပညာလက်ရာများကို ကြာရှည်ခံရန် ရှေးဟောင်းသုတေသနဌာနက ပြင်ဆင်လျက်ရှိနေဆဲမှာပင် ၁၉၇၅ ခုနှစ်၊ ဇူလိုင်လအတွင်းက ပုဂံမြို့နယ်တစ်ဝိုက်တွင် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံခဲ့ရပြန်သည်။ ယင်းငလျင်ဒဏ်ကြောင့် ဂူဘုရားများအတွင်းမှ နံရံဆေးရေးပန်းချီလက်ရာများ သာမက အင်္ဂတေရုပ်ကြွများပါမကျန် ပျက်စီးမှု

www.burmeseclassic.com



ဒဏ်ခံခဲ့ရပါသည်။ ငလျင်ဒဏ်ခံ အနုပညာလက်ရာများကို ပြုပြင်ထိန်းသိမ်းရေးအတွက် ၁၉၇၈ ခုနှစ်မှ စ၍ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် ရှေးဟောင်းအဆောက်အအုံများနှင့် အနုပညာလက်ရာများကို ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းတစ်ရပ်ရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းတွင် ရှေးဟောင်း နံရံပန်းချီနှင့် အင်္ဂတေရုပ်ကြွပန်းတော့လက်ရာ ကဏ္ဍတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအမံဖြင့် ၁၉၈၁ ခုနှစ်၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် အီတလီနိုင်ငံ ရောမမြို့ရှိ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု ဗဟိုဌာနကြီးမှ ပညာရှင်များလာရောက်၍ သန့်စင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် ယူနက်စကိုမှ ကျွမ်းကျင်သူပညာရှင် မစ္စတာရိုတိုဖိုလူဟာန်နှင့် ပုဂံဌာနခွဲမှ ဝန်ထမ်းများပူးပေါင်း၍ ၁၅-၁၂-၉၉ နေ့တွင်စတင်ဆောင်ရွက်ခဲ့ပါသည်။

ဉာဏ်ဂါးရုံဘုရားကြီးကို အေဒီ ၁၀၉၀ တွင် ကျန်စစ်သားမင်းကြီးတည်ထားခဲ့ပါသည်။ ပုဂံခေတ်ဦးပိုင်းတွင် တည်ဆောက်ပြီး တင့်တယ်ပြေပြစ် အချိုးအစားကျနသော ဂူဘုရားတစ်ဆူဖြစ်သည်။ ဗိသုကာလက်ရာအားဖြင့် မွန်ယဉ်ကျေးမှု လွှမ်းမိုးလျက်ရှိသည်ဟု ပညာရှင်တို့က လက်ခံယုံကြည်ကြ၏။ မြောက်ဘက်အာရုံခံမုခ်လှည့်ဘုရားဖြစ်ပြီး၊ အပြင်ပန်းအားဖြင့် စီစဉ်တည်ဆောက်ပုံ၊ အမိုးလျှောပစ္စယာများ၊ ထောင့်စိုက်စေတီများ၊ ကွမ်းတောင်နှင့် ထိပ်ပိုင်းစေတီတို့မှ အာနန္ဒာ လိုဏ်ဂူတော်ကြီးနှင့် တူညီပေသည်။ အလယ်တိုက်မတွင် နဂါးပါးပျဉ်းမိုးထားသည့် အဘယမုဒြာ

www.burmeseclassic.com

www.burmeseclassic.com



မတ်ရပ်ဆင်းတုတော် တစ်ဆူရှိ၏။ ယင်းဆင်းတုကြီး တစ်ဘက် တစ်ချက်တွင် မတ်တတ်ရပ် မဟာကရုဏာမုဒြာဆင်းတု လက်နှစ်ဆူ ခြံရံထားရှိသည်။

တိုက်မစကြံပတ်လမ်းတွင် လေသာပြတင်းတစ်ဖက်လျှင် ငါးခုစီတပ်ဆင်ထားရှိသော်လည်း မှောင်မည်းလျက်ရှိသည်။ ယင်း စကြံမုခ်ခုံနံရံတစ်ဖက်တစ်ချက်စီရှိ မုခ်ကပ်များ၌ ဗုဒ္ဓဝင်ကျောက်ဆစ် လက်ရာများရှိ၏။ ထိုမှအပ အာရုံခံခန်းမ နံရံအတွင်း မုခ်ကပ်များ ၌လည်း ဗုဒ္ဓဝင်ဆိုင်ရာကျောက်ဆစ် လက်ရာများမှာ များစွာ စိတ်ဝင်စားဖွယ်ရာ၊ လေ့လာဖွယ်ရာကောင်းသော လက်ရာမွန် ပန်းတမော့အနုပညာများပင် ဖြစ်သည်ဟု ဆိုကာ လွဲမှားနိုင်ဖွယ်ရာ မရှိပေ။

စကြံမုခ်ကုံးပတ်လည်အပြင်နံရံများ၌ လက်ရာကောင်းမွန် သည့်ဗုဒ္ဓဝင်ဆိုင်ရာ နံရံဆေးရေးပန်းချီများမှာ ပါဠိစာ၊ မွန်စာ များဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရှိနိုင်ပေသည်။

အပြင်အာရုံခံ အဝင်မုခ်ဝ၌လည်းကောင်း၊ အတွင်းတိုက်မ အာရုံခံအဝင်၌လည်းကောင်း၊ တံခါးဘောင်ထုပ်အဖြစ် ခံကာ ထားရှိသည့် ကျွန်းသားလေးထောင့်တုံးကြီးများတွင် ပုဂံခေတ် လက်ရာ သစ်သားပန်းပုပန်းခက်နှင့် အရုပ်များကို ယနေ့ထိတိုင် မြင်တွေ့လေ့လာနိုင်ပေသည်။

အတွင်းအာရုံခံနှင့် စကြံပတ်လမ်းအထက်မျက်နှာကြက် ပေါင်းကူးတွင် ကျောက်အုတ်များကြားခံကာ ပေါင်းကူးထားသည် ကို တွေ့ရှိရပါသည်။ စဉ့်လက်ရာများအဖြစ် စိန်ရောင်၊ မှန်ကွက် တွင် တွေ့ရပြီး အတွင်းစကြံပတ်လမ်း ၂.၈၄× ၂.၈၇ မီတာတွင်

www.burmeseclassic.com

www.burmeseclassic.com



ခဵွကျောက်အုတ်များအဖြစ် ခင်းထားသည်မှာ ပုဂံတွင် ဤဘုရားတစ်ဆူသာ လေ့လာတွေ့ရှိရပါသည်။

## ဥဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် ရေးဆွဲထားသည့်အကြောင်းအရာ

အတွင်းကန္တကုဋီတိုက် အရှေ့နံရံမြောက်ခြမ်းမှ အလယ်လိုဏ်မုခ်အထိ ဘုရားမဖြစ်ခင်ရသေ့ဘဝတွင် ဖြစ်ခဲ့သော ရုပ်ပုံဇာတ်ကွက်ကြီးများဖြင့် ရေးဆွဲထားပြီး၊ ဗုဒ္ဓဝင်ဇာတ်ကွက် အထက်ဆုံးတွင် မြတ်စွာဘုရား၏ သုတ်တရားဟောကြားထားသော ပုံများကို အလိုတော်ပြည့်ဘုရားမှာကဲ့သို့တွေ့ရှိရပါသည်။ အောက်ခြေပလ္လင်ခုံနှင့် ဖောင်တန်းတွင် ပုဂံခေတ်ပန်းလက်ရာများနှင့် မှန်ကွက်တွင် ကဟာန်တူရိယာ အတီးအမှုတ်အကအခုန် အမျိုးမျိုးသီဆိုပုံများကို လေ့လာတွေ့ရှိရပါသည်။ ရသေ့ပုံများ ရေးဆွဲရာတွင် မြင်းကပါဂူပြောက်ကြီးတွင် ဆံထုံးများကို ကောက်ကြောင်းအဖြစ်မဖော်ပြဘဲ၊ ဤနဂါးရုံဘုရားတွင် ဆံထုံး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို ကောက်ကြောင်းဖြစ် ရေးဆွဲထားသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ရသေ့များလက်အုပ် ချီမိုးကန်တော့သည့်ပုံတွင် ရသေ့အကြီးအကဲနှင့် ၎င်း၏နောက်လိုက်သိသာရန် ရသေ့အကြီးအကဲတွင် ဆံထုံးကိုပတ်၍ အထက်တွင်စု၍ ထုံးထားပြီးနောက်လိုက်ကို ရေးဆွဲရာတွင် ဦးခေါင်းတွင် ဆံထုံးနှစ်ဖက်ဖြင့်ဖော်ပြထားပါသည်။ ၎င်းအပြင် ဗိုကေသဏ္ဍာန် ဆံထုံးပုံအတိုနှင့်အရှည် နှစ်မျိုးတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းပုံကို ရေးဆွဲရာတွင် ဆံထုံးကိုစုစည်း ရစ်ပတ်မထားဘဲ ဆံမပယ်ခင် လွင့်ပျံနေသည်ပုံကို ရေးဆွဲထား ပါသည်။ ဘုရင်မင်းနှင့် ၎င်း၏နောက်လိုက် များပုံရေးဆွဲရာတွင် ပါးသိုင်းမွေးများကို ရေးဆွဲရာတွင် ကောက်ကြောင်းဖြင့် မဖော်ပြ ပေ။ အမျိုးသမီးများ ဆံထုံးအထက်တွင် ဆံပင်အလိပ် ကလေးများ ဖြင့် ဖော်ပြရေးဆွဲထားပါသည်။

**နံရံဆေးရေးပန်းချီ၊ ဆေးသားလွှာမျက်နှာပြင်နှင့် ဆေးသားလွှာ အောက်ခံအင်္ဂတေလွှာလေ့လာခြင်း**

နဂါးရုံဘုရားအတွင်း နံရံဆေးရေးပန်းချီ ဆေးသားလွှာ မျက်နှာပြင်များကို လေ့လာသည့်အခါတွင် မျက်နှာပြင်များသည် မျက်မြင်အားဖြင့် သုံးမျိုးသုံးစားဖြစ်ပေါ်နေသည့် အနေအထားကို တွေ့ရှိရပါသည်။ ပထမအမျိုးအစားမှာ မျက်နှာပြင် ညီညာ ချောမွတ်နေခြင်း၊ ဒုတိယအမျိုးအစားမှာ ဆေးရေးမျက်နှာပြင် တို့ကို ဆေးသားလွှာများ ဆေးဖတ်လှန်၍ကွာကျမှုရှိသည့် မျက်နှာ ပြင်ရှိခြင်း၊ တတိယအမျိုးအစားမှာ ထုံး၊ သဲပစ္စည်းရောစပ်ရာတွင် ညီညွတ်မျှတမှုမရှိဘဲ ထုံးသားသတ္တိ ကြွမှုကြောင့် အနည်းငယ် ကြမ်းတမ်းသော မျက်နှာပြင်ဖြစ်ပေါ်ခြင်းကို တွေ့ရပါသည်။ အထက်ဖော်ပြပါ အနေအထားများအရ ဆေးရေးမျက်နှာပြင် ညီညာစွာရှိနေခြင်းမှာ ရေးဆွဲစဉ်က ဆေးရောင်များအင်္ဂတေ အတွင်းသား အတွင်းသို့စိမ့်ဝင်စွဲကပ် နေခြင်းကြောင့် ချောမွေ့နေ သည်မျိုးကြောင့် ဖြစ်ပေသည်။ အချို့မျက်နှာပြင်များ၏ အပေါ်ယံ

www.burmeseclassic.com

www.burmeseclassic.com



ဆေးသားလွှာများ ဆေးဖက်လှန်၍နေခြင်းမှာ အောက်ခံဆေးသား လွှာခြောက်ပြီးမှထပ်၍ ခြယ်လှယ်သောအခါ ဆေးသားလွှာ ထပ်တင်ရာတွင် ခြောက်သွေ့လာသည့်အခါ တွယ်ကပ်မှု အားနည်း ပြီး ဆေးဖက်များလှန်လာသည်ကို တွေ့ရပါသည်။ ဆေးသား ဖက်နှာပြင်ကွဲ၍နေခြင်းမှာလည်း အင်္ဂတေသားအတွင်းသို့ ပြင်ပမှ ရေငွေ့အစိုဓာတ် ကိန်းအောင်းမှုများပြားလာပြီး အင်္ဂတေဖော်စပ် ရာတွင် ထုံးများတည်ငြိမ်မှုမရှိဘဲ ထုံးသတ္တိကွဲမှုကြောင့် အနည်းငယ် ပြမ်းတမ်းနေခြင်းများ ဖြစ်တတ်နေသည်ကို တွေ့ရပါသည်။

## အောက်ခံအင်္ဂတေလွှာလေ့လာခြင်း

နဂါးရုံဘုရားရေးဆွဲသော အောက်ခံအင်္ဂတေအမျိုး အစား ။ ပုဂံခေတ်အတွင်း တည်ထားခဲ့ကြသည့် ဂူဘုရားများ အားလုံး ခဲ့၍ ကြည့်သောအခါ ဒုတိယအမျိုးအစားနှင့် တတိယ အမျိုး အစားများတွင် ပါဝင်ကြောင်းတွေ့ရသည်။ အောက်ခြေပလ္လင်ခုံ တွင် ထုံးသားအောက်ခံအထူလွှာနှင့် ထုံးသားအပေါ် အပါးလွှာဖြင့် ထားပြီးတိုက်မကြီးအတွင်း နံရံနှင့်အပြင်နံရံတွင် အင်္ဂတေ အထူလွှာ (အာရေးရှိုး) ရှိပြီး အပေါ်မှ ထုံးနှင့်သဲနုနုရောထားသည့် အပါးလွှာ (အင်တိုနာကို) တွေ့ရှိရပါသည်။

နဂါးရုံဘုရားအတွင်း လိုဏ်များရှိ နံရံအင်္ဂတေအမျိုး အစားနှင့် ပုဂံခေတ်ဦးပိုင်းကာလ တည်ဆောက်ခဲ့ကြသည့် ဂူဘုရား များမှာ ပုထိုးသားများ၊ အပယ်ရတနာ၊ မြင်းကပါဂူပြောက်ကြီး၊ ဘုရား၊ အလိုတော်ပြည့်၊ မြင်းပြဂူ စသည်တို့ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နံရံဆေးရေးမျက်နှာပြင်ဆေးရောင်များလေ့လာခြင်း**

နဂါးရုံဘုရားအတွင်းရှိ နံရံများတွင် ရေးခြယ်ထားသော ဇာတ်ကွက်များ၊ ပန်းတန်းများ၊ အသုံးပြုရေးဆွဲထားသည့် ဆေးရောင်များမှာ ထိန်းသိမ်းမှုလုပ်ငန်းမစခင် မျက်မြင်အ တင်ပြရပါလျှင် အဝါပုပ်ရောင်၊ အနီရောင်၊ အနက်ရောင်၊ ရွှင်သေ အစိမ်းရောင်၊ အဖြူရောင်နှင့် မဲပြာရောင်တို့ဖြစ်သည်။ နှစ်ပေ ရှေးဒကြာမြင့်စွာ ဖုန်၊ ချေး၊ မှိုင်းများနှင့်တိရစ္ဆာန် အညစ်အကြေ များကြောင့် ဖြစ်ပေါ်နေသော အဖြူခိုးများ လွှမ်းခဲ့သည့် နှစ်ပေ သုံးဆယ်ခေတ်က သုတ်လိမ်းခဲ့သော (ရှဲလတ်၊ ပီဗွီအေ) အရော များ မှေးမှိန်နေပြီး မှောင်သော နေရာများရှိ နံရံမျက်နှာပြ များတွင် ဆေးရောင်များအတော်ပင် ကောင်းမွန်လျက်ရှိသည် တွေ့ရသည်။

**နဂါးရုံဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီ ကြံ့ခိုင်မှုလုပ်င ဆောင်ရွက်ရမှုများ**

၁။ ဆေးသားလွှာအောက်ခံအင်္ဂတေလွှာနှင့် နံရံအမာခံ ကွာဟမှုရှိသည်တို့ကို ပြန်လည်တွယ်ကပ်စေရန် ဖုံမှုန့် (ကော်ရည်) ပရိုင်မော ၁၀ % ရောစပ်ထိုးသွင်းခြင်း

၂။ အောက်ခံသဲအင်္ဂတေပွနေသောနေရာများ ကျစ်လ သိပ်သည်းမှုဖြစ်စေရန် ကော်ရည် ၅၀ % ထိုးသွင်းခြင်း

၃။ ဆေးသားလွှာမျက်နှာပြင် ကွာဟနေသည့် နေရာ ပြန်ကပ်စေရန် ကော်ရည် ၁၀ % ထိုးပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ ဆေးသားလွှာမျက်နှာပြင်သန့်စင်ခြင်း
၅။ သန့်စင်ပြီးမျက်နှာပြင်တွင် လစ်လပ်နေသောဆေးရောင်အကွပ်ငယ်များအား ရောင်တူဆေးဖြင့်ခြယ်လှယ်ခြင်း
၆။ သန့်စင်ပြီး ဆေးရေးမျက်နှာပြင်အားလုံး ကာကွယ်ထိန်းချုပ်ဆေးသုတ်လိမ်းခြင်းစသော လုပ်ငန်းများကို စနစ်တကျအဆင့်ဆင့်ဆောင်ရွက်ရကြောင်း သိရပါသည်။

**...င်းဝခေတ်ပန်းချီ**

ပုဂံခေတ်ဆေးရေးပန်းချီကားများသည် ၁၁ ရာစုနှင့် ၁၃ ...စုအကြား လက်ရာများသာဖြစ်ကြသည်ဟု အထက်တွင် ဆိုခဲ့ပြီး ...ပ်ပါသည်။ ၁၃ ရာစုနောက်ပိုင်း နောင်အနှစ် ၃၅၀ အတွင်း ...သားတို့သည် ဤသို့ပင် ဂူဘုရားများတည်ပြီးတိုင်း ဇာတ်ငါးရာ ...ည်း အတင့်အတယ် ရေးခဲ့ကြပုံရပါသည်။ သို့သော် ထိုအနှစ် ...၅၀ အတွင်း ပန်းချီလက်ရာ အထောက်အထားများစွာ ထူးဆန်း ... ပျောက်ကွယ်နေခဲ့သည်ကို တွေ့ရပါသည်။

ယဉ်ကျေးမှု အနုပညာရပ်တို့၏ တိုးတက်မှု၊ ဆုတ်ယုတ် ...တို့သည် တိုင်းပြည် ငြိမ်းချမ်းသာယာမှုတို့နှင့် ဆက်စပ်လျက် ...သည်။ တိုင်းပြည်သာယာဝပြောသည်နှင့်အမျှ အနုပညာရေးရာ ...မှာလည်း တိုးတက်ထွန်းကားကြလေသည်။ တိုင်းပြည်ငြိမ်းချမ်း ...ယာမှုမရှိဘဲ ဒုက္ခအဖုံဖုံနှင့် ပြေးရလွှားရ အတည်တကျ နေနိုင် ...င်းမရှိသည့်အခါ အနုပညာရေးရာများမှာ ကျဆင်းမှေးမှိန်ကြ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်နောက်ပိုင်းမှ အင်းဝခေတ်အထိ ကြားကာလပိုင်း တစ်လျှောက်မှာ စစ်မက်ရေးရာ ရှုပ်ထွေးနေသော အချိန်ဖြစ်သည်။ ထို့ကြောင့် အင်းဝခေတ် ပန်းချီလက်ရာများမှာ အနုပညာရသများ လျော့နည်းစွာနှင့်ရပ်တည်ခဲ့ရပေသည်။ အစဉ်အလာအားဖြင့် ပုဂံခေတ်ပန်းချီများကို အခြေခံပြုကာ တစ်မျိုးတစ်ဖုံ တိုးတက် ဖွံ့ဖြိုးလာရန် ကောင်းသော်လည်း ဖြစ်မလာပါ။

ပုဂံခေတ်၏ အနုပညာအငွေ့အသက်များပင် ပျောက်ကွယ် လုမတတ်ဖြစ်ခဲ့ပါသည်။ စိတ်အမြင်ပိုင်းဆိုင်ရာ လုပ်ကိုင်ဖန်တီး ခြင်းများလည်း လျော့နည်းသွားသည်။ အရုပ်များ၏ အချိုးအစား ဟန်များကို ရွေးချယ်အသုံးပြုရာမှာလည်း ရိုးစင်းသွားသည်။ ပုဂံ ခေတ်အချိုးအစားဖြစ်သော တြိဘင်္ဂ (သုံးဆစ်ချိုး) ဟန်များကို ဆက်မယူတော့ဘဲ ပိုမိုရိုးစင်းဖြောင့်တန်းသော ရိုးခံအမြင်ကိုသာ လက်ခံရေးဆွဲလာကြသည်။ ပုဂံခေတ်ပန်းချီမှာ ကနုတ်ဟန် လွှမ်းမိုး ပြီး ဆေးရောင်မှာ အရောင်ဖျော့ အရောင်နုကလေးများကိုသာ အသုံးပြုခဲ့သည်။ ဆေးရောင်အရင့်နှင့် ပိန်းသုတ်ရေးခြယ်ရမည့် အဆောက်အဦများကို တတ်အားသရွေ့ရှောင်ကြဉ်ခဲ့ကြသည်။ ပုဂံပန်းချီများမှာ ပေ့ါပါးသွက်လက်ပြီး ကဗျာသဘောပါဝင်ပါသည်။

အင်းဝခေတ်မှာမူ ပုဂံခေတ်နောက်ပိုင်း စစ်မက်အရေး အခင်းများကြောင့် အနုပညာလုပ်ငန်းများ ရပ်ဆိုင်းခဲ့ဟန်ရှိသည်။ ရေးဆွဲခြင်း ကျွမ်းကျင်မှုအထုံပိုင်းတွင် ပုဂံခေတ်ဆရာများကို မမီ ခဲ့ပါဟု ပန်းချီဆရာကြီးဦးအောင်ခင် (မန္တလေး) က ကောက်ချက်ချ သွားဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်ကုန်ဆုံးပြီးနောက် ပင်းယမြင်စိုင်း စစ်ကိုင်းခေတ်တွင် ပန်းချီရေးခြယ်မှုသည် ဆက်လက်ထွန်းကားခဲ့သည်ဟု ဆိုနိုင်သည်။ ထိုခေတ်များ၌ ရှမ်းညီနောင်သုံးဦးကို အကြောင်းပြု၍ မြန်မာပန်းချီအနုပညာတွင် ရှမ်းယဉ်ကျေးမှု ဟန်ဝင်နေမည်ဟု ယူဆသည်။ မြင်စိုင်းမြို့ဟောင်းတစ်ဝိုက်၌ ရေဆေးပန်းချီကားများကို ခေတ်အမျိုးမျိုးတို့မှ လက်ရာများနှင့် ရောရောထွေးထွေး တွေ့ရသည်။ အထူးသဖြင့် မြင်စိုင်းမြို့ တောင်ဘက်ကျောက်ဆည်နှင့် ငါးမိုင်ခန့်အကွာတွင်ရှိ မြင်စိုင်းရွှေဥမင်တွင် ဆေးရေးကားများမှာ ထင်ရှားသော သာဓကများ ဖြစ်သည်။ ထိုဂူနံရံအတွင်း ဟန္တာပုံ၊ လူရုပ်၊ နတ်ရုပ်၊ တိရစ္ဆာန် ရုပ်ပုံစသည်တို့ကို ဆေးဒါန်း သင်ပဒါးမြေဖြူ မြေဝါတို့နှင့် ရေးဆွဲထားသည်။ ပုဂံခေတ်လက်ရာများနှင့် မတိမ်းမယိမ်းပင် ဖြစ်ပါသည်။

စစ်ကိုင်းခေတ် ဆေးရေးပန်းချီ၊ ရွှေရေးပန်းချီတို့နှင့် ပတ်သက်၍ကား ထိုခေတ်ထိုကျောက်စာများအရ သိရှိနိုင်သည်။ သက္ကရာဇ် ၇၀၃ ခု ထိုးစိုးမင်းကိုယ်တော်ကြီး ကျောက်စာတွင် သက္ကရာဇ် ၇၀၃ ခုသောအခါ၌ မဟာဝိရ ကုလားကျောင်း ပင်ဝင်ဖြင့် ဂူထွက်ကိုပြုတော်မူ၏။ အထူးထူး ဆန်းကြယ်စွာ ဆေးဝါးရွှေအထိလည်း ရေး၏ဟုပါသည်။ ထို့ပြင် သက္ကရာဇ် ၇၁၄ ခု ထိုးစိုးမင်းကိုယ်တော်ကြီး၏ မြွောက်သားတော်မင်းပြောင် ကျောင်းမှု၊ စစ်ကိုင်းစည်းခုံကြီးဘုရား ကျောက်စာ၌လည်း ဆေးရေး ခြယ်ပုံ အကြောင်းများပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပုဂံပျက်သုဉ်းပြီး နောက်အနှစ် ၃၅၀ ခန့်အတွင်း နံရံဆေးပန်းချီလက်ရာများကို ထင်ထင်ရှားရှား မတွေ့ရ။ မင်းဆက် အများအပြားမှာလည်း ဧရာဝတီနှင့် သံလွင်မြစ် နှစ်ဖက်တွင် ခေတ်အဆက်ဆက် အုပ်ချုပ်မင်းလုပ်ခဲ့ကြသည်။ စေတီပုထိုးများ လည်း တည်ထားကိုးကွယ်ခဲ့ကြပါသည်။ သို့သော် ထိုစဉ်က ကုလား ကျောင်းခံဂူဘုရားများ တည်ထားကိုးကွယ်မှုအစား မြေစိုက် စေတီများ တည်ထားကိုးကွယ်လာကြပါသည်။ မြေစိုက်စေတီ များတွင် နံရံပန်းချီရေးခြယ်ပူဇော်ရန် အခွင့်အရေးမရခဲ့ကြပါ။ ထို့ကြောင့် အနှစ် ၃၅၀ ကျော်အတွင်း နံရံပန်းချီအထောက်အထား များ ရှားပါးနေခြင်း ဖြစ်ဟန်တူပါသည်။ ပုဂံခေတ်နောက်ပိုင်းတွင် မြန်မာနိုင်ငံကို ပြန်လည်ထူထောင်နိုင်သည့်ခေတ်မှာ အင်းဝ ခေတ်ဖြစ်ပါသည်။ ပုဂံယဉ်ကျေးမှုကို ဆက်လက်ထူထောင်ခဲ့ ကုန်းဘောင်ခေတ်ဦးပိုင်း ၁၇၅၂ ခုနှစ်ထိ ရှည်ကြာခဲ့ပါသည်။ စစ်ကိုင်း တိလောဂုရုဂူ အနောက်ဖက် ရှင်ပင်နံကိုင်းဘုရား အနောက်မြောက်ယွန်းယွန်း ကိုက် ၅၀၀ ခန့်အကွာ ကျိုက်လ ချောင်အထက်အနားရှိ ဘုရားငယ်တစ်ဆူ၌ ထူးခြားသော နံရံ ဆေးရေးပန်းချီများ ယခုတိုင်တွေ့ရပါသည်။ နံရံ ပန်းချီရုပ်ပုံများ ကုလားဆန်သည်။ ဇာတ်အိမ်ဖွဲ့ရာတွင် ပုဂံခေတ်နံရံပန်းချီကဲ့သို့ အကွက် တစ်ကွက်နှင့်ဖော်သည်။ ပန်းချီလက်ရာများကိုကြည့် သည်မှာ ပုဂံခေတ်ဟုလည်းပြောနိုင်၍ အင်းဝခေတ်ဟုလည်း ဆိုနိုင်သော လက်ရာမျိုးဖြစ်ပါသည်။ "ပုဂံနှင့်အင်းဝ ပေါင်းကူး သောလက်ရာ" ဖြစ်ပါသည်။ ဘုရားငယ်၏ အရှေ့ဘက်အ

www.burmeseclassic.com

www.burmeseclassic.com



ခ်မြောက်ဖက် နံရံဒုတိယ အဆင့်တွင် ပျူမင်းတစ်ပါး ငှက်ကြီး
ာစ်ကောင်ကို လေးနှင့်ပစ်ဟန်ပုံ ရေးဆွဲထားပါသည်။ အထက်
ြန်မာပြည် နံရံဆေးရေးပန်းချီများအနက် ထူးခြားသော လက်ရာ
အဖြစ် မှတ်တမ်းတင်ရပါသည်။

အင်းဝခေတ် ရာဇမဏိစူဠာ ကောင်းမှုတော်၊ မဟာစေတီ
ာတ်ကြီး ဒါယကာ သာလွန်မင်းတရားကြီး ၉၉၇ ခု အင်းဝ ထီးနန်း
ံးစံ၍ ကောင်းမှုတော်ဘုရားကြီး၌ ပန်းချီပညာကို အထွဋ်အထိပ်
ထား၍ စနစ်တကျ စည်းကမ်းတကျ အလေး အနက်ရေးခြယ်
ခေသည်။

ရတနာပူရ အင်းဝရွှေထီးရွှေနန်းကို စိုးစံတော်မူသော
သိရိသုဓမ္မရာဇာ မဟာဓိပတိအမည်တော်ရှိသော "ရာဇမဏိစူဠာ"
ကောင်းမှုတော်ဘုရား စေတီတော်ကြီးဒါယကာ သာလွန်မင်း
တရားကြီးသည် ကောင်းမှုတော်ဘုရားကြီး တည်ဆောက်ပြီးစီး၍
မြန်မာအမျိုးသားဟန် ပန်းချီပညာရှင်အပေါင်းတို့နှင့် လူနတ်
ဗြဟ္မာရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်းတို့ အကျိုးအတွက်
ပန်းချီအနုပညာဖြင့် ဆောင်ရွက်တော်မူခဲ့သော ဆောင်ရွက်ချက်
ကမ္ဘိုင်းကျောက်စာမှ ပန်းချီအနုပညာကို လေးနက်စွာ ဖော်ပြထား
သည်များကို အောက်ပါအတိုင်း တွေ့ရပါသည်။

သိကြားနတ်မင်း သမုတ်အပ်သော "ရာဇမဏိ စူဠာ"
အမည်တော်ရှိသော ဤစေတီတော်ကို ငါးထောင်
သာသနာ ခိုင်ခံ့မြဲမြံစွာ တည်စိမ့်ငှာလျှင် တစ်ဆယ့်နှစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုင်အောင် လုပ်တော်မူ၍ အင်္ဂတေသုတ်တော်မူ၏။ မှန်ကင်းအထွဋ်နှ ရှိသော ရွှေကျောင်းကြီးလေးကျောင်း၊ ကျောင်းရံ လေးဆယ်၊ လောဟပါသာဒ၊ ပြသာဒ်ကျောင်း ကြီးနှင့်တူသော၊ များစွာတိုက်ရှိသော၊ သိင်္ဃိက ရွှေကျောင်းတန်ဆောင်းလေးဆောင်၊ သုမ္မော နတ်သဘင်ကဲ့သို့ ကြီးကျယ်တင့်တယ်သော ရွှေဇရပ်နှစ်ဆောင်၊ ဝန်းကျင်တံတိုင်းသုံးထပ်၊ ရေတွင်း၊ ရေကန်ဒီပက်ရ၊ သုံးလူ့ဘဝ၌၊ ဗျာဒိတ်ခံသော အင်္ဂါရှစ်ပါး၊ ထင်ရှားစုံလှ၊ သုမေဓအဖြစ် ကိုယ်တော်စစ်ကို၊ အစရှေးဖျား နိဒါန်းထား၍ အပဏ္ဏကဇာတ်အစ ဝေဿန္တရာဇာတ်အဆုံးရှိသော အခွဲနှင့်တကွ ခြောက်ရာသောဇာတ်တော်၊ သုဿိတာနတ်ပြည်မှ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားတော်မူသည် မှစ၍ ဘုရားအဖြစ်သို့ ရောက်တော်မူဟန်။ လေးဆယ့်ငါးနှစ်ပတ်လုံး ထိုထိုသော အရပ်သို့၌ ဝါဆို၍ ဝေနေယျတို့အား တရားဟောတော်မူဟန်။ ဘုရားရှင် ခမည်းတော် မယ်တော်ဇေတဒင်ရသာဝက အစဉ် ပရိနိဗ္ဗာန် ဓါတုဝိဘဇနစေတီစဉ်၊ သင်္ဂါယနာ သုံးတန်၊ ပေါဋ္ဌကာရုဋ္ဌသင်္ဃိုပြည်မှ သမိုင်းတော် စွယ်တော်တို့သည် ဟံသာဝတီသို့ ရောက်ဟန်။

www.burmeseclassic.com



ဟံသာဝတီမှ ကေတုမတီ၊ကေတုမတီမှ ရွှေမြို့တော်
သို့ရောက်ဟန်။ ကာမသုဂတိခုနစ်ဘုံ၊ ပြဟ္မာဘုံ
အောက်၌လည်း အပယ်လေးဘုံတို့ကို ကျမ်းဂန်နှင့်
အညီ ရေးစပ်၍ ထိုထိုသော ဒေသကထာဖြစ်သော
မြန်မာဘာသာ၊ မွန်ဘာသာ၊ ယွန်းဘာသာဖြင့်
ကမ္ပည်းရေးစေ

၍ဟူသောကျောက်စာ၌ ရေးထိုးမှတ်တမ်းတင်ခဲ့လေသည်။ ...ွင် သီးသန့်စာတမ်းထိုးခဲ့သည်မှာရာဇမဏိစူဠာ ကောင်းမှုတော် ...တီတော်နှင့် ကျောင်းဇရပ် အများအပြား ရေတွင်းရေကန်တို့ကို ...ည်ဆောက်လှူဒါန်းတော်မူပြီး ကောင်းမှုတော်စေတီ၏ တံတိုင်း ...်းကျင်နံရံတို့၌ ပန်းချီရေးခြယ် ရန်များစွာသော အကြားအမြင် ...ာန်သော ဆရာတော်မြတ်တို့ကို တောင်းပန်တော်မူ၍ မြင်းမိုရ် ...ာင် ခြေရင်းမှာ ရွှေသဲကို ထုတ်ဆောင်သကဲ့သို့ ပိဋကတ်သုံးပုံမှ ...ာငါးဆယ်သော ဇာတ်တော်များ၊ မြတ်စွာဘုရား၏ ပဋိသန္ဓေ ...တော်မူသည်မှ သက်တော် ရှစ်ဆယ်တိုင်အောင်၊ အတ္ထုပ္ပတ္တိ ...ဒ်ဗ္ဗာန် သရီရစေတီ၊ ပရိဘောဂစေတီ၊ သင်္ဂါယနာ အစဉ် ...ဒင်္ဂ ... သာဝကအစဉ် လူဘုံနတ်ဘုံ ရူပပြဟ္မာဘုံ၊ အရူပ ...ဟ္မာဘုံ ဤသို့ အလွန်သိနိုင်ခဲ့သော အတ္ထုပ္ပတ္တိတို့ကို ထုတ်... ...၍ နတ်သဘင်နှင့်တူသော အလွန် နှလုံးမွေ့လျော်ဖွယ်ရှိသော ...ကျင်တော် တံတိုင်းနံရံ၏ အထက်သုံးကြောင်း၌

www.burmeseclassic.com



ဗြဟ္မာမွန်ယွန်းကုလား အစရှိသော အတိုင်းတိုင်း ဖြစ်သော လက်ရာမြောက်ပန်းချီဆရာတို့ကို အထူးထူး သော ဆန်းကြယ်သောဆေးတို့ဖြင့် ပီပြင်စွာရေးဆွဲ စေပြီးမှ လေးကြောင်းမြောက်သော အောက်အဘို့၌ ကောင်းမှု မကောင်းမှုကြောင့် ဆင်းရဲခြင်းကိုခံရသော အသူရကာယ် မကောင်းမှု ကြောင့်ဖြစ်သော တိရစ္ဆာန် ပြိတ္တာ ငရဲတည်းဟူသော အပါယ်လေးရပ်တို့ကို ခပ်သိမ်းသောသူတို့၏ သံဝေဂဖြစ်စေ၍ မကောင်းမှု မှုကြဉ်စိမ့်သောငှာ အရှေ့မြောက်ထောင့်မှစ၍ အစဉ် အတိုင်းစီရင်တော်မူ၍ ပီပြင်စွာရေးစေ၏။ ဤသို့ ဆိုအပ်ပြီးသော၊ ပန်းချီဆေးရေးသောအမှုသည် သက္ကရာဇ် ၁၀၀၇ ခု၊ သာသနာတော် ၂၁၈၉ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက် သောကြာနေ့၌ နှောင့်ယှက်ခြင်းကင်းသည်ဖြစ်၍ ပြီးပြည့်စုံ၏။ ဤသို့ စီရင်အပ်သော ကောင်းမှုတော်သည် သူတော် ကောင်းဖြစ်သော လူနတ်ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ သာဓုခေါ် စေကုန် သတည်း

ဟူသောစာတမ်းကို အရှေ့မုခ် မြောက်တံတိုင်းတွင် ကမ္ပည်း မော်ကွန်းရေးထိုးထားသည်ကို တွေ့ရပါသည်။

အင်းဝခေတ်ဦး (၁၂၈၇-၁၅၅၅) အတွင်း နံရံပန်း လက်ရာအထောက်အထားများအရ ပန်းချီ ဆေးရေးအတ

www.burmeseclassic.com

www.burmeseclassic.com



ညာများ ထွန်းကားလျက်ရှိကြောင်း သိရပါသည်။ အင်းဝခေတ်တွင် ပုဂံနှင့် အခြေတည်ခဲ့၍ အရှိန်ရခဲ့သော မြန်မာပန်းချီ ချယ်မှု အတတ်ပညာဖြင့်ပင် ဘုရား၊ ဂူကျောင်း၊ နန်းတော် ဆောက်အအုံအဖုံဖုံတို့သည် ရုပ်ပုံရေးချယ်စွေးစွေးလှ နေခဲ့ပါသည်။ ရှင် ရွှေနန်းကျော်ရှင်၏ "ရွှေနန်းကျော်" ကဲ့သို့ ရွှေနန်း ဆောက်အဦတို့မှာလည်း ပန်းချီအနုပညာ၏ အစွမ်းပြလက်ရာ ပါဝင်ပေမည်။ ထို့ကြောင့် အင်းဝခေတ် ပန်းချီနှင့်ပတ်သက်၍ ခေတ်တွင် ပေါ်ထွန်းခဲ့သော ဘုံခန်းပျို့ဆရာက ဤသို့ မှတ်တမ်း တင်ထားခဲ့ပါသည်။

"ခပ်ပြေ့ညီပြာ၊ တချို့ဝါက၊ ဆရာပန်းချီ ဆေးစွက်ညီသို့၊ သိင်္ဂီရည်ရှန်၊ မိုးကြိုးမှန့်နှင့်၊ ဂဠုန်အံဖတ်၊ ဖျော်ခတ်ဖက်လက် ရောင်ခြည်ကွက်"

ဟု ရေးစပ်ထားပါသည်။ ထို့အတူ အင်းဝခေတ် ထို ကျောက်စာများကလည်း မိမိတို့ခေတ် ပန်းချီရေးသားမှုနှင့် ပတ်သက်၍ မှတ်တမ်းတင်ခဲ့ကြပါသည်။ ပုံစံအားဖြင့် သက္ကရာဇ် ၇ ခုနှစ် ထိုမင်းကြီးစွာစော်ကဲလက်ထက် သက်တော်ရှည် မောင်နှံကျောင်း ဆောက်လုပ်ရာတွင် လှူသော ကျောက်စာ၌ ဆေးရေးသော ပန်းချီလက်ခ ၃၀၀" ဟု ပါသည်။ သက္ကရာဇ် ၄ ခုနှစ် မင်းသိရိ ဇေယျသူ မောင်နှံတို့ ကျောင်းဆောက်လုပ်ရာ တွင် ရေးထိုးသော ကျောက်စာ၌လည်း "မဟာရန် တန်တိုင်းကျောက် ကျောင်လည်း ပြုတော်မူ၏ အထွေထွေသော ရုပ်နတ်ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေဟသ်ာ သင်းကွဲသတိလည်း ရေးတော်မူ၏” ဟုလည်း မှတ်တမ်းတင်ထားသည်ကို တွေ့ရလေသည်။

အင်းဝခေတ်၌ မြန်မာပန်းချီသမိုင်းတွင် အရေးပါသော နှစ်များမှာ ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များဖြစ်ပါသည်။ အလောင်း ဘုရား၏ သားတော်အကြီးဆုံး နောင်တော်ကြီးလက်ထ ရောဝတီလက်ယာဘက်ကမ်းရှိ စစ်ကိုင်းတောင်ရိုးပေါ်တွင် ဘု အမြောက်အမြား တည်ထားကိုးကွယ်ခဲ့ပါသည်။ တိလောက လိုဏ်ဂူကို ၁၆၇၂ ခုနှစ် တည်ဆောက်ခဲ့ပါသည်။ အနောက်ဘ လွန်မင်းလက်ထက်ကပင် တည်ရှိနေခဲ့သော ရှေးဟော အဆောက်အဦများသည်လည်း လိုဏ်ဂူတော်အသက်နှင့်အ ရှည်ကြာနေပြီဟု မှန်းဆရပါသည်။

စာပေထွန်းကားသော ညောင်ရမ်းခေတ်တွင် ပေါ်ပေါ လာသည့်အတိုင်း တိလောကဂုရုလိုဏ်ဂူ ဆေးရေးကားများသ သူ့ခေတ်အလိုက် အဆင့်မြင့်လက်ရာများဟု ဆိုရပါမည်။ ပန် ရေးခြယ်ထားပုံများမှာ ပုဂံခေတ်မှ ဆင်းသက်လာခဲ့သည့် စ အတိုင်း လိုဏ်ဂူအဝင်အထွက် ပေါင်းကူးတွင် ခြေတော်ရာတ နှင့် ကျန်နေရာများတွင် ဆင်စွယ်ဝန်းယှက်ခေါ် စက်ဝိုင်းထပ် နှင့် အတွင်းပန်းချီခက်များ အထူးသဖြင့် အင်းဝခေတ်၏ တီထွ ဟုဆိုရမည့် မုခ်ဝနှင့် တည့်တည့်နေရာများတွင် အလွန် လှပသ ကြွယ်သည့် ကုမုဒြာကြာပွင့် သဏ္ဌာန်များ ရေးဆွဲထားသည် ကြာပန်းနှင့် ဆင်စွယ်ဝန်းယှက်များ အောက်မှနံရံ အထက်ပိုင်း နှစ်ကျိပ်ရှစ်ဆူဘုရားပုံတော်များကို တစ်ဆူလျှင် ဗောဓိပင် တစ်

www.burmeseclassic.com

www.burmeseclassic.com



စိနှင့် လက်ဝဲ၊ လက်ယာ ရဟန္တာများခြံရံလျက် ကြည်ညိုဖွယ်ရာ ဆွဲထားပါသည်။ ဗျာဒိတ်ခံခန်းများ ဘုရားရှင် အသီးသီးတို့၏ ာထွက်ခန်းများ ဗုဒ္ဓဝင်များလည်း ရေးခြယ်ထားပါသည်။ ဝင်ခန်းများအောက်မှ ၅၅၀ ကောက်နုတ်ချက်များ ဇာတ်ကွက် ည်အောင် ရေးခြယ်ထားပါသည်။ အောက်ဆုံးတွင်ကား သတိ ဝေဂဖြစ်ဖွယ် ငရဲခန်းများကို ရေးခြယ်ထားပါသည်။ ထို့ပြင် ဒန္တီ၊ ဘလ္လာတိယ၊ မဟာဇနက ဇာတ်တော်များကိုလည်း ခြယ်ထားပါသည်။[၁] ဇာတ်ကြီးများကို အကျဉ်းချုံး ဆွဲပုံများနှင့် ချက်ရေးဟန်များသည် ခေတ်ပြိုင်ထိုင်းနိုင်ငံ နံရံပန်းချီများနှင့် င်ဆင်တူသည်။[၂]

ပန်းချီရေးဟန်များမှာမူ ပုဂံကဲ့သို့ အိန္ဒိယမဆန်တော့ပါ။ မာဆင်ယင်ထုံးဖွဲ့အဆင့်လည်း မရောက်သေးပါ။ ကျား မ န်နှာများသည် တူနေသည်ကို တွေ့ရပါသည်။ ယောကျ်ားပုံများ တစ်ဖက်ဖောင်းရေးဆွဲထားပါသည်။ ယောကျ်ားပုံများနှင့် ူးသဖြင့် အမျိုးသမီးပုံများသည် တည့်တည့်ပုံအတွေ့ရ နည်းပြီး တစ်ပုံ ဘေးတိုက်မြင်ရဟန် ရေးဆွဲထားသည်။ အမျိုးသား တွင် သင်တိုင်းဦးစွာဟုဆိုရမည့် အစိမ်းရောင် လက်စက ျယ် (လက်ကျယ်) ဒူးဖုံးကိုယ်နှင့် ချပ်ချပ်ရပ်ရပ် ရှိသည့်

ရွှေကိုင်းသား - စာပေနှင့် ပန်းချီပညာ- လူထုသတင်းစာ (၁၂-၄-၅၅)

enk. Claus, Mural in Burma Vol. 1.1977

www.burmeseclassic.com

www.burmeseclassic.com



အကျီရှည်ခါးဆီးနှင့် ပုဆိုးကို ခါးပုံချ၍ ဝတ်ဆင်ပုံတွေ့ရသည်
မင်းညီမင်းသားဖြစ်လျှင် ခေါင်းတွင် မကိုဋ်သရဖူစသည်တို့
ဆောင်းစရာ တစ်ခုခုနှင့်တွေ့ရပြီး မှူးမတ် သို့မဟုတ် သူဌေးသူကြွ
စသည်တို့မှာ ပေါင်းထုပ်တစ်မျိုးနှင့် တွေ့ရသည်။ နားတော
ကိုကား လူတန်းစားမရွေး ပန်ဆင်သည်ကို တွေ့ရသည်။ ပန်း
ဟန်များမှာ လက်ရာစိပ်စိပ်နှင့် သပ်ရပ်သည်။ ရုပ်လုံးဖော်ရာတွ
မင်နက်ကိုမူ ကောက်ကြောင်းမျဉ်းအဖြစ် သုံးသည်။ နှာတံနှင့်ပါး
ဖော်မှုအတွက် ဟင်္သပဒါးကိုသုံးသည်။ အခြားနေရာတို့မှာ အ
နှင့်အစိမ်း ရောင်များသည်။ အဝါရောင်မှာ နည်းပါးလှသည်
တွေ့ရသည်။ မျက်နှာကြက်တွင် ပန်းချီဆရာတို့ စိတ်ရှည်
ရေးထားသော ပန်းပုံမှာ ကနုတ်ချက်နည်းပြီး၊ သဘာဝဘက်
နီးစပ်အောင်ဆွဲသည်ကိုတွေ့ရသည်။ သစ်ပင်များမှာလည်း လှုပ်ရှာ
ပါသည်။ နန်းတွင်းသူ မျက်နှာအမူအရာတို့မှာ ပြုံးရွှင်ဟန် ပါသည်
အကြည့်လှသည်။ ဆံပင်ထုံးဖွဲ့ပုံမှာ ကြက်တောင်စီးနှင့် အ
တွေ့ရသည်။ အဝတ်အစားအကျီအပါးနည်းလျက် ရင်စည်းပြီး
နှစ်ဖက်ကို တဘက်ဖြင့် ခြုံထားသည်ကို တွေ့ရသည်။ အမျိုးသ
တို့မှာမူ အကျီလက်တိုရင်ကွဲဖြစ်၍ သင်တိုင်းနှင့်ဆင်သော အ
တစ်မျိုးကို ဝတ်ဆင်လေ့ရှိသည်။ ပုဆိုးမှာ အနီနှင့်အန
ကွက်ထားသော ပဆစ်ကွက်များပေါ်တွင် ပန်းပွင့်သဏ္ဍာန် ဖော်ထ
သည်။ အရစ်သုံးရစ်ဖြင့် ထူးထူးခြားခြား လုပ်ထားသော ပေါင်
များဖြစ်လေသည်။ ဤဆေးရေးကားများသည် ပန်းချီပညာအတွ

www.burmeseclassic.com

www.burmeseclassic.com



ာမက အင်းဝခေတ် ကြေးမုံများပင်ဖြစ်၍ အဖိုးတန်ပစ္စည်းများပင် ဖြစ်လေသည်။

## ကုန်းဘောင်ခေတ်ပန်းချီ

၁၇၅၂ ခုနှစ်တွင် အလောင်းဘုရားသည် ရွှေဘိုတွင် နန်းတက်သည်။ ကုန်းဘောင်မင်းဆက်ကို ထူထောင်သူ ဖြစ်လေသည်။ အလောင်းဘုရား၏ သားတော်များဖြစ်သော ရှင်ဖြူရှင်နှင့် ဦးတော်ဘုရားတို့သည် အရိုက်အရာကို ဆက်ခံခဲ့ကြသည်။

ထိုခေတ်ပန်းချီလက်ရာများကို အာနန္ဒာအုတ်ကျောင်း (ပုဂံ)၊ ဥပါလိသိမ်(ပုဂံ)၊ လေးထပ်ကျောင်းဦး(ပုဂံ)၊ ရတနာမဥ္ဇူ (ပုဂံ)၊ လက်ျာကျောင်းဦး(တောင်ဘီလှာ)၊ ရွှေကျောင်းဦး (ညောင်ဦး)၊ ဓမ္မကျောင်းဦး (ပုဂံ)၊ စူဠာမဏိ(ပုဂံ)၊ အောင်မြေ လောက ဘုရား(ခင်ပွန်းရွာ၊ ချောင်းဦးမြို့နယ်) မုံရွာ၊ ရုပ်စုံဘုရား (ခင်မွန်-ချောင်းဦးမြို့နယ်)၊ ပြာသာဒ်ဘုရား (ခင်မွန်-ချောင်းဦးမြို့နယ်)၊ အောင်သမန်ကျောင်းတော်ကြီးဘုရား(အမရပူရ) ဖိုးကုလားဘုရား၊ ရွှေစာရံ (မန္တလေး) တို့တွင် တွေ့ရပါသည်။

၁၉ ရာစု ရတနာပုံခေတ်လက်ရာများကို နန်းတွင်း ဥပုသ်ဆောင်နှင့် မဟာမုနိဘုရားမုခ် လိုဏ်ဂူနံရံများတွင် တွေ့နိုင်သည်။

ကုန်းဘောင်ခေတ်ဦးနံရံ ပန်းချီအချို့ကို အင်းလေးဒေသ ယား ရွာမအရှေ့ကျောင်းနှင့် ပြင်ကျောင်းမြောင်ဘက်ရှိ စေတီစုင် သုတေသီဦးသိန်းသန်းထွန်းက ရှာဖွေတွေ့ရှိခဲ့သည်။ ထိုဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တွင် ယခင်က ချုံနွယ်များပိတ်ဆို့နေပြီး မြေပေါ်သဖြင့် လူသူအရောက်အပေါက်မရှိ ဖြစ်နေခဲ့ရာ အင်းလေးဒေသတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများက ချုံမျာ ခုတ်ထွင်ရှင်းလင်းရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ သုတေသ ဦးသိန်းသန်းထွန်း၏ အဆိုအရ နံရံဆေးရေး ပန်းချီလက်ရာ များသည် ကုန်းဘောင်ခေတ်ဦးက ရေးဆွဲခဲ့သော လက်ရာများ ဖြစ်သည်ဟုဆိုသည်။ ရှမ်းပြည်နယ်တွင် ပထမဆုံး တွေ့ရှိရသော အဖိုးတန်နံရံပန်းချီများဖြစ်လေသည်။ ယခုတွေ့ရသော နံ ဆေးရေးပန်းချီများမှာ စေတီ၏ မုခ်လေးဝအတွင်းတွင် ပတ်လည် စကြံပြုလုပ်ထားသော ဂူစေတီတစ်ဆူအတွင်း နံရံအားလုံးတွ ရေးဆွဲထားသည်။ အောင်ခြင်းရှစ်ပါးကို တခမ်းတနားရေးဆွဲပြ နိပါတ်တော်များနှင့် ဗုဒ္ဓဝင်ခန်းစသည်ကို ရေးဆွဲထားခြင်း ဖြစ်သည်။ ဂူစေတီအတွင်း၌ ပန်းချီရေးခြယ်ထားသော ပတ်လည် နံရံနှစ်ခုရှိရာ အပြင်ဘက်ကျသော နံရံပေါ်မှ ဇာတ်တော်များနှ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ မှီရာ ဗောဓိ၊ မြင်ရာနိမိတ်ဆံတော် ပယ်ခန်း၊ ဗျာဒိတ်ပေးခန်းများကို ဆွဲထားသည်။

ယင်းပန်းချီလက်ရာများ လေ့လာခြင်းအားဖြင့် ကုန်းဘော ခေတ်ဦး၏ လူမှုရေးအခြေအနေများ၊ ကုန်းဘောင်ခေတ်ဦးတွ ပြည်မနှင့် ရှမ်းပြည်နယ်ဆက်ဆံရေးများကို သိနိုင်သည်ဟုဆိုပါသည် ထို့ပြင် ယင်းပန်းချီလက်ရာများနှင့်တူသော လက်ရာများ ရုပ်ကြွရုပ်ထုအားဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း ပင်းတယ၊ ရုပ်စော

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွှေ၊ ကက္ကူ၊ အင်းလေး၊ မိုင်းပွန်၊ မိုးနဲ၊ မိုင်းပန်၊ ဟိုပန်း၊ မိုခုတ်၊ နောင်မွန်၊ ဆီဆိုင်စသော မြို့နယ်များရှိ ရှေးဟောင်း အဆောက်အအုံများတွင်လည်း တွေ့မြင်နိုင်သည်။[၁]

ကုန်းဘောင်ခေတ် ပန်းချီလက်ရာများသည် ပုဂံ ညောင်ရမ်းလက်ရာများနှင့် ကွာခြားကြောင်းတွေ့ရသည်။ ကုန်းဘောင်ခေတ် လက်ရာများတွင် ယောကျ်ား မိန်းမ မျက်နှာ ပုံများကို ဘဲဥသဏ္ဌာန်ရေးဆွဲထားသည်။ ညောင်ရမ်းခေတ်က မျက်နှာများသည် ပြည့်ပြည့်ဝဝလေးထောင့်စပ်စပ် ရေးဆွဲခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ပါးတစ်ဖက်ဖောင်း ရေးဆွဲသော ယောကျ်ား များ မတွေ့ရတော့ပေ။ အဆင့်မြင့် အရာထမ်း လူပုဂ္ဂိုလ်များသည် ညောင်ရမ်းခေတ် ခါးတိုအကျီများ ဝတ်ဆင်ခြင်း မရှိတော့ဘဲ၊ ဝတ်ရုံရှည်ကြီးများကို ဝတ်ဆင်ပါသည်။ ဘောင်းဘီများကို ဝတ်ဆင်ခြင်းမရှိတော့၊ ပုဆိုးရှည်ကြီးများကို ခြေမျက်စိဖုံးဝတ် သည်။ ဆံပင်ကို ရှေ့နဖူးပေါ် နားတွင် ထုံးနှောင်ထားပါသည်။ အမျိုးသမီးများ နန်းအပြင် ဝတ်စားဆင်ယင်မှုတွင် လည်ကုတ် အပေါ်တွင် ဆံပင်ထုံး သည်။ ညောင်ရမ်းခေတ် မိန်းမများကဲ့သို့ ထည်ရှည်ကြီးများ ဆင်သည်။ ထဘီဝတ်သည်။ ကုန်းဘောင် ခေတ် စစ်သည်တော်များသည် သေနတ်များနှင့် ဓားများ လှံများ ကိုင်ဆောင်သည်။ နိုင်ငံခြားသားများ၏ ရုပ်ပုံများကိုလည်း အချို့ ခေတ်နံရံ ပန်းချီများတွင် အမြောက်အများတွေ့ရသည်။

---

၁ ကြေးမုံသတင်းစာ ၄-၅-၆၈

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျောင်းဦးဘုရားအတွင်း သုဝဏ္ဏသာမ မြားမှန်ခန်း ရေးခြယ်ထားပါသည်။ ပုံတွင်သုဝဏ္ဏသာမ ရေခပ်ဟန်၊ ပီလိယက္ခမင်း လေးနှင့်ခွင်းဟန်၊ ကျားသစ်ရည်သက်န်းဝတ်ဆင်သော ဒုကုဠ နှင့်ပါရိကတို့ ပူဆွေးသောကရောက်ဟန်တို့ကို အကုန်ပါအောင် နေရာခွဲ၍ ရေးခြယ်ထားသည်။ နောက်ခံသစ်ပင်တောအုပ်များကို ဝေးအောင်ရေးခြယ်ထားနိုင်သည်။

အာနန္ဒာအုတ်ကျောင်း၊ ဥပါလိသိမ်တို့နှင့် တစ်ခေတ်တည်း ဖြစ်သော ရတနာမဥ္ဇူနှင့် လေးထပ်ကျောင်းဦး ပန်းချီလက်ရာ များမှာလည်း ထူးခြားသည်။ ရတနာမဥ္ဇူဘုရားငယ်အတွင်း ကုန်းဘောင်ခေတ် ဆေးရေးလက်ရာများ လတ်ဆတ်ကောင်းမွန်ပြီး ကြက်တူရွေးငှက်ရုပ် ဒီဇိုင်းများသည် အသက်ဝင်မာန်ပါ ကြသည်။ လေးထပ်ကျောင်းဦးသည် အာနန္ဒာစေတီ၏ မြောက်ဘက် သရေ တံခါးအနီးတွင် ရှိပါသည်။ အတွင်းဆယ်ပေပတ်လည်တွင် ဗုဒ္ဓ ဖြစ်တော်စဉ်ပုံတော်များ ရေးခြယ်ထားသည်။

ပုဂံမြို့ အရှေ့မြောက်လက်ယာနှင့် တောင်ဘိရွာအနီးတွင် ကမ္မကျောင်းဦးအမည်ရှိ စေတီငယ်တစ်ဆူရှိပါသည်။ ကမ္မကျောင်း ဦး စေတီအတွင်းရှိ ပန်းချီလက်ရာများကို ၁၈ ရာစုလက်ရာဟု ခန့်မှန်းပါသည်။ ပန်းချီလက်ရာများ ပျက်စီးနေပြီး လေးထပ် ကျောင်းဦးနှင့် ရတနာမဥ္ဇူ ဘုရားထက် မြန်မာမှုပိုရှေ့ရသည်။ ကမ္မကျောင်းဦးအတွင်း တာဝတိံသာ နတ်သား ဆူးထောက် ရှေးတယောကြီးကို ထိုးနေဟန် ရေးဆွဲထားသည်။ တယော ကိန္နရီရုပ်ထုထားသည်။ စူဠာမဏိစေတီအတွင်းရှိ လက်ရာ

www.burmeseclassic.com

www.burmeseclassic.com



သည် ၁၈ ရာစုအကုန် လက်ရာများဟု ခန့်မှန်းကြပါသည်။ ကချေသည်၊ ကျွမ်းသမား၊ ဂီတပညာသည်များ၊ ဘုန်းကြီး ဆွမ်းလောင်းဟန် ပန်းချီလက်ရာများကို ထိုခေတ် ကြေးမုံသဖွယ် တွေ့ရပါသည်။

ခင်မွန်ရွာရှိ ပြာသာဒ်ဘုရားကျောက်စာအရ ခင်မွန်ရွာရှိ ပန်းချီလက်ရာများသည် ၁၇၅၆ ခုနှစ်က ရေးဆွဲခဲ့ကြောင်း သိရသည်။ အင်းဝခေတ်နှောင်း လက်ရာများဖြစ်သည်။ အာနန္ဒာ အုတ်ကျောင်း ကုန်းဘောင်ခေတ်လက်ရာများနှင့် ကွာခြားမှု မရှိကြောင်း တွေ့ရပါသည်။ ခင်မွန်ရွာ အောင်မြင်လောကဘုရား တွင် ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ စည်တို၊ နှဲ၊ စည်းနှင့်ဝါးပါသော ဆိုင်းအဖွဲ့ရှေ့တွင် ကချေသည်တစ်ဦးကနေ၍ ပွဲကြည့် ပရိသတ် ထိုင်ကြည့်နေဟန်ပါသည်။ ပတ္တလားတီးနေဟန်ပါသည်။ ချပ်ဘီး သည်းများကိုလည်း တွေ့ရသည်။ ဘောင်းဘီရှည်ဝတ် အမြောက် ဘပ်သားများကိုလည်း ရေးခြယ်ထားပါသည်။

၁၉ ရာစုခေတ်၌ ထူးခြားသော ဆေးရေးပန်းချီရှိရာ နေရာတစ်ခုမှာ ဖိုးကုလားဂူဘုရားဖြစ်သည်။ ဖိုးကုလားဘုရား ရုံပန်းချီ၏ ထူးခြားချက်ကား ဆေးရေးဇာတ်ကွက်တိုင်း၌ လူရုပ် များအပြားထည့်သွင်း ရေးခြယ်ထားခြင်းပင်ဖြစ်သည်။ ဇာတ်ကွက်တိုင်း၌ လူရုပ်များသည် တစ်ရုပ်နှင့်တစ်ရုပ်ထိလုဘနန်း ကြသည်။ ပန်းချီရေးဆွဲမှုတွင် အနီးအဝေး အမြင်သဘောကို သုံးဘဲ အရုပ်များကို တစ်ရုပ်ပေါ်တစ်ရုပ် ထပ်လျက်ရေးဆွဲ သည်ရှိသည်။ ပန်းချီကား၏ သုံးပုံနှစ်ပုံသည် ပဋ္ဌာလရာဇ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော် အခင်းအကျင်းနှင့် သုံးပုံတစ်ပုံသည် စူဠမုနိမင်းခ
ခန်းများ ရေးဆွဲထားသည်။[၁]

ဖိုးကုလားဘုရား ဆေးရေးလက်ရာများနှင့်ပတ်သက်၍
ရွှေကိုင်းသားက "ဇာတ်ကြီးဆယ်ဘွဲ့ကို အမရပူရခေတ် မျက်မှော
ပန်းချီများနှင့် အသက်သွင်းထားသောကြောင့် နှစ်သက်ဖွယ
ကောင်းလှပေသည်။ စစ်တိုက်ခန်းစသည်များ၌ အမြောက်တပ
များတွင် ပေါ်တူဂီစသော ကြေးစားနိုင်ငံခြား စစ်သည်တော်မျာ
အသုံးပြုထားသည်ကို တွေ့ရှိရပြီး သဘင်ခံပုံများ၌ ရှေးမြေဝိုင
ဇာတ်ပုံကို ထည့်သွင်းဖော်ပြထားခြင်းပင် ဖြစ်လေသည်။ အမတ
စစ်သူကြီးမင်းစသော အထက်တန်းလွှာများနှင့် ဆင်းရဲသားစသေ
အောက်တန်းလွှာအားလုံးတို့ ပင် အမရပူရဆင်ယင်ထုံးဖွဲ့ပုံအတိုင
ဖော်ပြထားပေသည် " ဟု မှတ်ချက်ချရေးသားဖူးပါသည်။

ကုန်းဘောင်ခေတ် နံရံပန်းချီများတွင် အချိုးကျ အမြင
အနီးအဝေးပုံမှန်စနစ် ( Perspective) သည် အပေါ်စီး အမြင
အထက်အောက် ဆန့်မြင်ရေးဆွဲသော စနစ်ကိုသုံးသည်။ညောင်ရမ်း
နှင့် ကုန်းဘောင်ခေတ်တွင် ရေးဆွဲသောအကြောင်းအရာသည
ဗုဒ္ဓဘဝဖြစ်စဉ်၊ ဗုဒ္ဓဝင်များဖြစ်သည်။ စူဠာမဏိ၊ ဥပါလိသိမ
လေးထပ်ကျောင်းဦး တောင်ဘီလွှာကမ္ပည်းကျောင်း၊ ရွှေ
ဘုရား၊ ဖိုးဝင်းတောင်ဂူများတွင် တွေ့မြင်ရသည်။ ဇာတ်တော်များ

---

၁။ မြင့်အောင်၊ ဦး-ဦးကုလားဂူဘုရားရှိ ရှေးဟောင်းလက်ရာမျာ
တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ(၆)၊ အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com




ဘိလောကဂုရုလိုဏ်ဂူနှင့် လောကမွန်ကျောင်းဂူတွင်လည်း တွေ့ရသည်။ လောကအောင်မြေဘုရား (ခင်မွန်)၊ မင်္ဂလာရွှေဘုရား (တောင်ဘီ)၊ အာနန္ဒာအုတ်ကျောင်း၊ လျှောင်ဦးတော်ဘုရား (ရွာသစ်ကြီး) ဖိုးကုလားဘုရား (ပုသိမ်ကြီး)၊ ရွှေရောင်တော်ဘုရား (စစ်ကိုင်း) တွင်ရှိပါသည်။ ထိုဘုရားများအနက် အာနန္ဒာအုတ်ကျောင်းနှင့် ဖိုးကုလားဘုရားတွင် ဇာတ်ကြီးဆယ်ဘွဲ့ လက်ရာအများအပြား တွေ့ရပါသည်။ ဝိဓူရ၊ ဝေဿန္တရာ၊ မဟောသဓာ၊ တေမိဇာတ်များရှိပြီး တန်းစီရေးဆွဲထားပါသည်။

လူမှုရေး၊ စီးပွားရေး၊ လူထုလှုပ်ရှားမှုများကို အာနန္ဒာအုတ်ကျောင်း၊ စူဠာမဏိ၊ ကျောင်းတော်ကြီးတို့တွင် ထူးထူးခြားခြားတွေ့ရပါသည်။ အာနန္ဒာအုတ်ကျောင်းသည် အာနန္ဒာဘုရားမြောက်ဘက်မုခ်အဝင်ဝ လက်ယာဘက်တွင် တည်ရှိပါသည်။ တောင်နှင့်မြောက်အတွင်း နံရံများတွင် မြန်မာပါဠိ ကျောက်စာတည်ရှိပါသည်။ အဆိုပါ ကျောက်စာအရ အာနန္ဒာအုတ်ကျောင်းကို ၁၇၇၆ ခု၊ ဇန်နဝါရီလတွင် စဆောက်ပြီး ၁၇၈၅ ခု၊ ဇွန်လတွင် ပြီးစီးပါသည်။ တည်ဆောက်သော ဗိသုကာများမှာ ဦးရွှေရ၊ ဦးရွှေအိုး၊ ဦးရွှေပန်းတို့ဖြစ်ကြောင်းသိရပြီး နံရံဆေးရေး ပန်းချီများကို ရေးဆွဲသူ၏ အမည်ကိုမူ မတွေ့ရပါ။ နံရံဆေးရေးပန်းချီများကို ၁၇၈၅ သို့မဟုတ် အနည်းငယ်နောက်ကျပြီး ရေးဆွဲကြောင်း ခန့်မှန်းရပါသည်။ နန်းတွင်းလှုပ်ရှားမှုများကိုပါ တွေ့နိုင်ပါသည်။ ကုန်းဘောင် ခေတ်ဦးလက်ရာများဖြစ်ပါသည်။ အာနန္ဒာ

www.burmeseclassic.com

www.burmeseclassic.com






နက္ခတ်တာရာများ
ကျောက်တော်ကြီးဘုရား၊ အမရပူရ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





ကုန်းဘောင်ခေတ်၊ ပုဂံမင်းကောင်းမှု
ကျောက်တော်ကြီးဘုရားပုံ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com



အုတ်ကျောင်း အတွင်းရှိပန်းချီလက်ရာများကို လေ့လာကြည့်ရာ ရေးဆွဲဟန်များ တစ်ခုနှင့်တစ်ခုမတူကြပါ။ အရောင်သုံးစွဲပုံခြင်း လည်း မတူကြပါ။ လက်ရာအဆင့်ချင်းလည်းမတူကြပါ။ ပန်းချီ ဆရာတစ်ဦးတည်းမဟုတ်ဘဲ ပန်းချီဆရာများစုပေါင်း အလုပ် လုပ်ကြခဲ့ပုံအရ ဖြစ်ကြောင်းသုံးသပ်မိပါသည်။ ဥပါလိသိမ်အတွင်းရှိ ပန်းချီလက်ရာများသည် ၁၇ ရာစု သို့မဟုတ် ၁၈ ရာစု အစော ပိုင်းလက်ရာဟု ခန့်မှန်းပါသည်။ "သက္ကရာဇ် ၁၁၅၅ခု၊ တပေါင်း လဆန်း (၄) ရက်နေ့တွင် သိမ်ကိုဆေးရေးဝင်သည်" ဟူသော စာတန်းတစ်ခုကို ဥပါလိသိမ်နံရံပေါ်တွင် သုတေသနပညာရှင် ဦးဗိုကေက တွေ့ရှိခဲ့ရာ ဥပါလိသိမ်နံရံပန်းချီ သက်တမ်းကို အတိ အကျသိခွင့်ရပါသည်။

ပုဂံကျောင်းဦးဘုရားမှ တွေ့ရသော ပန်းချီလက်ရာတို့မှာ မူကား အင်းဝခေတ်နောက်ပိုင်း သို့မဟုတ် အမရပူရခေတ်ဦးနှင့် ဆိုင်သည်။ ဘုရားမုခ်ဝတိုင်း၌ တွေ့ရသော ရွှေကျောင်းတူသွား မောင်နှံပုံတို့မှာ အချိုးအစားကျလှပါသည်။ ဘုရားအတွင်းဘက်၌ ဗုဒ္ဓဝင်ခန်းများရေးသားထားရာ သိဒ္ဓတ္ထမင်းသားလက်ထပ်ခန်း ပန်းချီကားမှာ ခမ်းနားကြီးကျယ်သည်။ ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ ပတ် နှဲကြီးနှဲငယ် တူရိယာပစ္စည်းများပါသော အငြိမ့်ပွဲများလည်း တွေ့ ပါသည်။ ဆေးရောင်မှာ အဖြူနှင့်အနက်ကို အဓိကထားသည် ရောင်စုံအသုံးနည်းကိုတွေ့ရပါသည်။

ကုန်းဘောင်ခေတ်နှင့်ဆိုင်သော ပန်းချီလက်ရာများသည် ၁၈ ရာစုဒုတိယ နှစ်ဝက်ပိုင်း၌ အများအပြား တွေ့ရပါသည်။ ဘ

www.burmeseclassic.com

www.burmeseclassic.com



ာစုနှောင်းပိုင်းတွင် ပုဂံ၌လွန်ခဲ့သော အနှစ် ၆၀၀ က ထွန်းကား ခဲ့သကဲ့သို့ ကုန်းဘောင်ခေတ်တွင် ပန်းချီအတတ်ပညာများ ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။ ပြန်လည်ထွန်းကား ခဲ့သည့်နေရာမှာလည်း မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သော နှလေးတစ်ဝိုက်နှင့် ပုဂံရှိဂူဘုရား အချို့တွင်ဖြစ်လေသည်။

ကုန်းဘောင်ခေတ် (အမရပူရခေတ်) ဆိုင်ရာ ပန်းချီကား များမှာ တောင်သမန်ကျောက်တော်ကြီးဘုရား၊ မုခ်လေးမျက်နှာမှ ပေါင်းကူးနံရံပေါ်တွင် တွေ့မြင်နိုင်ပါသည်။ရေးဆွဲထားသော ပုံများ မှာ ဆယ့်နှစ်ရာသီနက္ခတ်ပုံများ၊ နတ်ပြဟ္မာပုံများ၊ လူပုံများ၊ ဝိဇ္ဇာ ဇော်ဂျီနှင့် လူပျံတော်ပုံများ၊ တိရစ္ဆာန်နှင့် ငှက်ပုံများ၊ ပုဂံမင်းခေတ် နှင့်ဆိုင်၍ ပုဂံမင်း ကုသိုလ်တော် မဟာဝေယံဘုံစံသော ရွှေကျောင်း တော်ပုံစံများစသည်တို့ ဖြစ်ပါသည်။ ကျောင်းတော်ပုံများမှာ ယခုခေတ် (Elevation) ခေါ် ရှေ့တည့်တည့်မှမြင်ရပုံနှင့် ရေးထား သည်ကို တွေ့ရပါသည်။

ကျောင်းတော်သို့ လာရောက်အလှူအတန်းပြုကြပုံများ လည်း ပါဝင်ပါသည်။ ယင်းအလှူအတန်း၌ ထိုခေတ်ကာလသား၊ ကာလသမီးပျိုတို့၏ သဘာဝကလေးများကို တွေ့ရပါသည်။ သမီး ည်းစားစကားပြောနေဟန်နှင့် ချောင်းကြည့်နေသူများကိုလည်း တွေ့ရပါသည်။ ဆွမ်းအုပ်နီနီနှင့် အမျိုးသမီး အစုပုံတို့မှာ ထိုခေတ် ဆင်ယင်ထုံးဖွဲ့မှုကို ဖော်ပြနေပါသည်။ အရှေ့ဘက်မုခ် တောင်ဖက် နံရံအထက်ပိုင်း တစ်နေရာ၌ ရေးထားသော ထန်းပင်နောက်ခံနှင့် ၌ကျောက်တော်ကြီး ဘုရားပုံစံမှာ ပီသလှပါသည်။ ဘုရားမဟာရန်

www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းအတွင်း၌မူ တောင်ပေါ်သား ရှမ်းလူမျိုး အပါအဝင် ဘုရားဖူးများကို တွေ့ရပါသည်။ ရပ်ကွက်အတွင်း ဆွမ်းကြီးလောင်းပုံ ရွက်လှေစီးပုံ၊ ဆင်ရေချိုးနေပုံ၊ ဒရယ်ပုံ၊ အမျိုး သမီးများရေချိုးနေပုံ တံငါလှေများပုံ၊ ရွက်တိုက်လာသော လှေငယ်ပုံ၊ ဆင်နှင့်ကျွဲပုံ လားဝန်တင်ကုန်သည်များပုံ၊ ရှင်လောင်း လှည့်ပွဲပုံ၊ ဝါဆိုကျောင်းပုံ သိမ်ပုံ၊ ကလေးများ ကျေးသားကစားနေပုံ၊ ယောဂီများတရားကျင့် နေပုံ၊ တံခွန်တိုင်ပုံနှင့် အမြောက်ရွက်လှေပုံစသည့် ခေတ်ကြေးမုံ သဖွယ် အမရပူရခေတ် လူနေမှုစနစ်များကို ဖော်ကျူးသော ပန်းချီ လက်ရာများကိုလည်း တွေ့ရပါသည်။ ဆေးရေးကားများ၏ အရောင်မှာ အဖြူ အနက်၊ အဝါ၊ အနီ၊ မဲပြာရောင်တို့ကို သုံးထား ပါသည်။ အသားရောင်အတွက် အဖြူသက်သက်နှင့် ပန်းနုရောင် ကို သုံးပါသည်။ စေတီပုထိုးစသော အဖြူထည်များ၏ အမှောင် ဘက်တွင် အဖြူရောင်ဖြင့် ဖြေထားသည့် မီးခိုးရောင်နုနုကို သုံးထားသည်။ ကျောက်တော်ကြီးနံရံပန်းချီ တွင် အပြာရောင်ကို ပိုမိုသုံးစွဲ ကြောင်းတွေ့ရပါသည်။ ပစ္စယာထောင့်ချိုးတို့ကိုလည်း တည်နေပုံအလိုက် အရိပ်ဖော်ထားပါသည်။ အလင်းအမှောင် သဘောနှင့် ဆေးရောင်အနုအရင့်တို့ကို သဘာဝကျကျ တွေ့ရပါ သည်။ စင်စစ် ဤကျောက်တော်ကြီးဘုရား ဆေးရေးကားများသည် ယနေ့တိုင် တွေ့မြင်နိုင်သော အမရပူရခေတ်ဆိုင်ရာ ပန်းချီ လက်ရာများဖြစ်ရာ ပန်းချီသမိုင်းအတွက် အဖိုးတန်လှပါသည်။

ရွှေကူကြီးဘုရားတွင် တန်ဆောင်းဟောင်နံရံတစ်ခုနှင့် ရွှေစာရံဘုရားအနီးရှိ ဖိုးကုလားဘုရားမှ ဇာတ်တော်ကြီး ဆယ်ဘွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆေးရေးကားများမှာလည်း အမရပူရခေတ်နှင့် ဆိုင်ပါသည်။ မိုးကုလားဘုရားရှိ ဆေးရေးကားများတွင် အမရပူရခေတ်တွင် ရောက်လာသော နိုင်ငံခြားသားပုံများ၊ စစ်ပွဲတွင် အမြောက်တပ်၌ ပေါ်တူဂီလူမျိုးစစ်သားများပါဝင်ပုံ၊ မြေပိုင်းဇာတ်ကပြနေပုံတို့ကို တွေ့ရပါသည်။ "ကုန်းဘောင်ဆက် မဟာရာဇဝင်တော်" တတိယ အုပ်၌လည်း ဤခေတ် ကုသိုလ် "လောကမဏိစူဠာဘုရား" တံတိုင်းတော် အုတ်တိုင်များအတွင်း ပန်းချီကားများဖြင့် မွမ်းမံခဲ့ပုံ အကြောင်းများ ပါရှိပါသည်။

ရှေးမြန်မာ့ပန်းချီရေးခြယ်မှုသည် အမရပူရခေတ်မှစ၍ မန္တလေးရတနာပုံခေတ်တိုင်အောင် တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ အမရပူရခေတ် ရွှေဘိုမင်းလက်ထက်ကပင် အနောက်တိုင်းဆန်ဆန် ရေးဆွဲနေသည်ဟုသိရသည်။ ယခုခေတ်ရှုမျှော်ခင်းပုံသဘောရေးဆွဲနေပြီဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ဆရာဇော်ဂျီကလည်း ခရစ်သက္ကရာဇ် ၁၈၀၀ ကျော် နောက်ပိုင်းလောက်တွင် မြန်မာပန်းချီလောကသို့ ဥရောပ ပန်းချီနည်းဝင်စပြုလာပြီဟု ဆိုနိုင်ကြောင်း ထင်မြင်ချက်ပေးပါသည်။ အနောက်ဥရောပမှုဟူသည် သဘာဝကို ပုံစံပြု၍ ပုံတူရေးဆွဲသောနည်းဖြစ်သည်။ ရှုပါရုံကို အတိအကျဖြစ်အောင် ရေးခြင်းမျိုးဖြစ်ပါသည်။တစ်ကြောင်းဆွဲမျဉ်းကို အခြေခံပန္နက် သဲအဖြစ်သာထားပြီး ရောင်စုံဆေးသားကို အားကိုးသည်။ စိတ်စေတနာလှုပ်ရှားမှုကို သက်ဝင်အောင် ခုတ်ချက်၊ အသက်ဝင်သော အရောင်တို့ဖြင့် ထင်ရှားစေသည့်

www.burmeseclassic.com

www.burmeseclassic.com



စနစ်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဤအနောက် ပန်းချီနည်းစနစ်သည် အနောက်နိုင်ငံခြားသားများနှင့် များစွာဆက်သွယ်မှု ရရှိလာသည်ဖြစ်သော အမရပူရခေတ်အတောအတွင်း မြန်မာပြည်သို့ ရောက်ရှိလာခဲ့သည်မှာ သေချာသလောက်ပင်ဖြစ်လေသည်။ သို့သော် အနောက်နည်းအတိုင်း အတိအကျ လက်ခံသုံးစွဲနေသည် ဟူကား မဆိုသေးချေ။ ထိုအချိန်တွင် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံမှ ပန်းချီအငွေ့အသက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ ထိုင်းနိုင်ငံ "ဝပ်ဖူမင်"[၁] နှင့် "နမ်"[၂] ဒေသများရှိ တိုင်းနံရံပန်းချီဟန်များ ပျံ့နှံ့ဝင်လာခြင်း ဖြစ်ပါသည်။[၃]

ထိုစဉ်က မြန်မာဘုရင်များထံ အခစားဝင်ခဲ့ကြသည့် သံတမန်များနှင့် ပန်းချီပုံဆွဲဆရာများပါလာတတ်သည်။ ၁၇၉၅ ခု ဘိုးတော်ဘုရားလက်ထက် မိုက်ကယ်ဆိုင်း သံအဖွဲ့နှင့်အတူ ပန်းချီဆရာများပါလာသည်ဟု ဆိုသည်။ ၁၈၂၄ ခု၊ ဘကြီးတော်ဘုရားလက်ထက်ဖြစ်ပွားခဲ့သော ပထမအင်္ဂလိပ် မြန်မာစစ်ပွဲတွင် အင်္ဂလိပ်စစ်တပ်နှင့်အတူ မှတ်တမ်းပန်းချီ ဆရာများပါလာသည်။ ကပ္ပတိန်သွန်တန်၊ ကပ္ပတိန် မာရီယက်နှင့် ဟင်နရီမိုးတို့ ဖြစ်ကြပါသည်။ အင်္ဂလိပ်ရေတပ်ကြီး အက်ဒမန်ကျွန်းက စထွက်သည် ကစပြီး ဒလတိုက်ပွဲ၊ သန်လျင် တိုက်ပွဲ၊ ရွှေတိဂုံကုန်းတော်တိုက်ပွဲ

---

၁။ Wat phumin

၂။ Nam

၃။ Weuk, Klaus.Mural in Burma Vol I Zurich. 1977.

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင် တိုက်ပွဲနှင့် နောက်ဆုံး မဟာဗန္ဓုလ၏ ဓနုဖြူခံတပ်တိုက်ပွဲအထိ သမိုင်းဝင် ပန်းချီကားများ ရေးဆွဲသွားခဲ့ကြသည်။ ပထမပုံကြမ်း ရေးဆွဲသွားခြင်းဖြစ်ပြီး လန်ဒန်ရောက်မှ R.A ဘွဲ့ရ ပန်းချီကျော်ကားများက အရောင်သွင်းဆေးဖြည့်ကာ အချောသတ်သည်ဟု ဆိုသည်။ ၁၈၄၅ ခုနှစ် ပုဂံမင်းလက်ထက် ဂျွန်ကရောဖို့ ဦးဆောင်သည့် သံအဖွဲ့နှင့်လည်း ပန်းချီဆရာများပါလာရာ အနည်းနှင့်အများ မြန်မာပန်းချီဆရာများပါတွေ့ပြီး ပညာဖလှယ်ခွင့်ရကြပုံ ရပါသည်။ ဤနည်းဖြင့် မြန်မာပန်းချီသည် အနောက်တိုင်းနည်း စနစ်များ ကူးစက်လာပါသည်။

မင်းတုန်းမင်းလက်ထက် အမရပူရမြို့တော်တွင် စံနေစဉ်အတွင်း ခရစ်နှစ် ၁၈၅၅ ခု (မြန်မာ ၁၂၁၇)၊ စက်တင်ဘာလ၊ ၂၁ ရက်နေ့၌ အင်္ဂလိပ်သံမစ္စတာဖယ်ရာနှင့်အတူ ပန်းချီဆရာမစ္စတာစိဂရန့်သည် မြန်မာဘုရင်ထံ ဝင်ရောက်ခစားသည်။ မစ္စတာဂရန့်အား မင်းတုန်းမင်းက အရေးပေးတော်မူသည်။ ဆင်ဖြူတော်ပုံကိုရေးဆွဲစေသည်။ ရေးဆွဲပြီးနောက် ထိုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရေးဆွဲပြီးသော ဆင်ဖြူတော်ပုံကို ဆက်သရာ မင်းတုန်းမင်းကြီးက များစွာသဘောကျ တော်မူသည်။ ပုံကိုကြည့်ပြီး "ခာတ်ပုံလော" ဟု မေးကာ နိုင်ငံခြားသားပန်းချီဆရာများသည် တကယ်တူအောင် ရေးဆွဲ နိုင်သည်ဟုပင် ချီးကျူးမိန့်ကြားပါသည်[၁] စိဂရန့်သည် အောင်လံမှနေ၍ ဧရာဝတီမြစ်တရိုး၊ အမရပူရအထိ

---

၁။ Yule. Henry- Narrative of the Mission Sent by the Governnor- General of India to the Counrt AVA in 1855.

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကပ်သမျှ ဆိပ်ကမ်းမြို့ရွာများကို ရေးဆွဲသွားခဲ့သည်။ မင်းဘူးနဂါးပွက်တောင် ရေနံချောင်း၊ ရေနံတွင်းပုံများ အမရပူရ မြို့ရှုခင်း၊ ပုဂံမှသည် မင်းကွန်းစေတီအထိ ပုံပေါင်း ၁၀၀ ကျော် ရေးဆွဲသွားခဲ့သည်။ သရိုက်နှင့် ဟင်နရီလည်း ပန်းချီဆွဲတတ်သည်။ အင်ဂျင်နီယာများလည်းဖြစ်ရာ အင်ဂျင်နီယာပီသစွာ ပုဂံဘုရား ပန္နက်ပုံများဖြတ်ပိုင်းပုံများထိ ရေးဆွဲမှတ်တမ်းတင်ခဲ့သူများ ဖြစ်သည်။ ထိုနောက်သီပေါမင်း လက်ထက်ရောက်သော် အီတာလျံ လူမျိုး ပန်းချီဆရာနှစ်ဦးကို လစာတော်ပေး၍ နန်းတွင်းအမှုထမ်း စေခဲ့ကြောင်း အမှတ်အသားရှိပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပြတိုက်လုပ်ထားသော ပန်းခုံတော်အနီး အုတ်တိုက်တန်ဆောင်း နံရံများတွင်လည်း နိုင်ငံခြားသား ပန်းချီဆရာတို့၏ လက်ရာပန်းချီ ဆေးရေးကားများ ကျန်ရှိခဲ့သည်ဟု သိရပါသည်။

## ပန်းချီတော်

ပန်းချီတော်ဟူသော ဝေါဟာရကို ရှေးမြန်မာ ကျောက်စာ ပေစာများတွင် မတွေ့ရပေ။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း ခေတ်တိုင်အောင် မြန်မာ့နန်းတွင်း၌ "ပန်းချီတော်" ဟူ၍ သီးခြား ခန့်အပ်မှုမျိုး မရှိခဲ့သေးပေ။

မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် မြန်မာ့ပန်းချီ အမှုထမ်းတို့နှင့် ပတ်သက်၍ "ရွှေနန်းသုံးဝေါဟာရ အဘိဓာန်"နှင့် "မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းပဥ္စမပိုင်း" တို့၌ တွေ့ရှိနိုင်ပါသည်။ ပန်းချီအမှုထမ်းတို့သည် ရွှေနန်းတော် အရှေ့ဘက်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



မင်းမိဖုရား သားတော်သမီးတော်ကလေးများ ကြည့်ရှုမှတ်သား စိမ့်သောငှာ ပန်းချီရေးရပါသည်။ ရေးရသောအကြောင်းမှာ ငါးရာ ငါးဆယ်ဇာတ်နိပါတ်တော်ထွက် ဗုဒ္ဓဝင်ကျမ်းလာ ကောက်နုတ် ချက် စီစဉ်ချက်များ ဖြစ်ပါသည်။ ပုရပိုက်ဖြူပေါ်တွင် ဆေးရောင် အမျိုးမျိုး အတွင်းတော် လွှတ်တော်က အမိန့်နှင့် ဆင်ဖြူတော်၊ ထူးဆင်၊ စီးဆင်တော်များ၏ ကြန်အင်လက္ခဏာ ပုံသဏ္ဌာန်ကို လည်း ကကြိုးတန်ဆာစုံလင်စွာ ထည့်ရေးရတော်ငွေ ၄၇၀-ကျပ် သနားတော် မြတ်ခံရသည်။ သူတို့သည် စုနုအမှုထမ်းများတွင် ပါဝင်သည်။ သူတို့က ကြီးမှူးအုပ်ချုပ်ရသူမှာ ပန်းချီမှူးခေါ် ပန်းချီ တော်အုပ် ဖြစ်သည်။ ပန်းချီတော်အုပ်အဖြစ် သားတော်အရင်း ထဲကမဟုတ်၊ အဖျားထဲကဖြစ်သော မင်းသားကို ခန့်ထားလေ့ရှိ သည်။ နန်းတော်တွင်း ပန်းချီရေးဆွဲဆရာရှိလျှင် ပန်းချီအုပ်က တာဝန်ယူဆင့်ဆိုခိုင်းစေရသည်။ နန်းတော်တွင်း ဆင်ယင်ရန် အဝတ်အထည်အုပ်များ အဆင်ရွေးရန်အတွက်လည်း ပန်းချီ အုပ်မင်းသားက တာဝန်ယူရသည်။ ယင်းတို့မှာ နိုင်ငံခြားမှလာ သည့် ကန့်လန့်ကာ၊ တင်းတိမ်ရံ စသည်တို့ဖြစ်သည်။ အခြား အဝတ်ပုဆိုးများ၊ အပျိုတော်များ ဝတ်ဆင်သောထဘီများ၏ အဆင်ကိုလည်း ရွေးပေးရသည်။ တစ်ခါတစ်ရံ ကုလားပန်းချီ ဆရာတို့ အမှုထမ်းလျက်ရှိရာ သူတို့က အဝတ်အထည်များပေါ်၌ လက်ဖြင့် အဆင်ဒီဇိုင်းများရေးပေးကြသည်ဟု ဆိုပါသည်။ မန္တလေးမြို့ညောင်ပင်ဆိပ် တောင်ဘက်ရှိ ဝင်းကို "ပန်းချီအုပ် မင်းများဝင်း" ဟုခေါ်ကြောင်းသိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းပန်းချီတော်တစ်ဦးသည် အကြွမ်းဖျင်းအားဖြင့် အခြေခံကောက်ကြောင်းကို နိုင်နင်းရသည်။ ခြူးကနုတ်စသည့် ပန်းရေးနည်းများကိုလည်း တတ်ကျွမ်းရသည်။ စပ်လုပ်ငန်း ပန်းချီဆိုင်ရာ ပညာရပ်များကိုလည်း တတ်သိနားလည်ရသည်။ သို့မှသာ ဒုမင်္ဂလာသုမင်္ဂလာဆိုင်ရာ မွမ်းမံပြင်ဆင်မှုများကို လုပ်ကိုင်တတ်သည်။ ထို့အတူ ရွှေရေးပန်းချီနှင့်တကွ ပန္နက်ပုံ မြေပုံများကိုလည်း စကေးကိုက်ရေးဆွဲနိုင်အောင် အတိုင်းအထွာ အမျိုးမျိုးကို နားလည်ထားကြရသည်။ မြန်မာမှု မြန်မာစာပေနှင့် ထီးသုံးနန်းသုံးဆိုင်ရာကိစ္စရပ်များနှင့် နန်းဓလေ့များသည် ရှေးခေတ်မြန်မာပန်းချီပညာရှင်များအဖို့ အခြေခံစာပေ ဗဟုသုတဟုဆိုရသည်။ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ သာသနာဝင်၊ ဒီပဝင်၊ ဗောဓိဝင်စသည့် စာပေများသည် ပန်းချီတော်များအဖို့ အခြေခံ ဇာတ်ကွက်ဇာတ်လမ်းများဖြစ်ကြသည်။ နန်းတွင်းပန်းချီတော် တစ်ဦးဖြစ်ရန်မှာ အဆင့်ဆင့်တက်ရသည်။ ရှေးဦးစွာ ရွှေရေးပန်းချီလုပ်ငန်းကို နိုင်နင်းရသည်။ အရုပ်ရေးချယ်ရာ၌ လက်စလက်နရှိပါမှ ဆေးရေးပန်းချီအဆင့်သို့ မြှင့်တင်ပေးလေ့ရှိသည်။ ဆေးရေးပန်းချီပညာသည်များအနက်မှ ထူးချွန်သူများကိုသာ ပန်းချီတော်အဖြစ် အဆင့်တိုးမြှင့်ခန့်အပ်သည်။ ယင်းပန်းချီတော်များကို ကြီးကြပ်ရန်ပန်းချီတော်ခေါင်းဟူ၍ သီးခြားခန့်အပ်ထားရှိသည်။ များသောအားဖြင့် ပန်းချီတော် ၇ ဦးလျှင် ပန်းချီတော်ခေါင်းတစ်ဦးကျစီ ခန့်အပ်ထားရှိသည်။ ပန်းချီတော်နှင့် ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



တော်ခေါင်းအားလုံးကို "ပန်းချီတော်အုပ်" က ကွပ်ကဲအုပ်ချုပ်သည်။

ရွှေရေးပန်းချီသည် အနိမ့်ဆုံးအဆင့်ဟု ဆိုရမည်။ အရှေ့ရွှေရေးပန်းချီနှင့် အနောက်ရွှေရေးပန်းချီဟူ၍ ရွှေရေးပန်းချီနှစ်စုနှစ်ဖွဲ့ရှိသည်။ ရွှေနန်းတော်ကြီးအရှေ့ပိုင်းရှိ ရွှေရေးပြဿဒ်တော်ကြီးနှင့်တကွ လက်ဝဲဆောင်၊ လက်ယာဆောင်၊ လေသာဆောင်၊ ဇေတဝန်ဆောင်၊ ဗောင်းတော်ဆောင်၊ မှန်နန်းတော်ဆောင်၊ တောင်ဒဝယ်ဆောင်၊ မြောက်ဒဝယ်ဆောင်၊ ရွှေတိုက်ဆောင်များတွင် မူလရှိရင်း ဟသ်ာပြဒါးရောင် ရွှေရောင် မှန်ရောင်များ မှေးမှိန်ပောင်းနွမ်းခဲ့လျှင် အရှေ့ ရွှေပန်းချီ အမှုထမ်းများက သစ်လွင်အောင် ခြယ်လှယ်မွမ်းမံကြရသည်။

ထို့အတူ ရွှေနန်းတော်ကြီး အနောက်ပိုင်း အဂ္ဂမဟေသီအသျှင် မိဖုရားခေါင်ဘုရားကြီးအဆောင်၊ တောင်နန်းတော်ဆောင်၊ မြောက်နန်းတော်ဆောင်၊ တစ်ပင်တိုင်ဆောင်၊ အလယ်နန်းတော်ဆောင်၊ အနောက်နန်းတော်ဆောင်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင်၊ မိဖုရားလတ်တို့အဆောင်၊ မိဖုရားကလေးတို့အဆောင်၊ အနောက်ပွဲတက်ဇေတဝန်ဆောင်၊ လက်ယာဆောင်၊ လက်ဝဲဆောင်တော်များတွင် မူလရှိအတိုင်း ဟသ်ာပြဒါးရောင် ရွှေရောင်မှန်ရောင်များ မှေးမှိန်ပောင်းနွမ်းခဲ့လျှင် အနောက်ရွှေရေးပန်းချီအမှုထမ်းများက ကောင်းမွန်သစ်လွင်အောင် ခြယ်လှယ်မွမ်းမံကြရသည်။ ရွှေပန်းချီ အမှုထမ်းများသည်

www.burmeseclassic.com

www.burmeseclassic.com



အနောက်အုပ်စုတွင် ၆ဝ ၊ အရှေ့အုပ်စု ၆ဝ ပေါင်း ပညာသည် ၁၂ဝ ခန့်ရှိသည်။ ယင်းတို့ကို သီပေါမင်း လက်ထက်တွင် နန်းကံကျွေးရန် ဦးရန်ကင်းဆိုသူက ကြီးကြပ်အုပ်ချုပ်သည်။ နန်းကံကျွေးပန်က အတွင်းဝန်များ အမိန့်ကို ခံယူကာ လိုအပ်သည်များကို စီစဉ်ညွှန်ကြားရသည်။ လူ ၆ဝ တစ်စုတစ်လလျှင် လစာတော်ငွေ ၃၉၄/- သနားတော် မြတ်ခံကြရသည်။

ဆေးရေးပန်းချီ အမှုထမ်းများကား ရွှေရေးပန်းချီအမှုထမ်းများထက် အဆင့်မြင့်သည်။ ပညာမြင့်သည်နှင့်အမျှ လစာနှုန်းထားလည်း မြင့်မားလေသည်။ ထို့အတူ တာဝန်လည်း အထိုက်အလျောက်ကြီးသည်ဟု ဆိုရမည်။ ရွှေနန်းတော် အနောက်အတွင်းတော်၌ မင်းမိဖုရား သမီးတော် သားတော်ကလေးများကို ကြည့်ရှုမှတ်သားစိမ့်သောငှာ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ်ဇာတ်နိပါတ် တောထွက် ဗုဒ္ဓဝင်ဇာတ်ကွက်များကို ကောက်နုတ်စီစဉ်၍ ပုရပိုက်ဖြူပေါ်တွင် ဆေးရောင်အမျိုးမျိုးနှင့် ဆေးရေးပန်းချီအမှုထမ်းများက ရေးချယ်ကြရသည်။ မင်းမိဖုရားတို့ တည်ထားကိုးကွယ်တော်မူသည့် ဘုရားစေတီ ဂူလိုဏ်ကြီးများ၏ အတွင်းနံရံနှင့် မျက်နှာကြက်များတွင်လည်း နံရံပန်းချီများကို ဆေးရေးခြယ်ကြရသည်။ ဆင်ဖြူတော်များနှင့်တကွ ထူးဆင်၊ စီးတော်ဆင်များ၏ ကြန်အင် လက္ခဏာများကိုလည်း ကကြိုးတန်ဆာစုံလင်စွာဖြင့် ရေးခြယ် မှတ်တမ်းတင်ကြရသည်။ ထီးသုံးနန်းသုံးဆိုင်ရာ နန်းခလေ့များနှင့်တကွ ထွက်တော်မူကြီးကဲ့သို့သော မင်းခမ်းမင်းနားများ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဆေးရေးပန်းချီအမှုထမ်းများကပင် ရေးခြယ်ပေး ကြရသည်။ ဆေးရေးပန်းချီအမှုထမ်း ၁၅ ဦးခန့်ရှိပြီး တစ်လလျှင် လစာတော်ငွေ ၄၇ဝ/- သနားတော်မြတ်ခံရသည်။

အခြေခံအားဖြင့် ပန်းချီအနုပညာသမားများကို စုသေစုန အမှုထမ်းများစာရင်းတွင် ထည့်သွင်းထားရှိသည်။ အုပ်စုအားဖြင့် ရွှေတိုက်ဝန်ကြီးကြပ်အုပ်ချုပ်သော အုပ်စုတွင် ပါဝင်သည်။ တစ်ခါတစ်ရံ မင်းသားများကို ပန်းချီတော်အုပ်ခန့်လေ့ရှိသည်။ သို့သော် ရွှေတိုက်ဝန်၏ အုပ်စုက မလွတ်ရပေ။ ကိစ္စကြီးငယ်ရှိလျှင် လွှတ်တော်က ရွှေတိုက်ဝန်ကိုသာ ဆင့်ဆိုပြီး လွှတ်တော်မှ ဆင့်ဆိုချက်အရ ရွှေတိုက်ဝန် ရွှေတိုက်ကြပ်များက ပန်းချီတော်အုပ်ထံ ထပ်ဆင့်အကြောင်းကြား လေ့ရှိသည်။ လွှတ်တော်အမိန့်နှင့်ဖြစ်စေ၊ အတွင်းတော်အမိန့်နှင့်ဖြစ်စေ၊ ပန်းချီတော်များက ရေးခြယ်ကြရသည်ဆိုသော်လည်း မူအားဖြင့် လွှတ်တော်က အမိန့်သာလျှင် တရားဝင်ဖြစ် သည်။[၁]

အိမ်ရှေ့မင်းသားများကို လက်ဆောင်တော်ပေးအပ်သည့် အခမ်းအနားများတွင်လည်း ရှင်ဘုရင်က ပန်းချီပညာသည်များကို လက်ဖွဲ့လိုပါက ရွှေတိုက်ဝန်အစုဝင် ပန်းချီဆေးရေးအမှုထမ်းများကိုသာ ရွေးချယ်လက်ဖွဲ့လေ့ရှိသည်။ မင်းတုန်းမင်းလက်ထက်၌ ပန်းချီတော်အုပ်အဖြစ် မင်းခေါင် သီဟသူရဘွဲ့ရ မြောက်ဒဝယ် ဗိုလ်ကို ခန့်အပ်ထားရှိကြောင်း သိရပါသည်။[၂]

---

၁။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ

www.burmeseclassic.com

www.burmeseclassic.com



**စခန်းနော်လိုရာကွန့်နိုင်တဲ့ မန်းပေါ်မှာကိုကြာညွန့်**

ရှေးကဗျာစာဆိုများသည် ပန်းချီကိုအမြတ်ထားပြီး ရွှေပန်းချီ၊ ငွေပန်းချီ၊ နတ်ပန်းချီဟု အလီလီဂုဏ်ပုဒ်ဖော်ထုတ်ရေးဖွဲ့ကာ စာပန်းချီခြယ်လေ့ရှိကြပါသည်။ ဦးတိုး၏ရကန်၌ "ကလူတောကလဲတော့၊ ခဲရေ သန္တဲရော့၊ မိန်းမချောအရုပ်၊ စုတ်ရာကျညီလှအောင်၊ ရွှေပန်းချီဆေးစုံနှင့် ယဉ်ကျေးပုံအစုကို နုလှအောင် ရေးလိုက်သည်" ဟူ၍လည်းကောင်း၊ ဇာဝရီ မော်ကွန်းတရံတရံချီသော အပိုဒ်၌ "ပတ္တမြားပြီ၊ မြကြိုးထိလျက် ပန်းချီ ရေးခြယ်ချက်ဆေးသို့ ဘက်ပိမ့်" ဟူ၍ လည်းကောင်း၊ တလိုင်းတလိုင်းချီသော အပိုဒ်၌ "ရင်စန္ဒရ နေလ နက္ခတ်၊ စက်အမှတ် တံလက်တတ်ရေးညီ ဆေးပန်းချီလည်း" ဟူ၍လည်းကောင်း၊ လောကဝိဒူ မော်ကွန်း၌ "အထူးအဆန်း ပြောက်ပန်းထွက်ရေအလွတ်အညီ၊ ပန်းချီရေးသား၊ ဆေးဝါးထိုးချပ်၊ ထူးထူး" ဟူ၍လည်းကောင်း ပန်းချီဂုဏ်ပုဒ်ကို ဖော်ထုတ်ရေးစပ်ကြပါသည်။ ပျို့ကဗျာဆရာတို့သည် မိမိတို့ ဖွဲ့နွဲ့ရေးသားရန် အစွမ်းကုန်သောအခါ နတ်ပန်းချီရှုံးလောက် ပါပေသည်ဟုလည်းကောင်း၊ ရွှေပန်းချီလက်မှိုင်ချလောက်ပါပေသည်ဟုလည်းကောင်း၊ ငွေပန်းချီငေးလောက်ပါပေသည်ဟု လည်းကောင်း၊ ပန်းချီဆရာကို စစ်ကူခေါ်၍ ကဗျာကိုအဆုံးသတ်လေ့ရှိကြပါသည်။

**အလှဖွဲ့ရေးစပ်**

မင်းတုန်းမင်းတရားကြီးလက်ထက် စာဆိုကျော် အချုပ်တန်းဆရာဖေသည်လည်း "ပန်းချီမနိုင်" အမည်ရှိ အလှဖွဲ့ တစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



ရေးစပ်ခဲ့ပါသည်။ ဆရာဖေလည်း သူ့အလှဖွဲ့ကို ရေးစပ်ရာတွင် ပန်းချီနှင့် လက်စသတ်ခဲ့ကြောင်း တွေ့ရပါသည်။

"ရွှေပဒုံကြာအချပ်ကိုလ၊ လေအဟုန်လာ၍ ခတ်စဉ်က၊ ကညာနတ်ထွက်ခဲ့တယ်။
သနွှေဖွားဟာမို့ ရွှေသားကိုပန်းချီပြင်၍
သည်ခင်ကို စုတ်တံနှင့်ရေးသော်လည်း ဆေးရနိုင်ဖွယ်။
စခန်းနေဘ်လိုရာကွန့်နိုင်တဲ့၊ မန်းပေါ်မှာကို ကြာညွန့်သော်မှ၊ ရွှံ့ပါလိမ့်သူ့နီကာယ်လို၊ ရှိတယ်လို့ ဟုတ်ပြီဘူး။
တစ်ပါးဟန်၊ သိကြားရယ်မကြာဖန်တော့၊ ကွာရန်·မှာ တူမည့်ဝေးပါငဲ့၊ တို့တမေခင်ခင်လေးမှာကွယ် ရှေးကုသိုလ်ထူး"။ ။

(အချုပ်တန်းဆရာဖေ)

ဆရာဖေသည် သူ၏အလှဖွဲ့ကဗျာအတွက် အစွမ်းကုန်သဖြင့် စစ်ကူခေါ်ရသော ပန်းချီဆရာမှာ သူနှင့် ခေတ်ပြိုင်နန်းတွင်းပန်းချီတော် ကိုကြာညွန့်ဖြစ်လေသည်။ ဆရာဖေ၏ ကျေးဇူးကြောင့်ပင် ပန်းချီတော် ကိုကြာညွန့်၏ ဘဝတစ်စိတ်တစ်ပိုင်းကို အစကောက်နိုင်ခွင့်ရခဲ့ပါသည်။ ဆရာဖေ၏ ကဗျာအရ ကိုကြာညွန့်သည် မင်းတုန်းမင်းတရား လက်ထက်တော်က ပုံတူရေးကောင်းသော ပန်းချီကျော်ကြီးတစ်ဦးအဖြစ် ခံခွင့်ရခြင်းဖြစ်သည်။

www.burmeseclassic.com



မြန်မာပန်းချီသမိုင်းတွင် ၁၉ ရာစု မြန်မာပန်းချီကျော်ကြီးတစ်ဦးအဖြစ် နာမည်နှင့်တကွ ဖော်ထုတ်ချီးကျူးနိုင်သောအခွင့်အရေးကိုလည်းရခဲ့ပါသည်။ ပန်းချီတော် ဦးကြာညွန့်သည် မြန်မာသည် ကမ္ဘာနှင့် အဆက်အစပ်ရရှိခါစ ခေတ်ကာလမျိုးတွင် ထင်ပေါ်ခဲ့သော ပန်းချီဆရာတစ်ဦး ဖြစ်သည်။ ဦးကြာညွန့်၏ ဖွားသက္ကရာဇ်ကို ယနေ့တိုင်ရှာမရ မည်သည့်မှတ်တမ်းတစ်စုံတစ်ရာကိုမျှလည်း မတွေ့ရှိရ။ ၁၈၆၃ ခု မင်းတုန်းမင်းကြီး နန်းတက်ပြီး ၁၁ နှစ်ခန့်အကြာတွင် ဦးကြာညွန့်သည် ဆေးရေးပန်းချီတော်အဖြစ် ဆောင်ရွက်နေကြောင်း ပုရပိုက်မူတွင် တွေ့ရှိရသည်ဖြစ်ရာ ဦးကြာညွန့်သည် သာယာဝတီရွှေဘိုမင်း နန်းမတက်မီ ဘကြီးတော်လက်ထက်တွင် ဖွားမြင်ပါမှ ၂၉ နှစ်အရွယ် သာသာရှိပေမည်။ ပုဂံမင်းလက်ထက်တွင် အသက် ၁၈ နှစ်ခန့် ပညာစုံ၍ လူလားမြောက်ပြီဟု ဆိုနိုင်ကြောင်း သုတေသီ ဦးမင်းနိုင်က ယူဆပါသည်။ ပုဂံ၊ အင်းဝ၊ ပင်းယခေတ် အဆက်ဆက် မြန်မာပန်းချီကျော်များသည် နံရံပန်းချီ ရေးဆွဲရာ၌လည်းကောင်း၊ ကုန်းဘောင်ခေတ်ဦး ပုရပိုက် ပန်းချီခေတ်စားလာချိန်၌လည်းကောင်း၊ ပန်းချီကားပေါ်တွင် လက်မှတ်ရေးထိုးသော အစဉ်အလာ မရှိကြသေးပေ။ ထို့ကြောင့် ယခင်ယခင်က ရှေးပန်းချီဆရာကြီးများ၏ လက်ရာများကို ကြည့်ရှုပြီးနောက် ပန်းချီဆရာ၏ နာမည်ကို ဖော်ထုတ်ချီးကျူးခွင့်မရနိုင်ဖြစ်ကြရသည်။

ရှားရှားပါးပါးပုဂံခေတ် သက္ကရာဇ် ၅၉၉ (ခေအီ ၁၂၃၇) ခုနှစ်တွင် ပုဂံပြည်၌၊ ပန်းချီဆရာကြီး “စိတ္တရာဇိသည်” ဆိုသူရှိခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိခွင့်ရပါသည်။ နံရံပန်းချီပေါ်တွင် လက်မှတ် ရေးထိုးထားခြင်းကြောင့်မဟုတ်၊ ပုဂံကျောက်စာ အထောက်အထားအရ သိခွင့်ရခြင်းဖြစ်ပါသည်။ သက္ကရာဇ် ၅၉၈ (အေဒီ ၁၂၃၅) ခုနှစ်တွင် အမတ်ညာဏပ်စည်က ဂူပုထိုးတစ်ခုတည်၍ ကောင်းမှုပြုသောအခါ ဂူတစ်ခုလုံးတွင် မြတ်စွာဘုရားကိုယ်စားတော် ရုပ်ပုံပေါင်း ၁၅၀၀၀ နီးပါးနှင့် ဇာတ်တော်ပေါင်း ၅၅၀ အပါအဝင် ပန်းချီကွက်ပေါင်း ၁၅၀၀၀ ကျော်ကို ပန်းချီဆရာကြီး စိတ္တရာဗိစည်ဦးဆောင်သော ပန်းချီဆရာအုပ်စုသည် သုံးရက်နှင့်အပြီး ရေးဆွဲခဲ့ကြောင်း ကျောက်စာ တွင်ဖော်ပြထားပါသည်။

ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် နံရံပန်းချီများ အများအပြားရေးဆွဲခဲ့ကြရာတွင် ပန်းချီဆရာလက်မှတ် ရေးထိုးခြင်းမရှိ ကမ္ပည်းမှတ်တမ်းများတွင်လည်း ပန်းချီဆရာ၏ အမည်ကို ဖော်ပြထားသော အထောက်အထားများလည်း ထပ်မတွေ့ရတော့၍ မည်သူတွေ ရေးဆွဲမှတ်တမ်းတင်ခဲ့ကြမှန်း မသိနိုင်အောင်ဖြစ်ရပါသည်။ မြန်မာပန်းချီ သမိုင်းသုတေသီများအတွက် အခက်အခဲကြီး တစ်ခုဖြစ်ရပါသည်။

၁၉ ရာစုခေတ်ဦးအထိ ပန်းချီဆရာများ လက်မှတ်ရေးထိုးသည့်အစဉ်အလာ ခေတ်မစားသေးသော်လည်း အထက်တွင် ဖော်ပြခဲ့သော အချုပ်တန်းဆရာဖေ၏ "အလှဖွဲ့" ကျေးဇူးကြောင့် ပင် မင်းတုန်းမင်းတရားလက်ထက် ပုံတူအရေးကောင်းသော ပန်းချီ ကျော်ပန်းချီတော် ကိုကြာညွန့်ကို နာမည်နှင့်တကွ သိခွင့်ရခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြာညွန့်လက်ရာ ပုရပိုက်ပန်းချီများအနက် နေမိဇာတ်ဆေးရေးပုရပိုက်နှင့် နန်းတွင်းသဘင် ၁၂ ရာသီပွဲတော် သရုပ်ဖော်ပုရပိုက်ပန်းချီလက်ရာများကို ယခုအခါ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဂီမေပြတိုက်ကြီးက ရရှိပြသထားသည်ကို တွေ့ရဖူးပါသည်။ ယင်းပုရပိုက်နှစ်ဆူကို မြင်ကွန်းမြင်းခုံတိုင် ညီနောင်တို့ မင်းတုန်းမင်းတရားကြီးကို ပုန်ကန်ခြားနားမှု ဖြစ်ပေါ်ပြီး ၃ နှစ်မျှအကြာတွင် ရေးချယ်ခဲ့သည်။ ထိုအချိန်တွင် ဦးကြာညွန့် ပန်းချီတော်အဖြစ် ဆောင်ရွက်နေသည်မှာ ၁၀ နှစ်ခန့်ရှိပေပြီ။ ပန်းချီအမှုထမ်းသက်ဝါရင့်ချိန်တွင် ရေးခြယ်ခြင်းဖြစ်ပေရာ ဦးကြာညွန့်၏ လက်ရာများအနက် အထင်ရှားဆုံးနှင့် အကောင်းဆုံးဖြစ်သည်ဟု သုတေသီဦးမင်းနိုင်က ယူဆသည်။

နေမိဇာတ်တော် သရုပ်ဖော်ပုရပိုက်ဖြူသည် ၁၂၈ ခေါက်ရှိပြီး နှစ်ချိုးလျှင် ပြကွက်တစ်ကွက်ကျ ရေးခြယ်ထားသည်။ နေမိမင်းကြီးအား မာတလိနတ်သားက ပန်းရထားဖြင့် နတ်ပြည် ပင့်ဆောင်ခန်းနှင့် ငရဲခန်းများကို ရေးခြယ်ထားသည်။ ငရဲခန်း ချည်းသက်သက် ၁၃ ခန်းပါဝင်သည်ကို တွေ့ရသည်။ " ၁၂၃၀ ပြည့်နှစ်ပြု၍ ကောင်းမှုကို သာဓုခေါ်၍ ကုန်စင်အောင် ရှုတော်မူကြပါကုန်" ဟူ၍ ရေးသားထားရာ ပုရပိုက်ရေးခြယ်သည့်ခုနှစ်ကို သိနိုင်လေသည်။

ပုရပိုက်ပန်းချီရေးရာတွင် ယခုခေတ် ဇာတ်ညွှန်းခွဲ၍ ရေးခြယ်ရသော ရုပ်ပြပန်းချီဇာတ်လမ်းများကဲ့သို့ ဆရာဦးကြာညွန့်သည် နေမိဇာတ်တော်ကြီးကို ကိုယ်တိုင် ဇာတ်ညွှန်းခွဲကာ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



စိတ်သန်း အဆန်းတကြယ် သရုပ်ဖော်နိုင်စွမ်းရှိသော ပန်းချီကျော်ကြီးတစ်ဦးပင် ဖြစ်ပါသည်။ ရေးကွက်တစ်ကွက်တည်းတွင် သီတာခုနစ်တန်၊ မြင်းမိုရ်တောင်၊ နတ်ပြည်၊ နေမိမင်း၊ ရထားပျံနှင့် မိုးကောင်းကင်တို့အားလုံး ပါဝင်အောင် အားထုတ်လက်စွမ်းပြထားနိုင်သည်။

၁၂ ရာသီပွဲတော်ပုရပိုက်တွင်လည်း နန်းခလေ့ မှတ်တမ်းသဖွယ် ရေးခြယ်ထားနိုင်သည်။ ၁၂ ရာသီပွဲတွင် ကျင်းပပုံအခမ်းအနားများကို သရုပ်ဖော်ရာတွင် မင်း၊ မိဖုရား၊ မောင်းမမိဿံခြွေရံသင်းပင်းတို့ဖြင့် ထွက်တော်မူပုံများ၊ မြေနန်းပြာသာဒ်အဆောင်အယောင် အခန်းခန်းများကို ရှုမငြီးအောင် ဆေးရောင်ဖြင့် ခြယ်မှုန်းထားသည်ကိုလည်း တွေ့ရပါသည်။

နန်းတော်ပုံ၊ ကန်တော့ခံပုံ၊ ရထားတော်၊ ဆင်တော်၊ မြင်းတော် ၉ ဗိုလ် ၉ တပ်နှင့်တကွ ကန်တော့ခံတော်မူပုံ၊ မှူးတော်မတ်တော်၊ ဝန်စုဗိုလ်စုမှူး စော်ဘွားစော်ရံတို့၏ ကန်တော့ခံပုံ၊ ထွက်တော်မူပုံ၊ သီတင်းကျွတ်လဘုရားမီးထွန်း လှူပုံ၊ တန်ခူးလရေသွန်းပွဲတော်ပုံ၊ ကဆုန်လညောင်ရေတော်ခပ်သွားပုံ၊ လှေပြိုင်ပွဲကျင်းပပုံ၊ ဆင်ခင်း မြင်းခင်းသဘင်များ ကျင်းပပုံများနှင့် စာပြန်ပွဲ၊ ပဉ္စင်းတော်ပွဲ၊ စာရေးတံပွဲ၊ ကောက်ဦး ယာဂုဆွမ်းကပ်လှူပွဲ၊ သဲပုံစေတီပွဲ၊ တာဝတိံသာပွဲစသည်များကို ခြယ်မှုန်းထားရာ၊ ရှေးခေတ်နန်းမူနန်းရာများကို အသေးစိတ်မြင်တွေ့ရပါသည်။ မြင်းအမျိုးမျိုး၊ ပန်းရထား အမျိုးမျိုး၊ ကိန္နရာအစရှိသည့် ရုပ်လုံးအမျိုးမျိုး၊ ပြာသာဒ်

www.burmeseclassic.com



အမျိုးမျိုး၊ အဆောင်အမျိုးမျိုး၊ လူတန်းစားအမျိုးမျိုး ရာထူးအဆင့်အတန်းအလိုက် ဆင်ယင်ထုံးဖွဲ့ပုံများနှင့်တကွ ဆင်မြင်းတို့၏ ကကြိုးတန်ဆာများကိုပါ ထည့်သွင်းခြယ်မှုန်းထားရာ "နန်းဝလေ့မှတ်တမ်း ပုရပိုက်ကြီး" ဟုပင် ခေါ်ဆိုထိုက်ပါသည်။

ဆင်ခင်းမြင်းခင်းအမျိုးမျိုးကို ခြယ်သရာတွင်လည်း ဆင်မြင်းတို့ ပြေးလွှားလှုပ်ရှားဟန်များသည် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ ဆယ့်နှစ်ရာသီအခမ်းအနားအသီးသီးတွင် အတီးအမှုတ် အကအခုန် အမျိုးမျိုးဖြင့် သဘင်ခံရာ၌ ဆိုကြတီးကြကကြဟန်များကိုလည်း ထည့်သွင်းရေးဆွဲထားရာ ထိုခေတ်အကဂီတနှင့်ပတ်သက်၍ အထောက်အထားကောင်းများ ဖြစ်ပါသည်။

ပန်းချီတော် ဦးကြာညွန့်၏ လက်ရာပန်းချီ ပုရပိုက်များကို ပန်းချီ ရှုထောင့်မှ လေ့လာကြည့်ရာတွင် အထူးခြားဆုံး အချက်တစ်ချက်ကိုလည်း တွေ့ရပါသည်။

ဆရာ ဦးကြာညွန့်သည် ရှေးရိုးမြန်မာပန်းချီဟန်မှ လမ်းခွဲထွက်၍ခေတ်ပြိုင်ပန်းချီစနစ်ကို စမ်းသပ်လိုက်နာရေးဆွဲနေပြီဟူသောအချက် ဖြစ်ပါသည်။ ခေတ်ပြိုင်ပန်းချီစနစ်ဖြစ်သော အနီးအဝေးပုံမှန် အချိုးကျအမြင်ဟန်များကိုလည်း တွေ့ရသည်။သစ်ပင်ကို ကောက်ကြောင်းဆွဲ ဆေးပြိန်းခြယ်သော အဆင့်မှ ထုထည်ဟန်ဖော် ရေးဆွဲစပြုနေပြီ။ ပန်းချီကျော် ဦးကြာညွန့်သည် ပိတ်ချပ်ပေါ်တွင် ရေဆေးပန်းချီ ရေးဆွဲနည်း ပတ္တူပေါ်တွင် ဆီဆေးဖြင့် ရေးဆွဲနည်းများကို ပထမဆုံးစတင် စမ်းသပ်ရေးဆွဲခဲ့သူ ပန်းချီကျော်ကြီးအဖြစ်လည်း မှတ်တမ်းတင်ရမည့်သူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်တင်မှုပိုင် ပုရပိုက်နည်းအရ ပန်းချီတော် ဦးကြာညွန့်နှင့် ခေတ်ပြိုင်ပန်းချီဆရာအချို့၏ အမည်များကို သိခွင့်ရပါသည်။ ၁၂၂၅ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် ပန်းချီတော်အုပ် မြောက်ဒဝယ်ဗိုလ် စည်းကြပ်တင်သွင်းပေးသည့် စာရင်းအရ၊ နန်းတွင်း ပန်းချီတော်များမှာ ငတူ၊ ငတာနော၊ ကျေး ၄ ရွှေတိုး၊ ငတိုးလုံး၊ ငရွှေသား၊ ငဘိုးသက်၊ ငဘိုးခင်၊ ပန်းချီခေါင်း ငဖူးခေါင်၊ ငစံမင်းငအုပ်၊ ငကြာညွန့်၊ ငရွှေသားကြီး၊ ငမှတ်၊ ငရွှေကြီး၊ ငဘိုမြ၊ ပန်းချီ တော်ခေါင်း၊ ငမှုံတို့ဖြစ်ကြပြီး၊ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ပန်းချီတော် ဦးကြာညွန့်အမည်နှင့် အတူ တွဲ၍ ဖော်ပြထားသော ခေတ်ပြိုင်ပန်းချီဆရာများဟု ယူဆရသူ အချို့မှာ တောင်ပြင်မောင်ခ၊ မင်္ဂလာဈေး မောင်လှိုင်၊ မောင်သဲ၊ မောင်ကြွက်၊ ညောင်ပင်ဈေးမောင်ကြီးတို့ ဖြစ်ကြောင်းသိရပါသည်။ ပန်းချီတော်မှူးများကို မင်းသားများထဲမှ ခန့်လေ့ရှိသည်။ ယခု ညောင်ပင်ဈေးတောင်ဘက်တွင် ပန်းချီတော်မှူး မင်းသားဝင်း ရှိသည်။

မင်းတုန်းမင်းလက်ထက် ဦးကျော်ညွန့် (ဦးကြာညွန့်) မှာ ပန်းချီခေါင်း (ပန်းချီတော်အုပ်) ဖြစ်သည်။ ဦးကြာညွန့်သည် ပန်းချီအမျိုးစုံ အထူးသဖြင့် လူပုံတူအရေးကောင်းသည်။ ထို့ကြောင့်လည်း "အချုပ်တန်းဆရာဖေ" က ဦးကြာညွန့်အား "စခန်းနေဘ် လိုရာကွန့်နိုင်တဲ့ မန်းပေါ်မှာ ကိုကြာညွန့်" ဟူ၍ ချီးကျူးရေးသား ခဲ့သည်။ မင်းတုန်းမင်းကြီးထံ နိုင်ငံခြားမှ ဆက်လာသော ပဏ္ဏာ

www.burmeseclassic.com

www.burmeseclassic.com



တော်များအနက် ပန်းချီအချက်မကင်းတဲ့ လက်ဆောင်ဟူသမျှကို ဦးကြာညွန့်အား မင်းတရားကြီးက ခေါင်ငင်ပြသမေးမြန်းလေ့ရှိသည် ဆို၏။ ပန်းချီတော် ဦးကြာညွန့်သည် မြန်မာပန်းချီသမိုင်းတွင် နံမည်နှင့်တကွ သိခွင့်ရသော ပန်းချီကျော်ကြီးတစ်ဦးအဖြစ် မှတ်တမ်းတင်ရပါသည်။ ထို့ပြင် ပထမဆုံးပုံတူရေး ပန်းချီကျော်ကြီး တစ်ဦးလည်း ဖြစ်လေသည်။ ဦးကြာညွန့်ခေတ်တွင် မြန်မာ့ရိုးရာ ပန်းချီဖြစ်သော မျဉ်းရေးဆေးခြယ်နည်းကိုပင် ဆက်လက်ကျင့်သုံး လျက်ရှိသော်လည်း စက္ကူ ပုရပိုက်ဖြူနှင့် နံရံပန်းချီများအပြင် ပတ္တူအဝတ်စပေါ်တွင် ဆီဆေးဖြင့်ရေးခြယ်ခြင်းကိုလည်း စတင်ပြီ ဟု သိရပါသည်။ အချိုးကျအမြင် (Perspective) ရေးနည်းကို လည်း ကျွမ်းဝင်စ ပြုနေပြီဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည် မှာ ဦးကြာညွန့်၏ လက်ရာများ မြန်မာနိုင်ငံတွင် မတွေ့နိုင်ခြင်းပင် ဖြစ်သည်။ သီပေါမင်း လက်ထက်ရောက်သော် ဦးကြာညွန့် ကွယ်လွန်၍ သူ၏သားပန်းချီဆရာ ဆရာစာက ဆက်လက် အမှုတော်ထမ်းသည်။ လန်ဒန်ဗြိတိသျှ ပြတိုက်တွင် ဆရာစာ၏ ပုရပိုက်တစ်ဆူကို ကြည့်ရှုဖူးပါသည်။ ထိုစဉ်က မြန်မာပန်းချီ ကျောင်းများ လက်မှတ်ထိုး လေ့မရှိသော်လည်း စာရေးသူ တွေ့ခဲ့ရ သည့် ယင်းပုရပိုက်ပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် "Painter Saya Sar" ဟု ရေးထိုးထားသည်ကို တွေ့ခဲ့ရရာ ထူးခြားသော ပုရပိုက် တစ်ဆူပင် ဖြစ်လေသည်။ ဆရာစာ မျက်စိကွယ်၍ အမှုမထမ်း နိုင်သောအခါ အီတာလျံလူမျိုး ပန်းချီဆရာနှစ်ဦးကို ခန့်ထားသည် နောက်ဆရာစာ၏ တပည့်ရင်း ဆရာချိုကို ခန့်ထားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ပန်းချီတော်ဆရာချို**

ဆရာချိုသည် သီပေါမင်းလက်ထက်တွင် ပန်းချီကျော်ကြီးဖြစ်သည်။ခရစ်နှစ် ၁၈၈၃ ခုနှစ်တွင် ပန်းချီတော်အဖြစ် ချီးမြှင့်မြှောက်စားခြင်းခံရရာ ၁၇ နှစ်သားအရွယ်တွင် ဆရာချိုသည် နန်းတွင်းပန်းချီတော်ဖြစ်ခဲ့ပြီဟု ဆိုရမည်။ ဆရာချိုသည် ပန်းချီတော်အဖြစ် အမှုထမ်းရင်း မျက်စိကွယ်နေသည့် သူ့ဆရာ ဆရာစာကို ဆက်လက်ပြုစုလုပ်ကျွေးခဲ့သည်။ မြန်မာ့ရိုးရာပန်းချီကို ထိန်းသိမ်းရေးဆွဲရင်း အီတာလျံ ပန်းချီဆရာနှစ်ဦးနှင့် ပညာချင်းဖလှယ်သည့်အခါ ဖလှယ်သည်။ အီတာလျံ ပန်းချီဆရာနှစ်ဦးက မြန်မာ့ရိုးရာ ကောက်ကြောင်းရေးဆွဲနည်းကို ဆရာချိုထံတွင် ဆည်းပူးသလို ဆရာချိုကလည်း အနောက်တိုင်း ဥရောပနိုင်ငံများ ရေးနည်း ရေးဟန်ကို အီတာလျံ ပန်းချီဆရာနှစ်ဦးထံတွင် ဆည်းပူးလေ့လာသည်။

ဆရာချိုသည် နန်းတွင်းပန်းချီတော်အဖြစ် အမှုတော်တာဝန်ထမ်းရွက်နေချိန် ပုံတူပန်းချီရေးနည်းစနစ်ခေတ်စားစပြုနေပြီး ပန်းချီတော်ဦးကြာညွန့်အစပျိုးခဲ့သော ပုံတူရေးနည်းစနစ်ကလည်း အခြေခံရှိပြီးသားဖြစ်နေသည်။ ထို့ကြောင့် မူလရှေးရိုးမြန်မာပန်းချီစနစ်တွင် ပုံတူရေးသော အလေ့အထများ ရရှိလာသည်။ မင်းမျိုးမတ်တို့၏ပုံတူများ ရေးခြယ်လာကြသည်။ မင်းညီမင်းသား မိသားစုပုံတူများ ရေးဆွဲခွင့်ရလာသည်။ နောင်တော် မင်းညီမင်းသားများသာမက အရပ်သူအရပ်သားများ၏ ပုံတူများကိုလည်း ရေးဆွဲလာကြသည်ဟု ဆိုသည်။ ဆရာချို၏

www.burmeseclassic.com

www.burmeseclassic.com



လက်ရာများအနက် မင်းညီမင်းသားပုံ ပန်းချီကားမှာ ထင်ရှားကျော်ကြားသည်။ အမျိုးသားပြတိုက်တွင် ဂူကုန်းဆရာတော်၏ ပုံတူပန်းချီကားတစ်ကားရှိသည်။ ဆရာချုလည်း ပုံတူနိုင်နင်းကြောင်းသိရသည်။ ဆရာချု၏ "ပါတော်မူခန်း ပန်းချီကား" မှာ လက်ရာမြောက် ကားတစ်ချပ်ဖြစ်ပါသည်။ မြန်မာဟန်နှင့် ရေးဆွဲသော်လည်း အချိုးကျအမြင်အနီးအဝေး သဘောပါသည်။ ကြည့်ကွင်း မဟာအောင် လေးထောင့်ကျကျ ပေါင်းစပ်ရေးဆွဲထားသော ကားတစ်ချပ်ပင်ဖြစ်သည်။ အခြား မန္တလေးခေတ် နာမည်ရ ပန်းချီဆရာတို့မှာ ဆင်ရေးကောင်းသော တောင်ပြင်မောင်ခ၊ မင်္ဂလာဈေး မောင်လှိုင်၊ မောင်သဲ၊ မောင်ကြွက်နှင့် အရုပ်သေးတစ်ကြောင်းဆွဲ အထူးအရေး ကောင်းသော ညောင်ပင်ဈေးမောင်ကြီးဆိုသူ ဖြစ်လေသည်။ ဆရာချုခေတ်တွင် ရှေးမြန်မာပန်းချီ ရေးဟန်အတိုင်း ပန်းချီကားများတွင် အသေးစိတ်ခြယ်မှုန်းသည်။ သို့သော် သစ်ပင်များ ရေးဆွဲရာ၌ ပုဂံခေတ်ကဲ့သို့ သစ်ရွက်တစ်ရွက်စီပေါ်အောင် မဆွဲတော့။ သစ်ရွက်နှင့် အရောင်တူနိုင်သမျှတူအောင် နှစ်ရောင် သုံးရောင် ရောစပ်ကာ အလင်းအမှောင် သဘောထည့်သွင်း၍ ထုထည်ပေါ်အောင်ရေးဆွဲသည်။ အနောက် ဥရောပခေတ်သစ်နည်းအတိုင်း ရေးခြယ်နိုင်ကြပြီ။ ဆေးရောင်များမှာလည်း မဲပြာရောင်၊ အစိမ်းရောင်နှင့် အဝါရောင်တို့ကို ပိုမိုသုံးလာသည်ကို တွေ့ရပါသည်။

မန္တလေးနန်းတွင်း၌ ဥပုသ်ဆောင်အုတ်တိုက် အဆောက်အအုံတစ်ခု ကျန်ရှိနေသေးသည်။ ယင်းအဆောက်အအုံအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မုခ်နံရံပေါ်တွင် ရတနာပုံခေတ်လက်ရာများ အတန်အသင့် တွေ့နိုင်သေးသည်။ ဥပုသ်ဆောင် နံရံပန်းချီကားမှာ မြင်းခင်းသဘင်ကျင်းပပုံဖြစ်၍ အခြားတစ်ပုံမှာ ငရဲခန်း ဖြစ်လေသည်။ ရှေးရိုးမြန်မာပန်းချီဟန်ပင်ဖြစ်ကြောင်း တွေ့ရသည်။ အလင်းအမှောင်စနစ် အနီးအဝေးစနစ်များ ကြိုးပမ်းထည့်သွင်း ရေးဆွဲထားကြောင်း တွေ့ရသည်။ သို့သော် မြန်မာ ပန်းချီဟန်အပေါ်စီး အမြင်ရေးနည်းအတိုင်း ရေးဆွဲထားပါသည်။ ရှားရှားပါးပါး ကြွင်းကျန်ရစ်သော ရတနာပုံခေတ်နံရံ ပန်းချီအဖြစ် မှတ်တမ်းတင်ရမည့် လက်ရာများဖြစ်ပါသည်။

## ပုရပိုက်ပန်းချီ

ရှေးခေတ်ကမူ ဆေးရောင်ပန်းချီကို နံရံပေါ်တွင် စတင်ရေးဆွဲခဲ့သည်။ ကုန်းဘောင်ခေတ်တိုင်နံရံပန်းချီစနစ် ထွန်းကားခဲ့သည်။ နောက်ပိုင်းကျမှ ပုရပိုက်နှင့် စက္ကူများပေါ်တွင် တိုးချဲ့ရေးဆွဲလာပါသည်။ ဆရာဇော်ဂျီက နံရံပန်းချီကွယ်ခဲ့ခြင်းသည် တရုတ်ပြည်မှ မြန်မာပြည်သို့ စက္ကူလုပ်သော အတတ်ရောက်လာပြီး ပုရပိုက်သုံးသောခေတ်မှ စတင်ခဲ့သည်ဟု ယူဆသည်။ ပုရပိုက်အရွယ်မှ အများအားဖြင့် အလျား ၁၈ လက်မ၊ အနံ ၈ လက်မခန့်သာရှိရာ ပန်းချီကားအရွယ်လည်း ငယ်လာရသည်။ ပုရပိုက်တွင် အဖြူနှင့်အနက် နှစ်မျိုးရှိသည်။ ပုရပိုက်နက် အတွက် အဝါ၊ အနီ၊ ဖြူဆေးများသုံးသည်။ အဖြူအတွက်မူ အဖြူဆေးမှတစ်ပါး ကျန်ဆေးများကို သုံးသည်။ တရုတ်မင်ငွေမင်တို့ သုံးသော

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထား တန်ဖိုးကြီးများလျက်ရှိပါသည်။ ထွက်တော်ခန်းပုရပိုက် ပထမစာကြောင်းတွင် "သက္ကရာဇ် ၁၂၂၇ ခု၊ ကဆုန်ပြည့်ကျော် ၇ ရက်နေ့ ပတ္တမြားတောင်၊ စကျင်တောင်တော်များက ပင့်ရောက်သည်။ ကျောက်တော်ကြီး ဘုရားသို့ အထုအလုပ် မျက်နှာတော်ဖွင့် အဖူးအမြော် ထွက်တော်မူသည်ကို မန္တာဘက်၊ ခါတ်ဘက်စစ်အင်္ဂါ ၄ ပါး ရှေ့ ၆ တပ်၊ နောက် ၆ တပ်ခန်းကြီးနားကြီးထွက်တော်မူရာ ခင်းကျင်းသည့် စာတမ်းစာရင်းပုံများက ကူးယူရေးသည့်စက္ကူပုံ" ဟုပါရှိပါသည်။

ဤထွက်တော်မူကြီး ပုရပိုက်တွင် ရတနာပုံခေတ် ဆင်ယင်ထုံးဖွဲ့မှုအပါအဝင် မင်းခမ်းမင်းနားနှင့် အမှုထမ်းအရာထမ်းများအား သရုပ်ဖော်ပုံကို အသေးစိတ်တွေ့မြင်ရသည်သာမက ကျွမ်းအဖွဲ့ဝိုင်းနှင့် အကအဖွဲ့များကိုလည်း တွေ့ရသည်။ မြန်မာပန်းချီဆရာများသည် ပန်းချီကားပေါ်တွင် လက်မှတ်ရေးထိုးလေ့မရှိသဖြင့် သူ့သူ့လက်ရာဟုမဆိုနိုင်ပေ။ ရှေးဟောင်းပုရပိုက်စာရင်း အပါအဝင် ဆေးရေးရုပ်၊ မင်းခမ်း မင်းနားပုံစံများရေးထားသော ပုရပိုက်တို့မှာ မြန်မာမှုအတွက် အဖိုးတန်လှသည်။ ယင်းတို့အနက် ကခုမန္တလေးမြို့စာကြည့်တိုက်နှင့် ပြတိုက်ရှိ "ရတနာပူရ အမရပူရ မြို့ တိုက်တန်း တင်းကုပ်တော်ပုံ" "မန္တလေးတက္ကသိုလ်ပြတိုက်ရှိ ရတနာအမရပူရ မြို့နန်းတော်ပုံ" မင်းမြောက်တန်ဆာငါးပါးပုံ၊ ဘုံတော်ဖောင်တော်ပုံ၊ ဆံထုံးထုံးနည်း ၅၅ မျိုးပုံ၊ ဆင်ကြေး ကြင်းကျန်စသည်တို့မှာ မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ အသုံးဝင်ရှိလှပေသည်။ ရှာဖွေမတွေ့ရသော "စော်ဘွားမြို့စား မှူးမတ်

www.burmeseclassic.com




အထောက်အထား တန်ဖိုးကြီးမားလျက်ရှိပါသည်။ ထွက်တော်ခန်းပုရပိုက် ပထမစာကြောင်းတွင် "သက္ကရာဇ် ၁၂၂၇ ခု၊ ကဆုန်ပြည့်ကျော် ၇ ရက်နေ့ ပတ္တမြားတောင်၊ စကျင်တောင်တော်မှားက ပင့်ရောက်သည်။ ကျောက်တော်ကြီး ဘုရားသို့ အထုအလုပ် မျက်နှာတော်ဖွင့် အဖူးအမြော် ထွက်တော်မူသည်ကို မန္တာဘက်၊ ခေတ်ဘက်စစ်အင်္ဂါ ၄ ပါး ရှေ့ ၆ တပ်၊ နောက် ၆ တပ်ခန်းကြီးနားကြီးထွက်တော်မူရာ ခင်းကျင်းသည့် စာတမ်းစာရင်းပုံများက ကူးယူရေးသည့်စက္ကူပုံ" ဟုပါရှိပါသည်။

ဤထွက်တော်မူကြီး ပုရပိုက်တွင် ရတနာပုံခေတ် ဆင်ယင်ထုံးဖွဲ့မှုအပါအဝင် မင်းခမ်းမင်းနားနှင့် အမှုထမ်းအရာထမ်းများအား သရုပ်ဖော်ပုံကို အသေးစိတ်တွေ့မြင်ရသည်သာမက ကျွမ်းအဖွဲ့တိုင်းနှင့် အကအဖွဲ့များကိုလည်း တွေ့ရသည်။ မြန်မာပန်းချီဆရာများသည် ပန်းချီကားပေါ်တွင် လက်မှတ်ရေးထိုးလေ့မရှိသဖြင့် မည်သူ့လက်ရာဟုမဆိုနိုင်ပေ။ရှေးဟောင်းပုရပိုက်စာရင်း အပါအဝင် ဆေးရေးရုပ်၊ မင်းခမ်း မင်းနားပုံစံများရေးထားသော ပုရပိုက်တို့မှာ မြန်မာမှုအတွက် အဖိုးတန်လှသည်။ ယင်းတို့အနက် မန္တလေးမြို့စာကြည့်တိုက်နှင့် ပြတိုက်ရှိ "ရတနာပူရ အမရပူရ တိုက်တန်း တင်းကုပ်တော်ပုံ" "မန္တလေးတက္ကသိုလ်ပြတိုက်ရှိ အမရပူရ မြို့နန်းတော်ပုံ" မင်းမြောက်တန်ဆာငါးပါးပုံ၊ ရှုတော်ဖောင်တော်ပုံ၊ ဆံထုံးထုံးနည်း ၅၅ မျိုးပုံ၊ ဆင်ကြွင်းကျန်စသည်တို့မှာ မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ အသုံးဝင်ရှိလှပေသည်။ ရှာဖွေမတွေ့ရသော "စော်ဘွားမြို့စား မှူးမတ်

www.burmeseclassic.com





ပါတော်မူခန်း
ဆရာချို
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






လယ်ထွန်မင်္ဂလာ၊ ဆရာချို၊ ၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






နန်းတွင်းညီလာခံ၊ ဆရာချို
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





မင်းတုန်းမင်း ထွက်တော်မူကြီးပုံ
(ပုရပိုက်မှ)

www.burmeseclassic.com

www.burmeseclassic.com





ဘုရားဖူးများ ရှုခင်း
တောင်သမန် ကျောက်တော်ကြီးဘုရား၊ အမရပူရ။

www.burmeseclassic.com

www.burmeseclassic.com





မြင်းခင်းသဘင်
ဥပုသ်ဆောင်၊ နန်းမြို့တွင်း၊ မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပေးဆောင်သော အိမ်ပုံ” “မြန်မာ့နိုင်ငံတော်မြေပုံ” စသည့် အခြားပုရပိုက်ပန်းချီတို့လည်း ကျန်ရှိပေသေးသည်။ မြန်မာနိုင်ငံ သုတေသနဂျာနယ်အတွဲ(၄၄)၌လည်း ဦးမောင်မောင်တင် ပေးပို့ ခဲ့သော ပုရပိုက်ပေါ် ရေးဆွဲထားသည့် မြန်မာကောက်ကြောင်း ပန်းချီပုံစံ (၁၈) မှု (Burmese Line Skietches) နှင့် (C.A. Gordon) ၏ (Ourtrip To Burmah) စာအုပ်မှ ထုတ်နုတ် ထားသည့် ဆေးရောင်စုံပန်းချီ ရုပ်ပုံ (၆) ခုကို ဖော်ပြပါ ရှိပါသည်။ ယင်းပုံများကို ကြည့်ခြင်းအားဖြင့် ရှေးရိုးမြန်မာ ပန်းချီလက်ရာ များကို လေ့လာအကဲခတ်နိုင်သည်။ ရှေးမြန်မာ ဆင်ယင်ထုံးဖွဲ့မှု အကြောင်းကို မှတ်သားနိုင်သည်။ စင်စစ်မြန်မာ့ ပန်းချီအကြောင်း ကို စုပေါင်းလေ့လာရာတွင် ဤပုရပိုက်များကိုလည်း ချန်လှပ်၍ မရပါချေ။

ပုရပိုက်ပန်းချီသည် ကုန်းဘောင်ခေတ်ပန်းချီသမိုင်းတွင် ဆရာဇော်ဂျီ၏ အဆိုအမိန့်အရ စက္ကူလုပ်သော အတတ်ပညာ နှင့်အတူ ထွန်းသစ်လာသော ပန်းချီရေးနည်းဟန်သစ်တစ်ခု ဖြစ်သည်။ ပါတော်မူပြီးနောက် ပုရပိုက်ပန်းချီ အများအပြား တိုင်းတစ်ပါးသို့ရောက်ကုန်ကြပါသည်။ ယခုအခါ အမျိုးသား စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ ရှေးဟောင်း သုတေသနဦးစီးဌာန၊ မန္တလေးတက္ကသိုလ်ပြတိုက်၊ မန္တလေးပြတိုက်၊ ပုဂ္ဂလိကဝါသနာရှင်များနှင့် ဘုန်းတော်ကြီးကျောင်းအချို့တွင် သိမ်းဆည်းထားကြပါသည်။ မုံရွာသို့ သုတေသနခရီး ကွင်းဆင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့စဉ်က မုံရွာ၊ မုံရွေး ဇေတဝန်ကျောင်းတွင် ထူးခြားသော ပုရပိုက်တစ်ဆူကို တွေ့ခဲ့ရပါသည်။

ပုရပိုက်အဖွင့်တွင် မှတ်တမ်းကမ္ပည်းတစ်ခုကိုလည်း တွေ့ပါသည်။ "ဤဗုဒ္ဓဝင်ရုပ်ပုံတော် ပုရပိုက်ကြီးသည်ကား ကျေးဇူးတော်ရှင် အရိယာဝံသအာဒိစ္စရသီမဟာထေရ်မြတ် မုံရွေးမြို့ ဒုတိယ မဟာဝန်ဆရာတော်ဘုရားကြီးသည် သက်တော် ၂၉ နှစ်၊ သိက္ခာတော် ၉ ဝါ၊ အရ သက္ကရာဇ် ၁၁၅၂ ခုနှစ် အမရပူရနေပြည်တော်နန်းမြို့တော်အတွင်းရွှေနန်းတော်ဦး ငါးထပ်ရွှေကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် ကျောင်းဒါယကာ ဘိုးတော်မင်းတရားက လှူဒါန်းတော်မူသော ဗုဒ္ဓဝင်ရုပ်ပုံတော်ပုရပိုက်ကြီးဖြစ်သည်" ဟု ရေးထားပါသည်။

ယခုလက်ရှိ မုံရွေးဇေတဝန်တွင် သီတင်းသုံးနေတော်မူသော ဆရာတော်မှာ သတ္တမမြောက်ဇေတဝန်ဆရာတော် ဦးဇာနခမ္ဘဖြစ်၍ ဆရာတော် အဆက်ဆက် တယုတယ သိမ်းဆည်းခဲ့သော ယင်းပုရပိုက်ကြီးကို ဆက်လက်သိမ်းဆည်း ထားတော်မူပါသည်။ ပုရပိုက်ချပ်ရေ ၈၄ ချပ်၊ ၁၆၈ မျက်နှာရှိပါသည်။ ပုရပိုက်အစတွင် မြန်မာပန်းချီထုံးစံအရ နှစ်ကျိပ်ရှစ်ဆူဘုရားများထံ ဂေါတမအလောင်း ဗျာဒိတ်ခံယူပုံများပါရှိပြီး ဗုဒ္ဓဝင်ကို အခန်းပေါင်းများစွာ သရုပ်ဖော်ထားပါသည်။ ဇေတဝန်ဆရာတော်များ အဆက်ဆက် အထိန်းအသိမ်းကောင်း၍ ပုရပိုက်ကြီးမှာ ဆေးရောင်များ အတော်ပင်လတ်ဆတ် လျက်ရှိသေးကြောင်း တွေ့ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေရေးပန်းချီ

မြန်မာဆေးရေးပန်းချီနည်း စနစ်များအနက် ရွှေရေးပန်းချီ၊ ငွေရေးပန်းချီ၊ ယွန်းပန်းချီတို့လည်း ရှိသေးသည်။ ရွှေရေးပန်းချီကို မှန်စီရွှေချအလုပ်၌လည်း အကျုံးဝင်သည်ဟု ဆိုနိုင်ပေသည်။ ရွှေပန်းချီရေးပုံသဘောမှာ ပထမရွှေခံရည် သုတ်ထားသည့် အရာဝတ္ထုအပေါ် ဆေးဒန်းနှင့် တမာဆေးဖျော်ပြီး အရုပ်ရေးဆွဲပါသည်။ နောက်ရွှေပိန်းချပြီး ရေဆေးလိုက်ခြင်းဖြင့် အရုပ်များ ဖော်ယူသည်။ မြန်မာမင်းလက်ထက်အရှေ့ ရွှေပန်းချီနှင့် အနောက်ရွှေပန်းချီအမှုထမ်းများ ခန့်ထားပါသည်။ ယင်းအမှုထမ်းတို့သည် အတွင်းဝန်အမိန့်ဖြင့် နန်းကံကျေး ဝန်ဆင့်ဆိုရာနာခံပြီး နန်းတော်အတွင်းရှိ ရွှေရေးပန်းချီတို့ကို ပြင်ဆင်မွမ်းမံရပါသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် အရှေ့ရွှေပန်းချီ ၊ အနောက်ရွှေပန်းချီ အမှုထမ်း ၆၀ စီရှိသည်။ လစာတော်ငွေ တစ်လလျှင် ၃၉၄ ကျပ်စီ အသနားတော်မြတ်ခံကြရသည်။ ယခု မန္တလေးမဟာမြတ်မုနိဘုရားကြီးအတွင်း တိုင်ကြီးများ၌ ရွှေရေးပန်းချီပုံစံများ တွေ့ရသည်။ စစ်ကိုင်း တောင်ရိုး အနုရုဒ္ဓါချောင်အနီးရှိ 'ကျစွာကျောင်းဦး' ခေါ် ရွှေမုဋ္ဌောဘုရားတွင်လည်း အမရပူရခေတ်ဆိုင်ရာ ရွှေပန်းချီများကို တွေ့နိုင်ပေသည်။

ငွေပန်းချီမှာလည်း ရွှေပန်းချီကဲ့သို့ပင် ငွေချရုပ်လုံးဖော်ယူရသည်။

www.burmeseclassic.com


www.burmeseclassic.com


## ယွန်းပန်းချီ

ယွန်းပန်းချီမှာ ယိုးဒယားမြောက်ပိုင်း ယွန်းလူမျိုးတို့ထံမှ မွန်နှင့် မြန်မာတို့ကတစ်ဆင့် အတုယူတတ်မြောက်ခဲ့သော အတတ်ပညာဖြစ်သည်ဟု ဆိုပါသည်။ 'ပန်းယွန်းအတတ်' ဟုလည်းခေါ်သည်။ ယွန်းပန်းချီရေးရာတွင် ယွန်းထည်ပေါ်၌ ရုပ်ပုံမရေးဆွဲမီ အနားရေးမျဉ်းများကို အပ်နှင့်ပထမဆွဲရသည်။ ရောင်စုံယွန်းပန်းချီကို အနက်နှင့် အနီခံပေါ်တွင် ရေးခြယ်လေ့ရှိသည်။ အထူးသဖြင့် အနက်ခံပေါ်တွင် အနီ၊ အစိမ်း၊ အဝါနှင့် လိမ္မော်ရောင် အသုံးများသည်။ အနီခံအတွက် အနီရောင်မှတစ်ပါး၊ အခြားအရောင်တို့ကို အသုံးပြုသည်။ ဆေးမှာသစ်စေး၊ ဟင်္သပဒါး၊ ရွှေနီ၊ ဆေးဒန်း၊ မဲနယ်နှင့်ရှမ်းဆီ၊ ကညင်ဆီတို့ကို လိုသလိုရောစပ်ဖျော်ယူသည်။ ရွှေဇဝါ ရေးယွန်းထည်အတွက်မှာ ရွှေဆိုင်းကိုသုံးသည်။ ရွှေမချမီရုပ်ပုံများကို ပထမရေးဆွဲရသည်။ ရေးရာတွင် ရွှေချမည့်နေရာအတွက် ကလောင်တံနှင့် မင်နီကိုသုံးသည်။ ရွှေမထိစေလို သောနေရာအတွက်မူ တရုတ်စုတ်ကိုသုံးသည်။ ပုံများဆွဲပြီးလျှင် ရွှေခံရည်သုတ်ကာ ရွှေချရသည်။ ပန်းယွန်းပန်းချီများအနက် စစ်ကိုင်းတောင်ရိုး အနုရုဒ္ဓါချောင်ရှိ ဇနကဇာတ်တော်လာ ပန်းချီကားများမှာ ရှေးကျ၍ အကောင်းဆုံးဟုယူဆပါသည်။ ယနေ့ ယွန်းထည်ပန်းအိုး၊ စီးကရက်ဘူးစသည်တို့မှာလည်း ပန်းယွန်းပန်းချီ၏ တီထွင်ဆန်းသစ်မှုများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

စက်တော်ရာ
ကျောက်တော်ကြီးဘုရားနံရံမှ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





ပြည်သူပြည်သားများ ဆီမီးတစ်ထောင်ပူဇော်ပွဲ၊
ရွှေစည်းခုံသို့
ဝက်ကြီးအင်းပိဋကတ်တိုက်
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






ဝါးထရံယက် ဘုန်းကြီးကျောင်း၊
၁၉ ရာစုအေဒီ
တောင်သမံရွာ၊ အမရပူရ၊
ကျောက်တော်ကြီးဘုရား။

www.burmeseclassic.com

www.burmeseclassic.com





ပြည်သူတို့နေစဉ် ဘဝ၊ နွားလှည်းနှင့်
၁၉ ရာစုအေဒီ
ကျောက်တော်ကြီးဘုရား။

www.burmeseclassic.com

www.burmeseclassic.com





မြင်းလှည်း၊ ရထားလုံး
၁၉ ရာစုအေ ါ်
မဟာမုနိဘုရား

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ရွှေ ငွေ၊ ဆေးရေးပန်းချီ၊ ယွန်းပန်းချီ တို့အပြင် တရုတ်ပြည်မှ စတင်သည့် သစ်လိုးဆောက်ထွင်းပန်းချီလူ့အသားပေါ်တွင် ရေးထိုးသည့် ဆေးမင်ကြောင်တို့မှာလည်းမြန်မာပန်းချီပညာတွင် အသက်ဝင်နေသည်ဟုဆိုနိုင်ပေသည်။

ဘုရားကြီးနံရံပန်းချီ

ဤကဲ့သို့ မြန်မာ့ရှေးရိုးပန်းချီဟန်သည် ရှေးပုဂံခေတ်မှသည် မန္တလေးခေတ်တိုင်အောင် မူမပျက်လက်ခံ သုံးစွဲလာခဲ့ပါသည်။ မန္တလေးခေတ် အဆုံးဆိုရမည်ဖြစ်သော ပါတော်မူနှင့်ပါတော်မူခေတ် ၁၉ ရာစုနှစ်မှာလည်း ယင်းမူအတိုင်းပင် ဆက်လက်သုံးစွဲခဲ့ပါသည်။ ဤအကြောင်းကို ယခုမန္တလေး မဟာမုနိဘုရားကြီးအတွင်းရှိ နံရံဆေးရေးပန်းချီကားများက သက်သေပြနေသည်။ယင်းဆေးရေးကားရုပ်ပုံတို့မှာ မန္တလေး ရတနာပုံခေတ်ပျက်ပြီးမှရေးဆွဲသည်ဆိုလင့်ကစား ရှေးမူများ ဖုံးလွှမ်းနေသည်ကို ရှုမြင်ရပါသည်။

ထိုဆေးရေးကားများ ရေးဆွဲထားသည့်နေရာမှာ ဘုရားကြီးမြောက်မုခ်၊ အနောက်မုခ်နှင့် တောင်မုခ်အဝင် အပြင်တန်းနှင့်အတွင်းမုခ်ဦး လိုဏ်ဂူဝဲယာနှစ်ဘက်နံရံနှင့် အထက်မျက်နှာကြက်မျက်နှာပေါ်တို့တွင် တွေ့ရပါသည်။

မြောက်မုခ်တွင် မဟာဝင်နိပါတ်တော်လာ ဖြစ်စဉ်များကို 'က' မှ 'အ' အထိ အစဉ်လိုက်ရေးဆွဲထားပါသည်။ အခြား နတ်ဘာရာပုံ၊ လူပျံပုံ၊ ကကြိုးတန်ဆာဆင်ထားသောဆင် မြင်းပုံမြန်မာ

www.burmeseclassic.com

www.burmeseclassic.com



လေ့ထုံးတမ်းအလိုက် အလှူပွဲခံနေပုံစသည့် ပန်းချီကားများကို
လည်းတွေ့ရပါသည်။ ရာဟုဂြိုလ်၊ စနေဂြိုဟ်၊ သောကြာဂြိုဟ်
စသည့် တာရာနက္ခတ်တို့ကို သွားလမ်းနှင့်တကွ ဖော်ပြသည်၊
မိုးပြာရောင်အခံတွင် အဝါအနီစသည့် ရောင်စုံနှင့်ဖော်ထားသည့်
နက္ခတ်တာရာတို့၏ အမှတ်လက္ခဏာ တိရစ္ဆာန်ရုပ်များကို ရုပ်ပုံ
ပီသစွာ ရေးဆွဲထားပါသည်။ မြောက်မုခ်အတွင်းတန်းအရှေ့ဘက်မှ
မြောက်နံရံတွင် အလှူပွဲအတွက် ပဒေသာပင်ပို့နေပုံကို တွေ့ရ
သည်။ အလှူပဒေသာပင် အပို့သွားရာ၌ ရှေ့ဆုံးမှ စည်တော်ဝိုင်း
အပြင် ရှမ်းအိုးစည်ဝိုင်းတို့နှင့် တပျော်တပါး တီးမှုတ်ကခုန် သွားကြ
သည်။ ရှမ်းအိုးစည်ဝိုင်းတွင် ရှမ်းလူမျိုးများဟန်အတိုင်း ရှမ်းအိုး
စည်တစ်ခု၊ လင်းကွင်းတစ်ခု၊ မောင်းနှစ်လုံး၊ ကနေသည့် လူ
နှစ်ယောက်ပုံတို့ကို ဖော်ပြထားသည်။ လူမျိုးစုတိုင်းရင်းသား
ယဉ်ကျေးမှု သရုပ်ဖော်ချက်ပင်ဖြစ်သည်။ အရှေ့ဘက်နံရံပေါ်တွင်
မူ အလှူပွဲ၌ညည့်ခံကျွေးမွေးနေပုံ တွေ့ရသည်။ ကုလားထိုင်နှင့်
ထိုင်ကာ ကျား၊ မ ခွဲခြားအစားအသောက်သုံးဆောင်နေဟန်
ညည့်ကြိုက ညည့်ခံနေဟန်များတွေ့ရပါသည်။ တောင်ဘက်နံရံမှ
ရုပ်သေးစင်တော်ပုံမှာ ထူးခြားပါသည်။

အနောက်မုခ်အတွင်း တန်းနေရာတွင် ပွင့်ပြီးသော
နှစ်ကျိပ်ရှစ်ဆူဘုရားပုံတော်များ၊ ဇနက္ကဇာတ်တော်အကြောင်း
အရာများ၊ မျောက်မင်း ၁၀၊ ဆင်မင်း ၁၁၊ နွားမင်း ၁၄
ကျွဲမင်း ၈၊ ဝက်မင်း ၁၃၊ ဒေါင်းမင်း ၂၊ သာလိကာမင်း ၇၊ ကြက်မင်း
၁၂၊ ကြိုးကြာမင်း ၁၆၊ ဟင်္သာမင်း ၉၊ ခိုမင်း ၆၊ ကျေးမင်း ၃

www.burmeseclassic.com



ာရဝိတ်ငှက်မင်း ၅၊ ကိန္နရီမင်း ၄၊ ဇာမဏီမင်း ၁၅ စသည့် ဖြစ်တော်ပေါင်း ပုံပန်းချီလက်ရာများတွေ့ရသည်။ ငရဲခန်းဆိုင်ရာ ပုံများကိုလည်း ဆန်းကြယ်စွာရေးဆွဲထားသည်ကို တွေ့ရပါသည်။ အနောက်မုခ်အပြင်တန်းတွင် ဥုရုဝေလတော၊ မိဂဒါဝုန်တော ပုံများတွေ့ရသည်။ ယင်းရေးကွက်၌ မြတ်စွာဘုရား တရားဟောရာ တွင် နတ်ဗြဟ္မာတို့နှင့်အတူ လူများတရား တော်နာနေဟန်ပါသည်။ အနောက်ဘက်နံရံမှ ပလလဲဆင်မင်းနှင့် မျောက်မင်းတို့ ဘုရား သခင်ကို ပူဇော်နေဟန် ပန်းချီကားကိုလည်း တွေ့ရသည်။ တစ်နေရာ တွင် ရာမဇာတ်တော်ကြီးကို ထီးဖြူရုံထဲက ပြနေပုံမှာ ထူးပေသည်။ ရှေးခေတ်လှေသင်္ဘော ပုံများလည်းတွေ့ရသည်။ လှေမှာ တရုတ် ာပ်ကာ၍ ပေါင်းမိုးပါသည်။ အနောက်မုခ် အပြင်ဆုံးတန်း၌မူ ဒွဝင်ခန်းပန်းချီကား ကောင်းများတွေ့ရသည်။ မြတ်စွာဘုရား ားတော်မူခန်း၊ ပလ္လင်လုခန်း၊ သုဇာတာ၏ ယနာနို့ဆွမ်းလှူဟန် သည်တို့ပါဝင်သည်။ မြင်းမိုရ်တောင်နှင့် အာလိန်ငါးဆင့်ပုံ၊ ယ်ထွန်မင်္ဂလာစသည့် မင်းခမ်းမင်းနားဆိုင်ရာ ရုပ်ပုံများကို ည်း လက်ရာကောင်းကောင်းနှင့် ရေးဆွဲထားပေသည်။

တောင်မုခ်တွင်၌ကား နှစ်ကျိပ်ရှစ်ဆူ ဘုရားပုံတော်များ ကို နံရံလေးဘက်အထက်ပိုင်း၌ တစ်ဘက်လျှင် ခုနစ်ဆူကျ အကွက်ချရေးထားသည်။ ယင်းအောက်ပိုင်းတွင် အောင်ခြင်း ှစ်ပါးဆေးရေးကားများကို တစ်ဘက်နှစ်ခန်းကျစီ ဖွဲ့ရေးထား သည်။ “ရွှေပြည်စိုး” ဝတ္ထု၌ “အဖိုးမူဝံ” နှင့် ဇာတ်လိုက် “မောင်မောင်စိုး” တို့ကြည့်ရှုဝေဖန်ပြောဆိုခဲ့သော “ဗောဓိပင်နှင့်

www.burmeseclassic.com

www.burmeseclassic.com




ရွှေပလ္လင်လုခန်း" ပုံကိုလည်းတွေ့ရသည်။ တောင်ဘက်မုခ်
ထောင့်ချိုးများ၏ မြင်းမိုရ်ပိတ်ခေါ်သုံးထောင့်ပုံကွက်လပ်နံရံ များ၌
သီဟိုကျွန်းရှိ 'ပေါတပသာဒပြာသာဒ်' သုမနတောင်ထိပ်ရှိ ခြေတော်
ရာပုံ၊ မဟာစေတီပုံ၊ ဗုဒ္ဓဂယာရှိ မဟာဗောဓိပုံတော်များကို တွေ့
ပါသည်။ ဘုံခန်း၊ ငရဲခန်းတို့အပြင် ဝိဇယဇာတ် ပါဝိဇယမင်းသားကို
လင်္ကာဒီပကျွန်းသို့ ဖောင်တော်နှင့်တင်ပို့နေပုံစသည့် ဇာတ်နိပါတ်
တော်ဆိုင်ရာ ပန်းချီကားများလည်း တွေ့ရသည်။ ဇာတ်နိပါတ်
ပုံများအောက်တွင် ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုနှင့်ဆိုင်
သောပုံများ သီးခြားဖော်ပြထားပါသည်။ တစ်နေရာ၌ ပွဲကြည့်ဆောင်
တွင် ပွဲကြည့်နေဟန်ပန်းချီကားမှာ ထူးခြားသည်။ အခြားသော
တရုတ်၊ ကုလားလူမျိုး များနှင့်ရှမ်း၊ ပလောင်၊ တောင်သူစသည်
လူမျိုးစုပုံများကိုတွေ့ မြင်ရပါသည်။ မြန်မာယဉ်ကျေးမှု သရုပ်
ဖော်ချက်ပင်ဖြစ်သည်။ ထိုမှတစ်ပါး ဗီရိုလှည်း၊ တစ်ကောင်ဆ
မြင်းရထားစသည့် ပုံများလည်းပါဝင်သည်။ မြန်မာမီးရထား
ပေါ်စခေတ်ကို တင်ပြထားသည့်ပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။
မြန်မာနိုင်ငံ မီးရထားမှာ ၁၂၃၉ ခု၊ ကဆုန်လဆုတ် ၅ ရက် (၁၈၇
ခု၊ မေလ ၁ ရက်နေ့က ဖွင့်လှစ်ခဲ့သော်လည်း မန္တလေးသို့ ပါတော်
မူပြီးခေတ် ၁၂၅၀ ခု၊ တပေါင်းလဆန်း ၁ ရက်၊ ၁၈၈၉ခု၊ မတ်
၁ ရက်) နေ့ကျမှ ရောက်လာသည်ဟု သိရသည်။ ထို့ကြောင့်
ဘုရားကြီးနံရံ ပန်းချီ မီးရထားပုံကိုကြည့်၍ ဤဘုရားကြီး
ပန်းချီခေတ်ကို ခန့်မှန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






မီးသဘော် ဧရာဝတီမြစ်အတွင်း
ဘုရားကြီးနံ့ရံပန်းချီ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






ဘုရားကြီးနံရံပန်းချီမှ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com






ဘုရားကြီးနံရံပန်းချီမှ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





မီးရထား
ဘုရားကြီးနံရံပန်းချီမှ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com





နွားလှည်း
ဘုရားကြီးနံရံပန်းချီမှ
၁၉ ရာစုအေဒီ

www.burmeseclassic.com

www.burmeseclassic.com



**ဘုရားကြီးပန်းချီသုံးသပ်ချက်**

ဘုရားကြီးဆေးရေးပန်းချီကားများကို ခြုံကြည့်လျှင် လက်ရာအဆင့်မြင့်ကြောင်းတွေ့ရပါသည်။ ရှေးမူနှင့် ဆွဲထားလင့်ကစား ခေတ်အယူအဆလည်းပါသည်။ အဝေးအနီးသဘောနှင့် ဆေးရောင်စုံများ တိုးတက်မှုရှိလာပါသည်။ အနုစိတ်မှုန်းချက်ကလေးများတွင် အသက်ဝင်မှုရှိသည်။ နေရာအလိုက် တည်ငြိမ်မှု ခန့်ညားမှု၊ လှုပ်ရှားမှုတို့ပါ၍ ပန်းချီရသနှင့် ပြည့်ဝသည်။ ပန်းချီဖွဲ့စည်းမှု အားလည်းကောင်းနေပေပြီ။ ကွယ်လွန်သူ ပန်းချီဆရာကြီးဦးစောမောင်က ဤဆေးရေးကားများသည် ၁၂၆၉ (၁၉၀၇) ခုနှစ်ပတ်ဝန်းကျင်လောက်က ရေးဆွဲခဲ့သည်။ ဦးစောမောင်ရှစ်နှစ်သားအရွယ်လောက်က ဖခင်ဖြစ်သူ ဆရာအေးရေးဆွဲသော ပန်းချီလက်ရာအချို့ ပါဝင်သည်ဟု ဆိုပါသည်။ စင်စစ် ဤပန်းချီကားများသည် ရတနာပုံခေတ် နောက်ဆက်တွဲနှင့် ဆိုင်နေသော်လည်း ခေတ်သစ်အနောက်ပိုင်း ပန်းချီအဖြစ် တိုးတက်ပြောင်းလဲဖို့ရာ တာစူနေသည့် သဘောတွေ့ရပါသည်။ မြန်မာပန်းချီလောကအတွက်သာမက မြန်မာ့ယဉ်ကျေးမှုရေးရာအတွက်ပါ ဗဟုသုတရယူစရာများ ဖြစ်ပါသည်။ မပျောက်ပျက်အောင် ဆက်လက်စောင့်ရှောက်ထိန်းသိမ်းသွားရန် အရေးကြီးလှပါသည်။ ယခုအခါ အချို့နေရာများ၌ ဘုရားဈေးဆိုင်ခန်းတို့ ဖုံးကွယ်ပိတ်ဆို့မှု၊ အုတ်နံရံကွာကျ ပျက်စီးမှုတို့ကြောင့် ချို့ယွင်းပျောက်ပျက်နေသည်မှာ နှမြောစရာအဖြစ် တွေ့မြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးပန်းချီလက်ရာများသည် ရတနာပုံခေတ်နောက်ဆက်တွဲ ပန်းချီကားများသာဖြစ်ပါသည်။ မဟာမုနိစောင်းတန်းများမှာ သီပေါမင်းမပါမီ ၂ နှစ်၊ ၁၈၈၃ ခုနှစ်က မီးသင့်ပျက်စီးသဖြင့် အသစ်ထပ်မံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် နံရံပန်းချီအားလုံးမှာ ရတနာပုံခေတ်လက်ရာများချည်းမဟုတ်ပေ။ သို့သော် မြန်မာပန်းချီ ရေးနည်းရေးဟန်ကို ထိန်းသိမ်း၍ မျက်မှောက်ရှုခင်းများ ဇာတ်တော်များကို သရုပ်ဖော်ထားခြင်းဖြစ်ရာ အနောက်တိုင်း ပန်းချီမထွန်းကားမီ 'နောက်ဆုံးမြန်မာပန်းချီမှု' များအဖြစ် လေ့လာရန် အသုံးဝင်လှပါသည်။

## နံပါတ်တော်ပန်းချီ

ရှေးဦးစွာ မြန်မာပန်းချီဆရာများသည် ဘာသာရေးနှင့်စပ်ဆိုင်သော ပန်းချီပုံတို့ကို အရေးများကြပါသည်။ ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် နံပါတ်တော်လာ ဇာတ်ထုပ်များနှင့် ဗုဒ္ဓဝင် မဟာဝင်များကို အသားပေးရေးဆွဲလေ့ရှိကြပါသည်။ ရေးဆွဲသောနေရာများမှာ ဘုရား၊ ကျောင်းကန်၊ တန်ဆောင်း၊ ပြာသာဒ်၊ ဇရပ်၊ ကျောင်းဆောင်များဖြစ်ကြပါသည်။ ဘုရားတန်ဆောင်းများအား မျက်စိပသာဒဖြစ်စေရန် မွမ်းမံသည့်အနေဖြင့်လည်းကောင်း၊ အရပ်ရပ်မှ ဘုရားဖူး ဥပုသ်စောင့် ရောက်လာသမျှ ကလေးလူကြီးများ ခရီးသွားဟန်လွှဲ ဗဟုသုတရစေရန်နှင့် သင်ခန်းစာရစေရန်

www.burmeseclassic.com

www.burmeseclassic.com



ရည်သန်၍ စာအုပ်တစ်အုပ်ဖတ်နေရမည့်အစား ပန်းချီကား တစ်ချပ်နှင့် ဘုရားဟော ငါးရာငါးဆယ်နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့ ဗုဒ္ဓဝင်၊ မဟာဝင်ရာဇဝင်သမိုင်း စသည်များကို သဘောပေါက် မှတ်မိသွားနိုင်စေရန် ပန်းချီဆရာများနှင့် အလှူရှင်များ ဂေါပကအဖွဲ့ဝင်လူကြီးများက စေတနာထား စီစဉ်ခဲ့ခြင်းဖြစ် လေသည်။

ပုဂံခေတ်မှစ၍ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တိုင် ဂူဘုရားနံရံတွင်လည်းကောင်း၊ ပုရပိုက်ပေါ်တွင်လည်းကောင်း၊ ပိတ်ကားပေါ်တွင်လည်းကောင်း ရေးဆွဲခဲ့ကြပါသည်။ သီပေါမင်း ပါတော်မူပြီးနောက် နိပါတ်တော် ပန်းချီကားများကို သွပ်ပြား ပေါ်တွင် ရေးဆွဲသောခလေ့ ထွန်းကားလာပါသည်။ ထို့ကြောင့် မြန်မာပန်းချီသမိုင်းတွင် နိပါတ်ပန်းချီကဏ္ဍ ထင်ရှားလာပြီး နိပါတ်တော်ရေးပန်းချီဆရာ အုပ်စုတစ်စုလည်း ပေါ်ထွက်လာ ခဲ့ပါသည်။ နိပါတ်ပန်းချီကားများကို သစ်သားဘောင်ခတ်ထား သော ၆ ပေ × ၃ ပေ၊ ၇ ပေ × ၃ ပေ၊ ၈ ပေ × ၃ ပေ အရွယ် သွပ်ပြားပေါ်တွင် ဆီဆေးရောင်စုံဖြင့် ရေးဆွဲကြပါသည်။ ပရိသတ်အကြိုက် အရောင်တောက်တောက် ရေးဆွဲကြရာ သဘာဝပန်းချီနှင့် ရေးနည်းရေးဟန်များ ကွာခြားလှပါသည်။ သစ်ပင်ဆိုလည်းစိမ်းမှ၊ ကောင်းကင်ဆိုလည်းပြာမှ ကြည့်သူကို ထင်းခနဲမြင်သာအောင် ရေးဆွဲရသော ပန်းချီစနစ် ဖြစ်ပါသည်။

နိပါတ်တော် ပန်းချီကားတစ်ခုစီ၏ အောက်ခြေတွင် ဇာတ်တော်အကြောင်းအရာကို ဖော်ပြသောပုံစာများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြလေ့ရှိပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်လောက်က စ၍၊ မန္တလေးမြို့ရှိ ဘုရားပုထိုးစောင်းတန်းများ ကျောင်းဇရပ်များတွင် ပန်းချီဆရာစုံ နိပါတ်တော်ကားများကို တွေ့ရသည်။ နောင်သောအခါမှ အောက်ပြည်အောက်ရွာသို့ပျံ့နှံ့ခဲ့ခြင်းဖြစ်လေသည်။ နိပါတ်တော်ပန်းချီကားများ ရေးဆွဲမွမ်းမံရန်နှင့် နိပါတ်ပန်းချီဆရာကျော်များမွေးထုတ်ရန် အားပေးအားမြှောက်ပြုခဲ့သူမှာ မန္တလေးတောင်ရသေ့ကြီးဦးခန္တီဖြစ်လေသည်။ ထိုစဉ် မန္တလေးတောင်၊ ရန်ကင်းတောင်၊ စစ်ကိုင်းတောင်၊ အောက်ရွှေစက်တော်၊ ပဲခူးရွှေဟသ်ာအစရှိသော အာရုံခံတန်ဆောင်းပြာသာဒ်ဇရပ်များတွင် နိပါတ်ပန်းချီကားများဖြင့် စတင်၍ မွမ်းမံချိတ်ဆွဲလျက်ရှိကြသည်။ ရသေ့ကိုယ်တော်ကြီးအနေဖြင့်လည်း မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များတွင် မင်းတုန်းမင်း တရားကြီး ပဉ္စသင်္ဂါယနာတင် အခမ်းအနားကျင်းပပုံနှင့် ငါးရာ့ငါးဆယ်နိပါတ်တော်များ ရေးခြယ်မွမ်းမံချင်သည်။ ကုသိုလ်တော်ဘုရား၊ စန္ဒမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ အာရုံခံတန်ဆောင်းများတွင်လည်း စကျင်တောင်က ကျောက်တော်ကြီးကို ပင့်ယူလာသော အခမ်းအနားနှင့် ဆယ့်နှစ်ရာသီ အလှူတော်ပွဲ အခမ်းအနား၊ နန်းတွင်းနန်းပြင် ထွက်တော်မူ၊ ဝင်တော်မူ၊ လွှတ်တော်စီရင်ပုံ၊ ဆင်ကျုံးတော်၊ ညီလာခံ၊ ဗိုလ်ရှုခံ၊ ကန်တော့ခံ၊ ဗုဒ္ဓါဘိသိက္ခ၊ ရာဇာဘိသေက၊ နန်းတော်သိမ်း၊ အိမ်တော်သိမ်း၊ ဆင်ဖြူတော်သိမ်း၊ ရွှေဘုံ နိဒါန်းပါအခမ်းအနားများစွာကိုလည်း နောင်အမှတ်အသားကျန်ရစ်စေရန် ဒူးနေရာ တော်နေရာ အရပ်အနေအဝတ်အစား၊

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်ခြားနားမှုကို စနစ်တကျ ဖော်ပြရေးသားထားလိုခဲ့သည်။ ထို့ကြောင့် ရသေ့ကိုယ်တော်ကြီးသည် ဖော်ပြပါပန်းချီ ကားမျိုး ရေးဆွဲနိုင်မည့်သူကို ရှာဖွေရာ ထိုစဉ်က ထင်ရှားကျော်ကြားလျက် ရှိသည့် အတူပုံရေး ဆရာအေး နိပါတ်တော်ရေး မန္တလေးဆရာအေး (၁၈၇၁-၁၉၃၁) ကို တွေ့သည်။ ရသေ့ကိုယ်တော်ကြီးသည် ဆရာအေး၏ လက်စလက်နကို သဘောကျသည်။ ထိုစဉ်က တခြားဆရာများ ရေးဆွဲသည့် ဇာတ်ဆန်ဆန် အရုပ်ဆန်ဆန် နိပါတ်ကားများကို မကြိုက်၊ နန်းဆန်ဆန် မှုမှန်မှန်ရေးဆွဲနိုင်မည့် နန်းတွင်း အဆက်အနွယ် ပန်းချီဆရာ ဆရာအေးကို အထူး နှစ်သက်ခဲ့သည်။

ထို့ကြောင့် ရသေ့ကိုယ်တော်ကြီးသည် ရေးခြယ်လိုသည့် ပန်းချီကားများအတွက် ထီးနန်းအဆောင်အယောင် အခမ်းအနား၊ ဇမှတ်အသား ရေးပုံရေးနည်းများ ညွှန်ကြားပြသ ပေးနိုင်သူ ဝက်မစွတ်ဝန်ထောက်မင်းထံ ဆရာအေးကို ခေါ်ဆောင်သွားပြီး ဦးဟန်နန်းဟန် ရေးပုံရေးနည်းများကို သင်ကြားပြသပေးရန် မေတ္တာရပ်ခံလေသည်။ ရာဇဘိသိက်ခံစသော အခမ်းအနားများကို ရေးဆွဲရာတွင် ရှင်ဘုရင်ကအစ နန်းတော်လှေကားဝက စောင့်နေသာ စစ်သားလေးအထိ အဝတ်အစား အချိုးအစားမှု မမှားရလေအောင် ဝက်မစွတ်ဝန်မင်းက ပြသပေးခဲ့သည်။

နိပါတ်တော်ရေး ပန်းချီကျော်ဆရာအေးကား ရသေ့ ကိုယ်တော်ကြီးနှင့် ဝက်မစွတ်မြို့စားတို့ကို တွေ့ရသဖြင့် ကံကောင်းသော ပန်းချီဆရာတစ်ဦးဖြစ်ခဲ့သည်။ နောင်သောအခါ ထီးမှုနန်း

www.burmeseclassic.com



ရာတွင် ဆရာအေးလောက် ကျနမှန်ကန်စွာ ရေးစွမ်းနိုင်သူမရှိခဲ့။ နိပါတ်တော်ရေး ဆရာအေးကား အလက်ာကျော်စွာ ပန်းချီဆရာကြီးဦးစောမောင် (မန္တလေး) ၏ ဖခင်ဖြစ်လေသည်။ ဦးစောမောင်လည်း ဖခင်ထံမှ ပညာအမွေရကာ နိပါတ်ကားများ ရေးဆွဲရာတွင် ထင်ရှားကျော်ကြားသည်။ ဖခင်၏ လုပ်ငန်းကို ဝင်ကူနိုင်သည်။ ဆရာအေးမျက်နှာလွှဲနိုင်သည်။ ထို့ကြောင့် ဆရာအေးရေးဆွဲသော ဗုဒ္ဓဝင်ဇာတ်နိပါတ်ကားများအောက်တွင် ဆရာအေးနှင့်သားများ ဟု လက်မှတ်ရေးထိုးလေ့ရှိသည်။ ဆရာအေး၏ တပည့်များအနက် ပန်းချီဆရာကြီး ဦးချစ်မြသည် နောင်သောအခါ နိပါတ်ပန်းချီအရာတွင် ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီးတစ်ဦး ဖြစ်လာသည်။ ဆရာအေး၏ နိပါတ်ကားများကို အောက်မြန်မာပြည်ကပါ မှာကြားရေးဆွဲခဲ့ကြသည်။ မြင်းခြံ၊ ပုသိမ်၊ ကျောင်းကုန်း၊ မော်လမြိုင်စသော အရပ်ဒေသများကပင် လာရောက်အလုပ်အပ်နှံကြသည်။

ဆရာအေးနှင့် ရင်းနှီးခင်မင်သောပန်းချီဆရာများမှာ ဦးမောင်မောင်ကြီး၊ ပန်းချီဆရာကြီးဦးထွန်းလှ၊ ကြည့်မြင်တိုင်မှ ဇာတ်ကား အရေးကောင်းသူ ဆရာငယ်၊ ပန်းချီဆရာကြီး ဦးဘအုန်းနှင့် လန်ဒန်အတ်ဦးအုန်းမောင်တို့ ဖြစ်ကြပါသည်။ ကွယ်လွန်သူ အလက်ာကျော်စွာ ပန်းချီဆရာကြီးဦးငွေကိုင်မှာ ဆရာအေးနှင့် လူချင်းရင်းနှီးသူမဟုတ်သော်လည်း ဆရာအေးကို လေးစားကြည်ညိုသူတစ်ဦးဖြစ်သည်။ "ဆရာအေးကြီးဟာ ဆေးကိုင်စိုတယ်၊ ဆရာအေးလွတ်လိုက်တဲ့စုတ်ချက်တိုင်းမှာ "လေ"

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်" ဟု ဆရာကြီး ဦးငွေကိုင်က မှတ်ချက်ချ ချီးကျူးဖူးပါသည်။ ဘိလပ်ပြန်ဆရာကြီး ဦးဘညာဏ်ကမူ ဆရာအေး၏ လက်ရာများသည် အနောက်နိုင်ငံများမှာ ဆိုရပါက "အာရ်အေ" ရနိုင်သည့် အဆင့်တွင် ရှိသည်ဟုဆိုဖူးသည်။

ဆရာအေးနှင့်ခေတ်ပြိုင် နိပါတ်ကားရေးဆရာများမှာ ရဟိုင်းဈေးကြီး ဆရာစော၊ တောင်မြို့က ဆရာသောင်၊ တောင်ရွာသစ်က ဆရာမြကြီးတို့ ဖြစ်ကြသည်။ ဆရာချို၊ ဆရာပုံတို့ နှစ်ဦးတွဲ၍ နာမည်ကြီးခဲ့သလို ဆရာအေးနှင့် ဆရာမြကြီးတို့ နှစ်ဦးသည်လည်း တွဲ၍ နာမည်ကျော်ခဲ့သည်။ နိပါတ်တော်ရေး ဆရာအေး "အတူပုံရေးဆရာအေး" ဟူသော အမည်မှာ ကာရန်အကိုက်ဖြစ်နေသောကြောင့် နိပါတ်တော်ကားကြည့် ပရိသတ်များ အထူးသတိထားမိကြသည်။

## နိဂုံး

"ဘုရားမတင် နတ်မဝင် လူတွင် ဆယ်ပွင့်ပန်း" ဟူသော ပန်းဆယ်ပွင့်ထဲမှ တစ်ပွင့်ဖြစ်သော ပန်းချီပညာနှင့်ပတ်သက်သည့် မြန်မာပန်းချီရေစီးကြောင်းကို လေ့လာကြည့်ရာ မြန်မာ ပန်းချီမှုသည် ပုဂံခေတ် ၁၁ ရာစုမှသည် ကုန်းဘောင်ခေတ် (ရတနာပုံခေတ်) ၁၉ ရာစုအထိ သက်တမ်းရှည်ကြာခဲ့ကြောင်း တွေ့ရပါသည်။ ပုဂံနှင့်ပင်းယခေတ်သည် နံရံပန်းချီများ အကြီးအကျယ် ဘွန်းကားသောခေတ်ဖြစ်ပြီး အင်းဝခေတ်ကား ပုရပိုက်ပန်းချီစတင် ဘွန်းကားသောခေတ်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင်မူ

www.burmeseclassic.com

www.burmeseclassic.com



နံရံနှင့်ပုရပိုက်များပေါ်တွင်သာမက ပိတ်၊ ပိုး၊ ဖဲ၊ စက္ကူစသည့် ဝတ္ထုပစ္စည်းများပေါ်တွင် ပန်းချီရေးခြယ်ကြလေပြီ။

မြန်မာပန်းချီရေစီးကြောင်းတစ်လျှောက်လုံး ဘာသာရေးနှင့်အတူ ထွန်းကားလာသော မြန်မာပန်းချီပညာသည် ထိုဘာသာ ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာကျမ်းဂန်ထွက် အနှစ်သာရများကို အနုပညာဖြင့် သရုပ်ဖော်၍ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ခေတ်အဆက်ဆက် ခေတ်ကြေးမုံများကိုလည်း မြင်တွေ့ရပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော အမျိုးသားဟန်ပန်းချီအလှကိုလည်း အထင်အရှား လေ့လာခွင့်ရပါသည်။ သို့သော် ၁၁ ရာစုမှ ၁၉ ရာစုအထိ တသွင်သွင် စီးဆင်းလာသော မြန်မာပန်းချီရေစီးကြောင်းကြီးကို စာမျက်နှာ အနည်းငယ်မျှဖြင့် လေ့လာခဲ့ရခြင်းဖြစ်ရာ ပြီးပြည့်စုံသော "မြန်မာ ပန်းချီရုပ်ပုံကားချပ်" အဖြစ် တွေ့ရမည်မဟုတ်ကြောင်း ဝန်ခံအပ်ပါသည်။

အနှစ် ၈၀၀ ကျော် ခရီးရှည်ကြီးတစ်လျှောက် မြန်မာပန်းချီ အတက်အကျ အတိုးအဆုတ် အပြောင်းအလဲများကိုလည်း သတိမူမိပါသည်။ ကုန်းဘောင်ခေတ် (ရတနာပုံခေတ်) ၁၉ ရာစုတွင် မြန်မာပန်းချီရေစီးကြောင်းထဲသို့ အနောက်ဥရောပ ပန်းချီအရောင်များ စီးဝင်ပေါင်းဆုံလာသည်ကိုလည်း အထင်အရှား တွေ့ရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကိုးစာရင်း

| | | |
|---|---|---|
| ၁။ | ကြည်ပန်း၊ မောင် | - ပုဂံခေတ် အဝတ်ပန်းချီ၊ ငွေတာရီ မဂ္ဂဇင်း၊ ၁၉၇၁၊ ဇန်နဝါရီလ။ |
| ၂။ | စိန်ထွန်း၊ ဦး | - ပြဒါးလင်းဂူနှင့် မနုဿဗေဒ အမြင်၊ တက္ကသိုလ်ပညာ ပဒေသာစာစောင် ၆ အပိုင်း (၁)၊ ၁၉၇၁၊ ဇန်နဝါရီ။ |
| ၃။ | ဇော်ဂျီ | - ပုဂံခေတ် ပန်းချီသဘော၊ ရှုမဝ၊ အတွဲ (၅)၊ အမှတ် (၄၉) |
| ၄။ | ဇော်ဂျီ | - ပုဂံခေတ်ပန်းချီသဘော၊ ရှုမဝ၊ အတွဲ (၅)၊ အမှတ် (၅၀)။ |
| ၅။ | ဇော်ဂျီ | - ရသစာပေနိဒါန်း ၊ ကမ္ဘာ့ခေတ် စာပေ၊ မန္တလေး ၁၉၆၅ ခု။ |
| ၆။ | ဇော်ဂျီ | - ရှေးရိုးမြန်မာပန်းချီ၊ ရှုမဝ၊ အတွဲ (၄)၊ အမှတ် (၄၇)၊ အချပ်ပို ၉။ |
| ၇။ | တင်လှ၊ ဦး (တည်းဖြတ်) | - ရှေးဟောင်းလက်မှုပညာ ပေါင်းချုပ်ကျမ်း၊ သုတေသန အသင်း၊ စာစဉ်သစ် (၃)၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်။ |

www.burmeseclassic.com

www.burmeseclassic.com



<u>ကျမ်းကိုးစာရင်း</u>

| | | | |
|---|---|---|---|
| ၁။ | ကြည်ပန်း၊ မောင် | - | ပုဂံခေတ် အဝတ်ပန်းချီ၊ ငွေတာရီ မဂ္ဂဇင်း၊ ၁၉၇၁၊ ဇန်နဝါရီလ။ |
| ၂။ | စိန်ထွန်း၊ ဦး | - | ပြဒါးလင်းဂူနှင့် မနုဿဗေဒ အမြင်၊ တက္ကသိုလ်ပညာ ပဒေသာစာစောင် ၆ အပိုင်း (၁)၊ ၁၉၇၁၊ ဇန်နဝါရီ။ |
| ၃။ | ဇော်ဂျီ | - | ပုဂံခေတ် ပန်းချီသဘော၊ ရှုမဝ၊ အတွဲ (၅)၊ အမှတ် (၄၉) |
| ၄။ | ဇော်ဂျီ | - | ပုဂံခေတ်ပန်းချီသဘော၊ ရှုမဝ၊ အတွဲ (၅)၊ အမှတ် (၅၀)။ |
| ၅။ | ဇော်ဂျီ | - | ရသစာပေနိဒါန်း ၊ ကမ္ဘာ့ခေတ် စာပေ၊ မန္တလေး ၁၉၆၅ ခု။ |
| ၆။ | ဇော်ဂျီ | - | ရှေးရိုးမြန်မာပန်းချီ၊ ရှုမဝ၊ အတွဲ (၄)၊ အမှတ် (၄၇)၊ အချပ်ပို ၉။ |
| ၇။ | တင်လှ၊ ဦး (တည်းဖြတ်) | - | ရှေးဟောင်းလက်မှုပညာ ပေါင်းချုပ်ကျမ်း၊ သုတေသန အသင်း၊ စာစဉ်သစ် (၃)၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်။ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၈။ | နတ်မောက်ထွန်းရှိန် | - | မှတ်တမ်းပန်းချီကားများ၊ ငွေတာရီ မဂ္ဂဇင်း၊ ၁၉၈၁ခု၊ အောက်တိုဘာ။ |
| ၉။ | ပါမောက္ခ ဦးအေးမောင် | - | ပုဂံကျောက်စာလက်ရွေးစင်။ |
| ၁၀။ | ပေါ်သစ် | - | အလှုရှာတော်ပုံ၊ စံတော်ဝင်စာပေ၊ ရန်ကုန်၊ ၁၉၆၇ ခု။ |
| ၁၁။ | ဖိုးလတ်၊ ဦး | - | ပုဂံခေတ်ယဉ်ကျေးမှု၊ ယဉ်ကျေးမှုမဂ္ဂဇင်း၊ ၁၉၈၁ ခု၊ တွဲ-၃၊ အမှတ်-၆၊ ၁၉၆၀ ခု၊ ဇန်နဝါရီလ။ |
| ၁၂။ | ဖိုးလတ်၊ ဦး | - | မြန်မာဝေါဟာရအဖွင့်၊ ယဉ်ကျေးမှုမဂ္ဂဇင်း၊ တွဲ-၃၊ အမှတ်-၆၊ ၁၉၆၀ခု၊ ဇန်နဝါရီလ။ |
| ၁၃။ | မင်းနိုင်၊ ဦး | - | ကုန်းဘောင်ခေတ်နံရံပန်းချီ၊ ငွေတာရီမဂ္ဂဇင်း၊ ၁၉၈၂ ခု၊ အောက်တိုဘာ။ |
| ၁၄။ | မင်းနိုင်၊ ဦး | - | ပုဂံခေတ်ရှေးရိုးမြန်မာပန်းချီ၊ ငွေတာရီမဂ္ဂဇင်း၊ ၁၉၈၂ ခု၊ အောက်တိုဘာ။ |

www.burmeseclassic.com

www.burmeseclassic.com




၁၅။ မင်းနိုင်၊ ဦး - ရှေးမြန်မာနိုင်ငံသားတို့၏ ရိုးရာပန်းချီ၊ ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၆ ခု၊ အောက်တိုဘာ။

၁၆။ မင်းနိုင်၊ ဦး - ရှေးရိုးမြန်မာပန်းချီ၏ အဓိကမဏ္ဍိုင်၊ ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၆ ခု၊ နိုဝင်ဘာ။

၁၇။ မောင်ထင် - ရှေးရိုးပန်းချီနှင့်မှ ခေတ်စမ်းပန်းချီသို့၊ သစ္စာမဂ္ဂဇင်း၊ အမှတ်-၅၊ ၁၉၅၁ ခု၊ ဩဂုတ်လ။

၁၈။ မောင်မောင်တင်၊ဦး - ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၊ ပ၊ ဒု၊ တ တွဲ။

၁၉။ မောင်မြတ်စံ - ပန်းချီပညာပြန့်ပွားရေး၊ အနုပညာလောက။

၂၀။ မြမောင်၊ ဦး - ပြဒါးလင်းဂူနှင့် သတ္တဗေဒအမြင်၊ ပညာပဒေသာ စာစောင်၊ တွဲ ၆၊ အပိုင်း ၁၊ ၁၉၇၁ ခု။

၂၁။ - ရှေးရိုးမြန်မာပန်းချီ၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ရန်ကုန်၊ ၁၉၆၆ ခု။

၂၂။ - ရွှေနန်းသုံးဝေါဟာရ အဘိဓာန်။


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၃။ | | - မန်းရာပြည့် ပန်းချီမဂ္ဂဇင်း၊ ပန်းချီတိုးတက်ရေးအသင်း။ (မန္တလေး၊ ၁၉၅၉ ခု နိုဝင်ဘာလ) |
| ၂၄။ | ရွှေကိုင်းသား | - ပန်းချီအကြောင်းဆောင်းပါး များ၊ လူထုဂျာနယ်။ |
| ၂၅။ | ရွှေကိုင်းသား | - မြန်မာ့ပန်းချီဟန်များ၊ ရှုမ တွဲ - ၇၊ အမှတ်- ၈ဝ၊ ၁၉၇၈ ခု ဖေဖော်ဝါရီလ။ |
| ၂၆။ | လှိုင်ဝင်းဆွေ | - မြန်မာ့နံရံဆေးရေးပန်းချီ ငွေတာရီမဂ္ဂဇင်း။ |
| ၂၇။ | သန်းထွန်း ဒေါက်တာ | - မြန်မာ့အကြိုသမိုင်း၊ ပညာ ပဒေသာစာစောင်တွဲ - ၃ အမှတ်-၆၊ ၁၉၇၉ခု။ |
| ၂၈။ | | - ပန်းချီပန်းပုစာစောင်၊ မြန်မာ နိုင်ငံပန်းချီပန်းပုကောင်စီ ဌာနချုပ်၊ ၁၉၇၉ ခု။ |
| ၂၉။ | | - အခြေပြုနိုင်ငံရေးသမိုင်း ပထမ တွဲ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဗဟိုကော်မတီ ဌာနချုပ်၊ ၁၉၈၃ ခု။ |

www.burmeseclassic.com

www.burmeseclassic.com



၃၀။ Aung, Thaw, U - "Exploring Padha-lin caves" spectrum. Rangoon. Directorate of Information. 1969/ April.

၃၀။ Aung, Thaw, U - "The national Culture of the Padhalin caves," Burma research society meeting, 25.6.69.

၃၂။ De.Terra,Hellmut - "The Pleistocene of Burma" Transactions of the American Philosophical Society. Philade,the American Philosophical Society, Vol-11.

၃၃။ Lowery.J - Burmese Art. (V.A Museum), London, 1974.

၃၄။ Ohno Toru - Mural Paintings of the Buddhist Temples. Burma. Japan.

၃၅။ Rene Huyghe - Art and Manking/ Larousse Encyclopedia of Prehistoric and Ancient Art. Hamlyn, New-York.

၃၆။ Wenk, Klaus - Painting from Pagan of the late Period 18th Century

www.burmeseclassic.com

www.burmeseclassic.com




၃၇။ W.janson & - The Picture History of Painting, New York Dora Jane Janson 1961.

၃၈။ - World Journal of Prehistoric and Primitive Art, Italy, 1984, April.

၃၉။ Yule Henry - A Native of the mission sent by the Governor General of India to the Court of Ava in 1855, with notices of the country, Government and peoples, London, Smith, 1859.


**တွေ့ဆုံမေးမြန်းသူ**

- ဦးငွေစန်း - ပါမောက္ခ မြန်မာစာဌာန
- ဦးစိုးမြင့် - ပါမောက္ခ မြန်မာစာဌာန
- ဦးကြည်အောင် - ရှေးဟောင်းသုတေသန ဦး ဌာန နန်းရုံပန်းချီ ထိန်းသိမ်းရေ ပညာရှင်

ပစလ/၈၅၀/၀၃/စာပေ (စာတည်း)/၃၅၀၀ + ၅၀/အောင်

www.burmeseclassic.com